# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် (၁၂)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (14-1-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၅၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ မဲပေးခွင့်ရခြင်းက နိုင်ငံသားတစ်ဦးဖြစ်တဲ့ သင့်အတွက် အခွင့်အရေးတစ်ခုပါ။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားကျင်းပ

## နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အဖွင့်အမှာစကားပြောကြား

**လူငယ်များ၏ တက်ကြွသောစိတ်နှင့် လူကြီးများ၏ အတွေ့အကြုံပေါင်းစပ်ပြီး လုပ်ကိုင်ပါမှ တိုင်းပြည်ငြိမ်းချမ်း၍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်**

**နေပြည်တော် ဇန်နဝါရီ ၁၃**

"လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ (MICC-1)၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပြီး အဖွင့်အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ ☞



ရတနာပုံ
၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၄ ရက်
အယ်ဒီတာ့အာဘော်

# လူငယ်ငြိမ်းချမ်းရေးဖိုရမ်မှသည် ပိုမိုကောင်းမွန်သော အနာဂတ်နိုင်ငံဆီသို့

နိုင်ငံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ငြိမ်းချမ်းရေးသည် မရှိမဖြစ်လိုအပ်သည့်အရာဖြစ်သည်။ ထိုသို့ ငြိမ်းချမ်းရေးကို ပုံဖော်တည်ဆောက်ရာတွင် လူငယ်ကဏ္ဍသည် အလွန်အရေးပါသည်။ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် လူဦးရေ၏သုံးပုံတစ်ပုံသည် အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်းရှိ လူငယ်များဖြစ်သဖြင့် နိုင်ငံတည်ဆောက်ရေးနှင့် ငြိမ်းချမ်းရေးတွင် အရေးကြီးသည့် လူငယ်ကဏ္ဍကို ပုံဖော်နိုင်ရေး ဆောင်ရွက်ပေးရမည်ဖြစ်သည်။

အနာဂတ်ကာလ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးတွင် လူငယ်များတစ်ဖက်တစ်လမ်းမှ အထောက်အကူပြု ပူးပေါင်းပါဝင်လာစေရန် လမ်းကြောင်းများဖော်ထုတ်ပေးရန်လိုအပ်ပြီး မတူကွဲပြားသည့် တိုင်းရင်းသားမျိုးနွယ်စုများ၊ ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှုအသီးသီးမှ လူငယ်များ၊ နေရာ၊ ဒေသအသီးသီးမှ လူငယ်များ၊ လူမှုရေး၊ စီးပွားရေး နောက်ခံအမျိုးမျိုးမှ လူငယ်များအနေဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ငြိမ်းချမ်းရေးကို ပုံဖော်ရာတွင် အဓိပ္ပာယ်ပြည့်ဝသည့်အခန်းကဏ္ဍမှ ပါဝင်လာစေရန်၊ လူငယ်များ၏စွမ်းရည် မြှင့်တင်နိုင်စေရန်အတွက် လူငယ်ငြိမ်းချမ်းရေးဖိုရမ် - ၂၀၂၆ (Youth Peace Forum-2026)ကို "ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကိုမြှင့်တင်ပေး" ဟူသည့်ဆောင်ပုဒ်နှင့်အညီ ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်ထိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) ၌ ကျင်းပလျက်ရှိပြီး အဆိုပါဖိုရမ်တွင် လူငယ် ၃၅၀ ခန့် ပါဝင်ကြောင်း သိရသည်။

ငြိမ်းချမ်းရေးနှင့် လူငယ်ကဏ္ဍသည် အပြန်အလှန်ဆက်စပ်လျက်ရှိရာ လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်စေရန်လိုအပ်သကဲ့သို ငြိမ်းချမ်းသည့် လူ့ဘောင်အဖွဲ့အစည်း ခိုင်ခိုင်မာမာဖြစ်ပေါ်လာမှသာ လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုလည်း လိုက်ပါဖြစ်ထွန်းလာမည်ဖြစ်သည်။ လက်ရှိ နိုင်ငံတော်တွင် ဖြစ်ပေါ်နေသည့် ပဋိပက္ခများ၊ အမြင်ကွဲပြားမှုများ၊ မယုံကြည်မှုများ၊ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေးစိန်ခေါ်မှု အခြေအနေများ၊ နိုင်ငံတကာမှ ဖွက်ဖက်ဖိအားပေးမှုများ ရင်ဆိုင်နေရသည့်အခြေအနေတွင် နိုင်ငံတော်တစ်ဝန်းလုံးတွင်ရှိသည့် အလွှာအသီးသီးမှ လူငယ်များအပေါ် နက်ရှိုင်းစွာသက်ရောက်မှုများရှိနေပြီး ၎င်းတို့၏ လုံခြုံမှု၊ စိတ်ပိုင်းဆိုင်ရာခံစားချက်၊ ယုံကြည်ချက်၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများနှင့် အနာဂတ်မျှော်လင့်ချက်များအပေါ်တွင်လည်း အတားအဆီး၊ အဟန့်အတားတချို့ ဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်အတွင်း ပဋိပက္ခကို ဖြစ်ပေါ်စေသည့်အချက်များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် သက်ရောက်မှုများ၊ လူငယ်များ၏လုံခြုံရေးနှင့် အကာအကွယ်၊ ကျား၊ မ ကဏ္ဍအလိုက် မတူညီသောထိလွယ်ရှလွယ်သည့်အခြေအနေ၊ အားနည်းချက်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် နိုင်ငံသားများ ပူးပေါင်းပါဝင်နိုင်မှုအတွက် စိန်ခေါ်မှုများနှင့် ကျော်လွှားနိုင်မည့်နည်းလမ်းများ၊ စီးပွားရေးစိန်ခေါ်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းကိစ္စရပ်များ၊ ပညာဆက်လက်သင်ယူနိုင်ရေးနှင့် ပညာရေးအတွက် ကွာဟချက်များ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ဉာဏ်ရည်တုနည်းပညာ (AI)၊ ဆိုက်ဘာ (Cyber)၊ လူမှုကွန်ရက် (Social Media) များတွင် လူငယ်များ ပါဝင်ဦးဆောင်နိုင်သောအခြေအနေနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရေးတို့အတွက် လူငယ်များ၏ သဘောထားဆန္ဒအသံများကို လေ့လာဖော်ထုတ်၍ ဆက်လက်ဆောင်ရွက်မည့် လူငယ်လုပ်ငန်းစဉ်အစီအစဉ်များကို ရယူဖော်ထုတ်သွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ဆောက်ရေးတွင် ငြိမ်းချမ်းရေးသည် အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်နေပါသောကြောင့် အနာဂတ်မျိုးဆက်သစ်လူငယ်များအနေဖြင့် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်တို့ဖြင့် စည်းလုံးညီညွတ်စွာ အတူတကွစုပေါင်း၍ အနာဂတ်နိုင်ငံတော် ငြိမ်းချမ်းသာယာလှပရေးအတွက် ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းကြိုးပမ်း စွမ်းဆောင်ပေးကြပါရန် နှိုးဆော်တိုက်တွန်းရေးသားအပ်ပါသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် ပြင်ဦးလွင်မြို့ သုမင်္ဂလာ(ညံတော) ခေတ်မီဈေးသစ်ကြီး အောင်မြင်စွာဖွင့်လှစ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး



**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ သုမင်္ဂလာ (ညံတော) ခေတ်မီဈေးသစ်ကြီး အောင်မြင်စွာ ဖွင့်လှစ်နိုင်ရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သုမင်္ဂလာ (ညံတော) ခေတ်မီဈေးသစ်ကြီး အပေါ်ထပ်ရှိ မင်္ဂလာခန်းမတွင် လုပ်ငန်းကော်မတီဝင်များ ၊ ဌာနဆိုင်ရာများ၊ တည်ဆောက်ရေးကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သုမင်္ဂလာ (ညံတော) ခေတ်မီဈေးသစ်ကြီးကို စည်ကားသိုက်မြိုက်စွာဖြင့် အောင်မြင်စွာဖွင့်လှစ်နိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၁၄၅၄ ဒသမ ၄၄ သန်းဖြင့် ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှဆောင်ရွက်နေသည့် ပဒေသာမြို့သစ် ရပ်ကွက်ကြီး (၈) နှင့် (၁၀) ရှိ သိင်္ဂီလမ်းနှင့်ရတနာလမ်းတို့ကို မူလလမ်းအကျယ်မှ ၂၄ ပေအကျယ် လမ်းချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ ဂဲလောင်းချောင်းရေရှည်တည်တံ့ရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၆၉ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားရှိသည့် ဂဲလောင်းချောင်းဘေး ဝဲ၊ ယာ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြင်ဦးလွင်မြို့ ဘူတာအနီးရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) အ.လ.က(၁) သို့ရောက်ရှိပြီး ကျောင်းသား၊ ကျောင်းသူများ၊ လမ်းအသုံးပြုသူများ ယာဉ်အန္တရာယ် ကင်းရှင်းရေးအတွက် ကျောင်းဥပစာရှေ့တွင် ၁၀ ပေ အကျယ်ရှိ လူသွားပလက်ဖောင်း တည်ဆောက် သွားနိုင်ရန်နှင့် ပြင်ဦးလွင်ဘူတာအနီးရှိ အောင်ဇေယျလမ်းမကို ၄၈ ပေ အကျယ် တိုးချဲ့နိုင်ရန်အတွက် ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးကျေးရွာအုပ်စု မန္တလေး-ပြင်ဦးလွင် လမ်းအဆင်းမိုင်တိုင် ၂၃/၃ မှ ဗဟိုမီးသတ်သင်တန်းကျောင်းထိ သုံးမိုင်အရှည်ထိ မြေသားလမ်း အကျယ်ပေ ၁၀၀ အတွင်း ကတ္တရာလမ်း ၂၄ ပေအကျယ်ခင်းရန်အတွက် လမ်းအုကြောင်းဖောက်လုပ်ပြီးစီးနေမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ရေဦး ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၀၇၅၅ ကေစိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၅၇၈၆ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ရေဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲ ၂၀၇၅၅ ကေ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၂၅၇၈၆ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မတ်ပဲ စိုက်ပျိုးရာမှာလဲ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ခဲ့ပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေးတို့ကို အသိပညာပေးလျက်ရှိကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ဆက်လက်ပြောပြ၍ သိရသည်။

(၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဆွေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်းက ညှော့မထဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာလအတွင်း ဒီဘက်ကနေ ညှော့မထဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ မအူပင်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ညှော့မထဆန် အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်နေပါတယ်"ဟု မအူပင်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သန်းဆွေက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော့မထဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တိုင်းဒေသကြီးဝန်ကြီးချုပ် မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားတွင်ကျင်းပသော နှစ်သစ်ကူးအန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲအခမ်းအနားတက်ရောက်ပြီး ရွှေစာရံစေတီတော်မြတ်နှင့်သာသနိကအဆောက်အအုံများသို့ သွားရောက်ကြည့်ရှု



**မန္တလေး ဇန်နဝါရီ ၁၃**

မန္တလေးအောင်မြေသာစံမြို့နယ်ရှိ မဟာသကျမာရဇိန်ကျောက်ကြီးမြတ်စွာဘုရား အာရုံခံတန်စောင်းတွင် ၂၀၂၆ ခုနှစ် နှစ်သစ်ကူး အခါသမယရက်မြတ်တွင် အန္တရာယ်ကင်းပရိတ်ကြီး ၁၁ သုတ် ၃ ရက်၊ မဟာသမသုတ် ၇ သုတ် ၃ ရက် နှင့် ဥပ္ပါတသန္တိကျမ်းမြတ် ၅ ရက် ရွတ်ဖတ်ပူဇော်ခြင်း အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက ကျင်းပရာ မဟာသကျမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရားဂေါပကအဖွဲ့ ဩဝါဒါစရိယ၊ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်းဆရာတော် ဘဒ္ဒန္တပညာသီရိဘိဝံသ အမှူးပြု၍ ပင့်သံဃာတော်များ ကြွရောက်တော်မူပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဝတ်အသင်းများ၊ အလှူရှင်များနှင့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်းဆရာတော်ထံက ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ဆက်လက်၍ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်းဆရာတော်ထံ တိုင်းဒေသကြီးဝန်ကြီးချုပ်က နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းပြီးနောက် လှူဒါန်းမှုအစုစုအတွက် ဆရာတော်ထံက အနုမောဒနာနှင့် ရေစက်သွန်းတရား နာယူ ကြည်ညိုကြသည်။

ထို့နောက် မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရားဝတ်အသင်းမှ တရားနာပင့်ဖိတ်ထားသော နတ်၊ ဗြဟ္မာများအား ပြန်လည်ပို့သပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းခဲ့ကြောင်း၊ ဆွမ်း၊ ဆန်စိမ်းလောင်းလှူပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပြီး မဟာသကျမာရဇိန်ကျောက်တော်ကြီးမြတ်စွာဘုရား ဂေါပကအဖွဲ့ဩဝါဒါစရိယ၊ အောင်မြေသာစံမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ အရှေ့ခင်မကန်တိုက် ကထိန်တော်ကျောင်းဆရာတော် အမှူးပြု၍ဆရာတော်သံဃာတော် ၄၉ ပါးအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် နဝကမ္မဝတ္ထုငွေများ လောင်းလှူခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ အောင်မြေသာစံခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါပြီး မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပုသိမ်ကြီးမြို့နယ်ရှိ မူလအလှူရှင် စောမွန်လှတည်ထားခဲ့ပြီး အင်းဝမိုးညှင်း မင်းတရားကြီး ဆင်ဖြူရှင်မင်းနှင့် ရသေ့ကြီး ဦးခန္တီတို့ပြန်လည်မွမ်းမံတည်ထားခဲ့သည့် သမိုင်းဝင်သစ္စာအဓိဋ္ဌာန်အောင်ရွှေစာရံဘုရားသို့ သွားရောက် ဖူးမြော်ကြည့်ရှုခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရွှေစာရံမြတ်စွာဘုရားကို ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းများ ကပ်လှူခဲ့ကြပြီးနောက် ဂေါပကအဖွဲ့ထံသို့ အလှူငွေများ လှူဒါန်းခဲ့သည်။

ထို့နောက် မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရွှေစာရံစေတီတော် ထီးတော်နှင့် သာသနိကအဆောက်အအုံများ၊ ဖိုးကုလားဂူဘုရားတို့ကို ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများကို ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ရှေးမူမပျက်ဆောင်ရွက်ရန်၊ ဘုရား၊ စေတီများတွင်ရှိသည့် နံရံဆေးပန်းချီများကို ရှေးမူလက်ရာမပျက် ထိန်းသိမ်းနိုင်ရေးတို့ကို အလေးထားကာ စနစ်တကျကြပ်မတ်ဆောင်ရွက်ရေးတို့ကို မှာကြားပြီး ရှင်းလင်းတင်ပြများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**မင်းကင်း ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲစင်းငုံဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲစင်းငုံ ၂၂၇၂ ဧကထိစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲစင်းငုံစိုက်ခင်းများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၂၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မင်းကင်းမြို့နယ် မိုးသီးနှံ စိုက်ပျိုးရာသီမှာ ပဲစင်းငုံ ၂၂၇၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲစင်းငုံစိုက်ခင်းတွေ လက်ရှိမှာ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲစင်းငုံစိုက်ပျိုးရာမှာ အထွက်နှုန်း ကောင်းမွန်ဖို့လဲ ဆောင်ရွက်ပေးခဲ့ပါတယ်။ ပဲစင်းငုံကို သီးသန့်စိုက်ပျိုးကြသလို သီးထပ်သီးညှပ်အနေနဲ့လဲ စိုက်ပျိုးကြပါတယ်"ဟု မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

မင်းကင်းမြို့နယ်တွင် ပဲစင်းငုံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ် မှန်ကန်စေရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးအတွက် ကွင်းဆင်း အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲစင်းငုံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲစင်းငုံကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးခေါင်းပွပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးခေါင်းပွပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ငါးခေါင်းပွပိသာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးခေါင်းပွပိသာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါဒေသမှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွများ အပါအဝင် ဒေသရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဘိုကလေးမြို့နယ် ဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံး တင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်ယူမှုများနေလို့အရောင်းအဝယ်ကောင်းနေတာ ဖြစ်ပါတယ်။ လက်ရှိမှာလဲ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်က မှာယူမှုတွေရှိပါတယ်။ ဒါကြောင့် ငါးလုပ်ငန်းရဲ့နယ်ပယ် အသီးသီးကသူတွေ အလုပ်အကိုင် အဆင်ပြေနေပါတယ်"ဟု ဘိုကလေးမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ငါးခေါင်းပွ တစ်ပိသာလျှင် ငွေကျပ် ၁၆၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ငါးခေါင်းပွများ နေ့စဉ်တင်ပို့ရောင်းချလာရသည့်အတွက် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရွှေဆင်းတုအလှူ သတင်သည်အပယ်ငယ်ကျောက်စာ

မောင်သာ(ရွှေဟောင်းသုတေသန)

ပုဂံခေတ်တွင်ရေးထိုးခဲ့သည့် ကျောက်စာများတွင် ရွှေအတိပြီးသော ဘုရားဆင်းတုတော်လှူကြောင်း မှတ်တမ်းပြုထားသည့် အထင်ရှားဆုံး ကျောက်စာသည် ရာဇကုမာရ်ကျောက်စာဖြစ်သည်။

ခရစ်နှစ် ၁၁၁၃ ခုနှစ်တွင် ရေးထိုးခဲ့သည့် ရာဇကုမာရ် ကျောက်စာ၌ ကျန်စစ်သားမင်းကြီး၏ မိဖုရားဖြစ်သည့် တြိလောကဝဋံသကာဒေဝီ၏ သားတော် ရာဇကုမာရ်၏ လှူဒါန်းမှုများကို မှတ်တမ်းရေးထိုးထားသည်။ ကျန်စစ်သားသည် သက္ကရာဇ် ၄၄၆ ခုနှစ် (ခရစ်နှစ် ၁၀၈၄ ခုနှစ်)တွင် ပုဂံဘုရင်ဖြစ်လာပြီး ၂၈ နှစ်ကြာ ထီးနန်းစံခဲ့သည်။ ကျန်စစ်သားမင်းကြီးသည် နတ်ရွာမစံမီ သေအံ့မူးမူးအချိန်၌ ရာဇကုမာရ် မင်းသားက ရွှေဆင်းတုတစ်ဆူကို မင်းကြီးအားပေး၍ မင်းကြီးကိုယ်တိုင် ဘုရားသို့လှူဒါန်းစေခဲ့သည်။

ထို့နောက် ရာဇကုမာရ်မင်းသားသည် ပုဂံမြင်းကပါအရပ်၌ ရွှေအထွတ်ရှိသော ဂူဘုရားတစ်ဆူကိုတည်ကာ ရွှေအတိပြီးသည့် ဆင်းတုတော်ကို ဌာပနာကြောင်း ကျောက်စာရေးထိုးခဲ့သည်။ ထိုဂူဘုရားသည် မြစေတီအနီးရှိ ဂူပြောက်ကြီးဘုရားဖြစ်နိုင်ကြောင်း ပညာရှင်များက ယူဆကြသည်။

ပုဂံသမိုင်းတွင် ရွှေအတိပြီးသည့် ဘုရားဆင်းတုကိုလှူဒါန်းသည့်မှတ်တမ်းကို ရာဇကုမာရ်ကျောက်စာအပြင် အခြားကျောက်စာတစ်ချပ်၌လည်း တွေ့ရှိရသည်။ ထိုကျောက်စာသည် သတင်သည်အပယ်ငယ် ကျောက်စာဖြစ်သည်။

ထိုကျောက်စာကို ပထမဆုံး ရှာဖွေတွေ့ရှိခဲ့သည့်နေရာသည် ထင်ရှားခြင်းမရှိချေ။ သို့သော် ထိုကျောက်စာသည် ယခုအချိန်တွင် မန္တလေးနန်းတွင်းကျောက်စာရုံ၌ရှိနေပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကျောက်စာတိုင်အမှတ် ၇၄(က)အဖြစ် ထိန်းသိမ်းထားသည်။

သတင်သည် အပယ်ငယ်ကျောက်စာသည် ပုဂံသမိုင်းတွင်ထင်ရှားသော ကျောက်စာတစ်ချပ်မဟုတ်သကဲ့သို့ မည်သည့်ဘုရား သို့မဟုတ် မည်သည့်ဆရာတော်ကိုလှူဒါန်းခဲ့ကြောင်းကိုလည်း ဖော်ပြမထားပေ။ ထို့အတူ သတင်သည်အပယ်ငယ်ဟု အမည်ရှိသူသည် မည်သူဖြစ်ကြောင်း၊ မည်သည့် ဒေသမှဖြစ်ကြောင်းလည်း ထင်ရှားခြင်းမရှိပေ။

ကျောက်စာရေးထိုးသည့်ကာလသည် သက္ကရာဇ် ၆၄၅ ခုနှစ် နယုန်လဆန်း ၁၂ ရက်ဖြစ်၍ ခရစ်နှစ်နှင့် ဖလှယ်ပါက ၁၂၈၃ ခုနှစ် မေ ၈ ရက်ဖြစ်သည်။ ထိုအချိန်သည် ပုဂံခေတ်နှောင်းပိုင်းကာလဖြစ်ကာ ပုဂံတွင် ကျော်စွာမင်း (၁၂၈၇- ၁၂၉၈) စိုးစံနေသည့်အချိန်ဖြစ်သည်။

**ကျော်စွာမင်းလက်ထက်ပုဂံ**

ကျော်စွာမင်း ထီးနန်းစံချိန်တွင် ပုဂံသည် အလွန်အေးချမ်းသာယာသည့် ကာလမဟုတ်ခဲ့ချေ။ ပုဂံဘုရင် ကျော်စွာမင်း (၁၂၈၇–၁၂၉၈) သည် ပုဂံမင်းဆက်တွင် ပုဂံမပျက်မီ နောက်ဆုံးဘုရင်သုံးပါးအနက် တစ်ပါးဖြစ်သည်။ ကျော်စွာမင်း၏ နောက်တွင် စောနစ်မင်း(၁၂၉၈–၁၃၂၅) နှင့် စောမွန်နစ်မင်း (၁၃၂၅–၁၃၆၈)တို့ နန်းတက်ခဲ့ပြီး ၁၃၆၈ ခုနှစ်တွင် ပုဂံခေတ်သည် အဆုံးသတ်သွားခဲ့သည်။

ထိုအချိန်တွင် ပုဂံနှင့်ခေတ်ပြိုင်ဖြစ်ခဲ့သည့် ပင်းယနှင့် စစ်ကိုင်းမင်းဆက်များသည်လည်း ပျက်သုဉ်းခဲ့ပြီဖြစ်သည်။ သို့သော် ပုဂံနှင့် ခေတ်ပြိုင်ဖြစ်သည့် အင်းဝကမူ မြို့သက်တမ်း သုံးနှစ်သာရှိသေးပြီး ပုဂံပျက်သုဉ်းသည့် ၁၃၆၈ ခုနှစ်တွင် အင်းဝ၌ အင်းဝကိုတည်ထောင်ခဲ့သော သတိုးမင်းဖျား၏ ယောက်ဖတော် မင်းကြီးစွာစော်ကဲ(၁၃၆၈–၁၄၀၁) က ဒုတိယမြောက် အင်းဝဘုရင်အဖြစ် နန်းတက်ခဲ့ကာ အင်းဝမင်းဆက်ကို ထူထောင်ခဲ့သည်။

ကျော်စွာမင်းသည် ခမည်းတော် နရသီဟပတေ့၏ အရိုက်အရာကိုဆက်ခံကာ ၁၂၈၇ ခုနှစ်တွင် ပုဂံဘုရင်ဖြစ်လာခဲ့သည်။ ကျော်စွာမင်း၏ ဘွဲ့အမည်သည် သီရိတြိဘဝနာဒိတျပဝရပဏ္ဍိတရာဇာ ဖြစ်သည်။

❖ ပုဂံသမိုင်းတွင် ရွှေအတိပြီးသည့် ဘုရားဆင်းတုကိုလှူဒါန်းသည့် မှတ်တမ်းကို ရာဇကုမာရ်ကျောက်စာအပြင် အခြားကျောက်စာတစ်ချပ်၌လည်း တွေ့ရှိရသည်။ ထိုကျောက်စာသည် သတင်သည်အပယ်ငယ် ကျောက်စာဖြစ်သည်။ ထိုကျောက်စာကို ပထမဆုံး ရှာဖွေတွေ့ရှိခဲ့သည့် နေရာသည် ထင်ရှားခြင်းမရှိချေ။ သို့သော် ထိုကျောက်စာသည် ယခုအချိန်တွင် မန္တလေးနန်းတွင်းကျောက်စာရုံ၌ရှိနေပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကျောက်စာတိုင်အမှတ် ၇၄(က)အဖြစ် ထိန်းသိမ်းထားသည်။ သတင်သည် အပယ်ငယ်ကျောက်စာသည် ပုဂံသမိုင်းတွင်ထင်ရှားသော ကျောက်စာတစ်ချပ်မဟုတ်သကဲ့သို့ မည်သည့်ဘုရား သို့မဟုတ် မည်သည့်ဆရာတော်ကို လှူဒါန်းခဲ့ကြောင်းကိုလည်း ဖော်ပြမထားပေ။ ❖

ကျော်စွာမင်း၏ မယ်တော်သည် မိဖုရားငယ် ရှင်ဘားဖြစ်သည်ဟုဆိုသကဲ့သို့ မိဖုရားဖွားစောဖြစ်သည်ဟုလည်းအဆိုရှိသည်။

ကျော်စွာမင်းနန်းတက်စအချိန်တွင် နယ်မြေဒေသ အသီးသီးတွင်ဖြစ်ပေါ်ခဲ့သည့် တော်လှန်ပုန်ကန်မှုများကိုနှိမ်နင်းခဲ့ရသည်။ ထိုသို့ နှိမ်နင်းရာတွင် စစ်သူကြီးတချို့ကို အားကိုးအားထားပြုခဲ့သည်။ ထို့ကြောင့် ကျော်စွာဘုရင်၏ စစ်သူကြီးများ အခန်းကဏ္ဍသည် ကြီးမားကျယ်ပြန့်လာခဲ့ရာ အထူးသဖြင့် ရှမ်းညီနောင်သုံးပါးဟု ထင်ရှားသည့် အသခ်ယာ၊ ရာဇသင်္ကြံနှင့် သီဟသူတို့သည် ပုဂံနန်းတွင် တွင်ကျယ်လာခဲ့သည်။

ရှမ်းညီနောင်သုံးဦးသည် မြင်စိုင်းတွင် လယ်မြေအလှူရှိသည်ဟု အကြောင်းပြကာ ကျော်စွာမင်းကို မြင်စိုင်းသို့ကြွချီရန် ဖိတ်ကြားခဲ့ပြီး မြင်စိုင်းသို့ ကျော်စွာဘုရင် ရောက်ချိန်တွင် ရှမ်းညီနောင်သုံးဦးက ကျော်စွာဘုရင်ကိုနန်းချခဲ့သည်။ ကျော်စွာမင်းကို နန်းချရုံသာမက ၁၂၉၉ ခုနှစ် မေ ၁၀ ရက်တွင် စီရင်လုပ်ကြံခဲ့သဖြင့် ကျော်စွာဘုရင်၏အခန်းကဏ္ဍသည် ဇာတ်သိမ်းသွားခဲ့သည်။

ထိုသို့ တိုင်းပြည်မအေးချမ်း မတည်ငြိမ်ချိန်တွင် အပယ်ငယ်အမည်ရှိ သီတင်းသည်တစ်ဦးသည် ရွှေအတိပြီးသော ဘုရားဆင်းတုတော်သုံးဆူနှင့်ကျွန်များကိုလှူဒါန်းကာ ကျောက်စာတစ်ချပ် ရေးထိုးခဲ့သည်။

**သတင်သည်အပယ်ငယ်ကျောက်စာ**

ပုဂံခေတ်သုံး စကားလုံးတစ်လုံးဖြစ်သည့် သတင်သည်ဟူသော ဝေါဟာရသည် သီတင်းသီလဆောက်တည်သူ၊ ဥပုသ်သည်ဟု အဓိပ္ပာယ်ရှိသည်။ ဥပုသ်သီတင်းဆောက်တည်သူ အပယ်ငယ်ရေးထိုးခဲ့သည့် ကျောက်စာသည် မူလထိုး နှစ်မျက်နှာကျောက်စာဖြစ်၍ စာကြောင်း ၂၂ ကြောင်း ပါရှိသည်။

ကျောက်စာကို "နမော လောကနာထေဿ" ဟု ဘုရားရှိခိုးသည့်စာကို ပါဠိဘာသာဖြင့် ရေးထိုးပြီး ကျောက်စာရေးထိုးသည့် ခုနှစ်၊ ရက်၊ လကိုဖော်ပြထားသည်။ သက္ကရာဇ် ၆၄၅ ခု၊ အာသိန်နှစ်၊ အဓိမတ်၊ နယုန်လဆန်း ၁၂ ရက်၊ တနင်္ဂနွေနေ့ဟု ဖတ်ရှုရသည်။ အဓိမတ်သည် မြန်မာပြက္ခဒိန်သုံး ဝေါဟာရဖြစ်၍ အဓိမာသ်(အဓိမာသ) လလွန်ခြင်းဟု အဓိပ္ပာယ်ရှိသည်။

မြန်မာပြက္ခဒိန်စနစ်တွင် ကမ္ဘာကို လကလည်ပတ်နှုန်းကို မူတည်တွက်ချက်သည့် စန္ဒြမာသလနှင့် နေကို ကမ္ဘာကလည်ပတ်သည့်နှုန်းကို မူတည်တွက်ချက်သည့် သူရိယမာသလဟု သတ်မှတ်ချက်နှစ်မျိုးရှိသည်။ ထိုလနှစ်မျိုးသည် တစ်ခုနှင့် တစ်ခု ရက်အတိုး အရှည်မတူညီကြချေ။ သူရိယမာသလနှင့် စန္ဒြမာသလ နှစ်ခုကြားတွင် တစ်လတိတိ ကွာခြားချိန်ကို အဓိမာသလလွန်ချိန်ဟု သတ်မှတ်သည်၊ သူရိယမာသလ ၃၂ လရှိချိန်တွင် စန္ဒြမာသလက ၃၃ လ ရှိချိန်ဖြစ်သည်။

ထိုသတ်မှတ်ချက်အရ သက္ကရာဇ် ၆၄၅ ခုနှစ်သည် အဓိမာသလဖြစ်ကြောင်းရေးထိုးထားခြင်းကိုထောက်၍ ပုဂံခေတ်နှောင်းကာလတွင် မြန်မာပြက္ခဒိန်ရေးဆွဲသည့်စနစ်ကို ပုဂံသားတို့ သိရှိနေကြောင်း ယူဆရမည်ဖြစ်သည်။

သီတင်း၊ သဒ္ဓါ၊ ပညာနှင့် ပြည့်စုံသော သတင်သည်အပယ်ငယ်သည် ရတနာသုံးပါးအား ယုံကြည်သဒ္ဓါကြည်ညိုစွာသော နှလုံးဖြင့် သဗ္ဗသတ္တဝါ လူခပ်သိမ်းအား မိမိပြုသောကောင်းမှု ဘုရားရွှေဆင်းတု သုံးဆူပြုခဲ့သည်။ နောင်အခါ၌ မိမိကိုယ်စား ဘုရားကိုအလုပ်အကျွေးပြုရန် ကျွန်များကိုပါ လှူဒါန်းခဲ့သည်။ ကျွန်ငဖုန်ရ၊ သားငချမ်းသာ၊ ညီ ငပြည့်ဝ စသည်ဖြင့် ကျွန်အမည်များကို ဖော်ပြထားသည်။

အပယ်ငယ်၏ အလှူကိုသိမြင်ပြီး အနုမောဒနာပြုသူများ၏ အမည်များကိုလည်း ရေးထိုးထားရာ ငရောက်ခပ်သင်၊ ညီ ငလုံးသင်၊ စာချီဗိုလ်တူ၊ ငလှသင်၊ ငဖုတ်သင်၊ ငကုလားသင် စသည်ဖြင့် လူပုဂ္ဂိုလ် ၃၃ ယောက်၏အမည်များကို ဖော်ပြထားသည်။ ကျောက်စာ၏ နိဂုံးပိုင်းတွင် ပုဂံခေတ်ထိုးကျောက်စာများ၏ ထုံးတမ်းအတိုင်းဆုတောင်းစာနှင့် ကျိန်စာကို ရေးထိုးကာ အဆုံးသတ်ထားသည်။

ထို့ကြောင့် သတင်သည်အပယ်ငယ်ကျောက်စာတွင် အလှူရှင်အပယ်ငယ်က ရွှေဆင်းတု သုံးဆူလှူဒါန်းပြီး နောင်အခါတွင် မိမိကိုယ်စား ဘုရားကို အလုပ်အကျွေးပြုရန် ကျွန်များကို လှူဒါန်းခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

ပုဂံခေတ်နှောင်းပိုင်းတွင် ရေးထိုးသည့် ထိုကျောက်စာတွင် ကျိန်စာသည် မျက်မှောက်ခေတ်သုံး စကားများနှင့် အလွန်နီးစပ်မှုရှိကြောင်း တွေ့ရှိရသည်။ အလှူရှင်၏ ကျိန်စာသည် "ငါ့ကောင်းမှုကို အနိုင်အထက် ဖျက်ဆီးသူကား ဘုန်းမကြီး၊ အသက်မရှည်စေ"ဟူသာ ရိုးရှင်းစွာကျိန်ဆိုခဲ့သည်။

**ပုဂံကျောက်စာများထဲက ကျွန်ဝေါဟာရ**

သတင်သည်အပယ်ငယ်ကျောက်စာအပါအဝင် ပုဂံခေတ်ထိုးကျောက်စာများတွင် ကျွန်လှူဒါန်းမှုများကို အများအပြားတွေ့ရှိရသည်။ ပုဂံခေတ်ကာလ တစ်လျှောက်လုံးတွင် ဘုရားကျောင်းကန်များသို့ ကျွန်လှူဒါန်းမှုများ တွင်ကျယ်ခဲ့ရာ ကျွန်အလှူနှင့် ဆက်နွယ်သည့် ကျောက်စာအချပ်ပေါင်း ၁၀၀၀ ကျော်ရှိသည်။

ပုဂံခေတ်ကျောက်စာများတွင် ကျောန်ဟုရေးထိုးခဲ့ကြကာ မျက်မှောက်ခေတ်အထိ အသုံးတွင်ကျယ်သည့် ကျွန်ဟုလည်းရေးထိုးခဲ့ကြသည်။ ပုဂံခေတ်မြန်မာကျောက်စာအဘိဓာန်တွင် ကျောန်ကို ကျွန်၊ အလုပ်သမားဟု အဓိပ္ပာယ်ဖွင့်ဆို၍ မြန်မာအဘိဓာန်တွင် ကျွန်၏အဓိပ္ပာယ်ကို သူတစ်ပါး၏စိုးပိုင်စေခိုင်းခြင်းကိုခံရသူဟု ဖွင့်ဆိုသည်။ ထို့ကြောင့် ကျွန်သည် တစ်စုံတစ်ယောက်၏ ခိုင်းစေမှုကို အမြဲခံနေရသည့် အစေအပါးဟု ဆိုလိုသည်။

ကျွန်ဟူသည့် အသုံးအနှုန်းနှင့် အခိုင်းအစေခံပုဂ္ဂိုလ်များကို အစောဆုံးတွေ့ရှိရချိန်သည် ပုဂံခေတ်ဖြစ်သည်။ ပုဂံ၌ ပဒေသရာဇ်စနစ်ထွန်းကားချိန်တွင် ကျွန်စနစ်ကြီးထွားခဲ့သည်။ ပဒေသရာဇ်ခေတ်တွင် မင်းစိုးရာဇာများ၊ သူဌေးသူကြွယ်များနှင့် ကျေးလက်ဒေသမှအသည်ကြီးများသည် မြေယာများစွာနှင့်အတူ များစွာသော လုပ်သားများကို ပိုင်ဆိုင်ခဲ့ကြသည်။ ၎င်းတို့သည် မိမိတို့ပိုင်ရှင်များအတွက် အလုပ်လုပ်ပေးရသူများသာဖြစ်သော်လည်း ကျွန်ဟုအမည်တပ်ခံခဲ့ကြရသည်။

ကျွန်များတွင် မိလာဖလာ အမွေရကျွန်၊ စစ်သုံ့ပန်းကျွန်၊ ငွေဝယ်ကျွန်၊ ကြွေးဖြင့်သိမ်းသည့် ကျွန်စသည်ဖြင့် အမျိုးအမည်ကွဲပြားသည်။ အချို့ကျွန်များကို ရွေးနုတ်ခွင့်ရှိသော်လည်း အချို့မှာမူ ကျွန်မိဘနှစ်ပါးက ပေါက်ဖွားလာသည့် ရင်သွေးများသည်ပင် ကျွန်စာရင်းဝင်သဖြင့် ရွေးနုတ်ခွင့်မရှိချေ။

ပုဂံခေတ်တွင် ကျွန်ပိုင်ရှင်များသည် ကျွန်များအပေါ်တွင် ရက်စက်မှုမရှိဘဲ ငဲ့ညှာခဲ့ကြသည်။ ကျွန်အဖြစ်မှ လွတ်မြောက်ပေးမှုများရှိခဲ့သည်။ ပုဂံခေတ်မြေရှင်များသည် ကျွန်များကို လယ်ယာလုပ်ငန်းများတွင် ခိုင်းစေပြီး တင်းကျပ်လွန်းသည့် စည်းကမ်းများဖြင့် ဖိနှိပ်ချုပ်ချယ်ခဲ့သည့် အထောက်အထားများကို မတွေ့ရချေ။

အချို့မြေရှင်များသည် မိမိတို့ကျွန်များကို ဘုရား၊ စေတီ၊ ကျောင်းစသည့် ဘာသာရေးဆိုင်ရာနေရာများသို့ လှူဒါန်းမှုများကို ကျောက်စာများတွင်မကြာခဏ တွေ့ရှိရပေသည်။ ထိုသို့ ဘာသာရေးကျွန်အဖြစ် လှူဒါန်းပြီးလျှင် ကျွန်ပိုင်ရှင်ဟောင်းသည် မိမိကျွန်ဟောင်းများကို အမိန့်ပေးခြင်း၊ ခိုင်းစေခြင်းများ မလုပ်တော့ပေ။ ဘုရားကျွန်ဟု အမည်တပ်ခံကြရသော်လည်း သူတို့သည် အမှန်စင်စစ်တွင် အလှူရှင်ကိုယ်စား ဘုရားဝေယျာဝစ္စကိစ္စများကို ဆောင်ရွက်ပေးကြသူများ ဖြစ်သည်။ ထို့အတူ ဘုရားစေတီပုထိုးများကို ထိန်းသိမ်းစောင့်ရှောက်သူများလည်းဖြစ်ကြသည်။ အချို့ကျွန်များသည် ဘုရားသို့ လှူဒါန်းသည့် မြေယာများတွင် စိုက်ပျိုးကြကာ ထွက်ရှိလာသည့် သီးနှံကို မိမိတို့လည်းစား၊ ဘုရားကိုလည်း လှူကြရသည်။

ထိုအချက်ကို သတင်သည်အပင်ငယ် ကျောက်စာတွင် အထင်အရှားတွေ့ရှိရကာ အလှူရှင်က မိမိကိုယ်စား ဘုရားကိုအလုပ်အကျွေးပြုရန် ကျွန်များကို လှူဒါန်းကြောင်း ရေးထိုးခဲ့သည်။

ထို့အတူ ရွှေအတိပြီးသော ဆင်းတုတော် သုံးဆူကို လှူဒါန်းကြောင်း ရေးထိုးထားရာ သတင်သည် အပယ်ငယ်ကျောက်စာသည် ပုဂံခေတ်ကျောက်စာများတွင် ရာဇကုမာရ်ကျောက်စာကဲ့သို့ပင် ရွှေဆင်းတုလှူဒါန်းသည့် မှတ်တမ်းတစ်ခုဖြစ်ကြောင်း တွေ့ရှိကြရပေသည်။

သို့သော် ထိုကျောက်စာ၏ ထူးခြားချက်မှာ ရွှေဆင်းတု သုံးဆူကို မည်သည့်နေရာကို မည်သူ့ကို လှူဒါန်းကြောင်း ရေးထိုးမထားခြင်းပင် ဖြစ်ပါသည်။

**ကိုးကား**

- ရှေးဟောင်းမြန်မာကျောက်စာများ (တတိယတွဲ)(ဦးငြိမ်းမောင်)
- မြန်မာ့ပက္ခဒိန်သုတေသနကျမ်း(ဦးအုန်းကြိုင်)
- ပုဂံမင်းဆက်ရာဇဝင်သစ်(တင်နိုင်တိုး)

## ၂၀၂၆ ခုနှစ်၊ (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

၁။ နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၂။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်အတူ တိုင်းရင်းသားလူမျိုးများအားလုံး လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၃။ နိုင်ငံတော်အတွင်း တရားမှုတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများထွန်းကားလျက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန်အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

၄။ တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ ယုံကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

၅။ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းဖော်ဆောင်ရေး။

## မေတ္တာနှလုံးသား

\- ကြင်နာပါ နှလုံးသားနဲ့
အပြုံးများ ဖြန့်ဝေလေ၊
လောကဝယ် စေတနာအလှ
ထားရှိကြစေ၊
တန်ပြန်သည့် မေတ္တာတွေ
ရမည်ပေ အကျိုးထူး၊
ကရုဏာ စာနာစိတ်ကို
ယိုဖိတ်ကြည်နူး။

\- အတ္တတွေ ခဝါချ
ကိုယ့်ဘဝ အရောင်တင်၊
အမှားပြင် အမှန်လှမ်း
ရှင်လန်းနေ့စဉ်၊
ကောင်းမြတ်ခြင်း အလုပ်ခွင်
ကြိုးစားသင် အသက်မွေး၊
ကြီးပွားမည် စီးပွားအကျိုးက
တိုးတက်မည်လေး။

\- တန်ဖိုးဝင် လူသားအဖြစ်
ထုဆစ်ကွဲ့ ပြုပြင်ပါ၊
လောကကို အလှဆင်ပြု
ရှေးရှုရမှာ၊
သမိုင်းကောင်း ရေးတင်ကာ
နေထိုင်ရာ သာယာပေ့၊
ကျင့်ဝတ်ကို လိုက်နာသွားကွယ်
ရိုးသားမမေ့။ ။

ဖြိုးထက်(ရေစကြို)

## ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၅၀၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၆၅၀၈၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ဧက ၇၇၉၈၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ယင်းမာပင်မြို့နယ်တွင် ၈၀၂၄ ဧက၊ ကနီမြို့နယ်တွင် ဧက ၂၁၀၅၀၊ ဆားလင်းကြီးမြို့နယ်တွင် ၁၉၀၉၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၁၆၉၂၀ စုစုပေါင်း ၆၅၀၈၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ယင်းမာပင်ခရိုင်မှာ နှမ်းဧက ၇၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၅၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် ဆောင်းနှမ်းစိုက်ပျိုးရန် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၁၃၁၆၀၊ ကနီမြို့နယ်တွင် ဧက ၂၃၉၀၀၊ ဆားလင်းကြီးမြို့နယ်တွင် ဧက၂၄၀၀၀၊ ပုလဲမြို့နယ်တွင် ဧက ၁၆၉၂၀ စုစုပေါင်း ဧက ၇၇၉၈၀ ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

## ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဇန်နဝါရီ ၁၃**

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၃၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ပဲတီစိမ်းများကိုဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဒီဇင်ဘာလအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၄၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက် ပဲတီစိမ်းတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ ပဲတီစိမ်းတွေကို ပြည်ပဈေးကွက်ကဝယ်ယူမှုကောင်းလာတာကြောင့် ရန်ကုန်ဘက်ကလဲ အဝယ်လိုက်လာတာလို့ သိရပါတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သင်းသင်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ပဲတီစိမ်းများ တင်ပို့ရောင်းချရမှု ကောင်းလာခြင်းကြောင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## သုံးခွမြို့နယ် သာဂရကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**သုံးခွ ဇန်နဝါရီ ၁၃**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သာဂရကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သန်လျင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူ၊ သုံးခွမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုနှင့် အင်ဂျင်နီယာဝန်ထမ်းများက သာဂရကျေးရွာတွင် အရှည် ၇ ဒသမ ၁၂၁ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဂဝံမြေခင်းခြင်းနှင့် ၎င်းလမ်းပေါ်တွင် အရှည် ခြောက်ပေ၊ အကျယ်ပေ ၂၀၊ အမြင့် ခြောက်ပေရှိ Box Culvert တစ်စင်း တည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များ၊ တင်ဒါအောင်ကုမ္ပဏီများမှတာဝန်ရှိသူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၃၃၇ ဒသမ ၈၉၂ သန်း အသုံးပြုကာ တင်ဒါအောင်မြင်သည့် ကုမ္ပဏီများက ယခုနှစ် ဇူလိုင်လ ပထမပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ၇၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မောင်ခိုင်**

## နိုင်ငံတကာ သတင်းများ

# ယူကရိန်းနိုင်ငံ ကီယက်ဗ်၊ ခါကစ်ဗ်မြို့တို့ကို ဒုံးကျည်အစင်း ၂၀ ဖြင့် ရုရှားတိုက်ခိုက်

**ကီယက်ဗ် ဇန်နဝါရီ ၁၃**

ယူကရိန်းနိုင်ငံ ကီယက်ဗ်မြို့၊ ခါကစ်ဗ်မြို့တို့ကို ရုရှားတပ်များက ယနေ့နံနက်ပိုင်းတွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ယနေ့ လေကြောင်းတိုက်ခိုက်မှုတွင် ရုရှားတပ်များက တစ်နာရီအတွင်း ဒုံးကျည် အနည်းဆုံး အစင်း ၂၀ ပစ်လွှတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ရုရှားတပ်များ၏ အဆိုပါလေကြောင်းတိုက်ခိုက်မှုသည် ယခုနှစ်၏ အပြင်းထန်ဆုံး လေကြောင်းတိုက်ခိုက်မှုဖြစ်ကြောင်း ယူကရိန်းအစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

ရုရှားတပ်များ၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ကီယက်ဗ်မြို့၌ အပျက်အစီးအထိအခိုက် မည်မျှရှိမရှိ မသိရသေးသော်လည်း ခါကစ်ဗ်မြို့တွင် လူလေးဦးသေဆုံးခဲ့ကြောင်း ယူကရိန်းမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

သို့ရာတွင် ရုရှားတပ်များ ယနေ့ လေကြောင်းတိုက်ခိုက်မှု၏ အတိုင်းအဆကို ယူကရိန်းတပ်မတော်က ထုတ်ဖော် ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

အလားတူ ယနေ့ လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ ရုရှားကာကွယ်ရေးဝန်ကြီးဌာနကလည်း တစ်စုံတစ်ရာ ထုတ်ဖော်ပြောကြားထားခြင်းမရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်း၌ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်

**အဘူဂျာ ဇန်နဝါရီ ၁၃**

နိုင်ဂျီးရီးယားနိုင်ငံ မြောက်ပိုင်းနယ်မြေများမှ စာသင်ကျောင်းများကို တာဝန်ရှိသူများက ဇန်နဝါရီ ၁၂ ရက်တွင် ပြန်လည်စတင်ဖွင့်လှစ်ခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း ကျောင်းသား၊ ကျောင်းသူ ဦးရေရာနှင့်ချီ ပြန်ပေးဆွဲခံခဲ့ရပြီးနောက် နိုင်ဂျီးရီးယား တာဝန်ရှိသူများသည် မြောက်ပိုင်းဒေသရှိ စာသင်ကျောင်း အများအပြားကို ပိတ်ထားခဲ့ရသည်။

သို့ရာတွင် လက်ရှိနိုင်ဂျီးရီးယား မြောက်ပိုင်းဒေသ စာသင်ကျောင်းများကို ယခုစာသင်နှစ်အတွက် ပြန်လည် ဖွင့်လှစ်ထားပြီဖြစ်ကြောင်း နိုင်ဂျီးရီးယား တာဝန်ရှိသူများက ပြောကြားထားသည်။

ကျောင်းသား၊ ကျောင်းသူများအတွက် ဘေးကင်းလုံခြုံသည့် ပတ်ဝန်းကျင် ဖန်တီးပေးရေးအတွက် လုံခြုံရေးအစီအမံများ ရှိသင့်ကြောင်း နိုင်ဂျီးရီးယားဖက်ဒရယ်အစိုးရက ကြေညာထားပြီးနောက် မြောက်ပိုင်းဒေသ စာသင်ကျောင်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။


ပြီးခဲ့သည့်နှစ် နိုဝင်ဘာလအတွင်း နိုင်ဂျီးရီးယား အလယ်ပိုင်း နိုင်ဂျာပြည်နယ်၌ ကျောင်းသားဦးရေ ၃၀၀ ကျော် ပြန်ပေးဆွဲခံရပြီးနောက် နိုင်ဂျီးရီးယား မြောက်ပိုင်းတွင်လည်း စာသင်ကျောင်းများ ပိတ်ထားခဲ့ရသည်။

နိုင်ဂျာပြည်နယ်တွင် လုံခြုံရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် စာသင်ကျောင်းအများအပြားမှာ ဆက်လက်ပိတ်ထားရဆဲဖြစ်သည်ဟု ပြည်နယ်တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO




# ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေး တရုတ်နိုင်ငံခရီးစဉ် စတင်



**အော့တဝါ ဇန်နဝါရီ ၁၃**

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးသည် ၎င်း၏တရားဝင် တရုတ်နိုင်ငံခရီးစဉ်ကို ယနေ့တွင် စတင်ခဲ့ကြောင်း ကနေဒါဝန်ကြီးချုပ်ရုံးက သတင်း ထုတ်ပြန်ထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ နယ်မြေသိမ်းသွင်းရေး ခြိမ်းခြောက်မှုများ၊ ကုန်သွယ်ရေးမူဝါဒများကြောင့် ကနေဒါနှင့် အမေရိကန်တို့အကြား နှစ်နိုင်ငံဆက်ဆံရေးအခြေအနေ မရေရာဖြစ်နေချိန်တွင် ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးက တရုတ်နိုင်ငံခရီးစဉ်ကို စတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် ၂၀၁၇ ခုနှစ်တွင် ဝန်ကြီးချုပ်ရာထူးရယူခဲ့သည့် ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးအတွက် ပထမဆုံး တရုတ်ခရီးစဉ်ဖြစ်သည်။

ထို့ပြင် အဆိုပါခရီးစဉ်သည် တရုတ်နှင့် ကနေဒါနှစ်နိုင်ငံ ဆက်ဆံရေး အဓိက အလှည့်အပြောင်းတစ်ရပ်ကို ကိုယ်စားပြုနိုင်မည့် ခရီးစဉ်လည်း ဖြစ်လာနိုင်သည်။

တရုတ်နိုင်ငံ ခရီးစဉ်အတွင်း ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးသည် သမ္မတရှီကျင့်ဖျင် အပါအဝင် တရုတ်ခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ကုန်သွယ်ရေးကိစ္စ၊ နိုင်ငံတကာလုံခြုံရေးကိစ္စများကို ဆွေးနွေးရန် စီစဉ်ထားသည်။

ကနေဒါဝန်ကြီးချုပ် မာ့ခ်ကာနေးနှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း တောင်ကိုရီးယားနိုင်ငံ၌ ဆွေးနွေးခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဆိုင်ကလုန်းမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် တရုတ်နိုင်ငံ၏အကူအညီကို သီရိလင်္ကာနိုင်ငံ တောင်းခံ

**ကိုလံဘို ဇန်နဝါရီ ၁၃**

ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် ပျက်စီးခဲ့သော အဓိကအခြေခံ အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရေးအတွက် တရုတ်နိုင်ငံ၏ အကူအညီကို တောင်းခံထားကြောင်း သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးက ဇန်နဝါရီ ၁၂ ရက်တွင် ပြောကြားခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီနှင့် ကိုလံဘိုမြို့၌ တွေ့ဆုံဆွေးနွေးစဉ် ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေးအတွက် အကူအညီ တောင်းခံခဲ့ကြောင်း သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီး ဗီဂျီဆာဟာရက်က ပြောကြားထားသည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယီသည် အာဖရိကတိုက် တန်ဇန်နီးယားနှင့် လီဆိုသိုနိုင်ငံတို့သို့ သွားရောက်ခဲ့ပြီးနောက် သီရိလင်္ကာနိုင်ငံသို့ ဇန်နဝါရီ ၁၂ ရက်တွင် ဆက်လက်ဝင်ရောက်ခဲ့သည်။

သီရိလင်္ကာနိုင်ငံ၏ ဆိုင်ကလုန်းမုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အကူအညီပေးရေးအတွက် မိမိကိုယ်တိုင် ပုဂ္ဂိုလ်ရေးအရ ကြားဝင်ကြိုးပမ်းပေးမည်ဟု တရုတ် နိုင်ငံခြားရေးဝန်ကြီးက အာမခံချက်ပေးခဲ့ကြောင်း သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီးက ထုတ်ဖော်ပြောကြားထားသည်။

ဆိုင်ကလုန်းမုန်တိုင်း ဒစ်ဝါကြောင့် သီရိလင်္ကာနိုင်ငံလူဦးရေ၏ ၁၀ ရာခိုင်နှုန်းကျော်ထိ ဒုက္ခရောက်ခဲ့ပြီး ပျက်စီးဆုံးရှုံးမှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄ ဒသမ ၁ ဘီလီယံထိရှိခဲ့ကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

သီရိလင်္ကာနိုင်ငံ၏ ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၄၅၀ ကူညီမည်ဟု အိန္ဒိယနိုင်ငံကလည်း ကြေညာထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO



# ကမ်းဝေးရေပြင်၌ ကိုကင်းမူးယစ်ဆေးဝါး မက်ထရစ်တန် ၁၀ တန် စပိန်ရဲတပ်ဖွဲ့ ဖမ်းဆီးရမိ

**မက်ဒရစ် ဇန်နဝါရီ ၁၃**

စပိန်ရဲတပ်ဖွဲ့သည် ကမ်းဝေးရေပြင်အတွင်း ကိုကင်း မူးယစ်ဆေးဝါးများကို စံချိန်တင်ဖမ်းဆီးရမိခဲ့ကြောင်း ဇန်နဝါရီ ၁၂ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဇန်နဝါရီ ၁၂ ရက်တွင် ဘရာဇီးနိုင်ငံမှ ဥရောပသို့ ဦးတည်မောင်းနှင်နေသော ဆားတင်သင်္ဘောတစ်စီးကို ကြားဖြတ်တားဆီး၍ ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ကိုကင်းမူးယစ်ဆေးဝါး မက်ထရစ်တန် ၁၀ တန်နီးပါးကို တွေ့ရှိခဲ့ကြောင်း စပိန်ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ကိုကင်းမူးယစ်ဆေးဝါးထုပ်များကို တင်ဆောင်ထားသည့် ဆားများဖြင့် ဖုံးကွယ်ထားခြင်းဖြစ်ကြောင်း စပိန်ရဲတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားထားသည်။

စပိန်ရဲတပ်ဖွဲ့က အဆိုပါ ဆားတင်သင်္ဘောပေါ်၌ တင်ဆောင်ထားသည့် ကိုကင်းမူးယစ်ဆေးများမှာ ၂၉၂ ထုပ်ထိရှိပြီး အလေးချိန်အားဖြင့် မက်ထရစ်တန် ၁၀ တန်ထိရှိကြောင်း သိရသည်။

အဆိုပါ ကိုကင်းမူးယစ်ဆေးဝါးများသည် စပိန်ရဲတပ်ဖွဲ့က ပင်လယ်ရေပြင်အတွင်း ဖမ်းဆီးရမိခဲ့မှုများအနက် အများဆုံးပမာဏဖြစ်သည်။

စပိန်ရဲတပ်ဖွဲ့သည် အဆိုပါ ကိုကင်းမူးယစ်ဆေးဝါးများနှင့်အတူ ရေယာဉ်ပေါ်လိုက်ပါလာသူ ၁၃ ဦးကိုလည်း ဖမ်းဆီးထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## စပေ့စ်အိတ်ကုမ္ပဏီက Twinlight မစ်ရှင်ဖြင့် နာဆာ၏ ပန်ဒိုရာဂြိုဟ်တုအပါအဝင် ဂြိုဟ်တုအစင်း ၄၀ ခန့် လွှတ်တင်ခဲ့



**ဝါရှင်တန် ဇန်နဝါရီ ၁၃**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် Twin-light အမည်ရှိ မစ်ရှင်ဖြင့် အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ပန်ဒိုရာဂြိုဟ်တုအပါအဝင် ဂြိုဟ်တုအစင်း ၄၀ ခန့်ကို ဇန်နဝါရီ ၁၂ ရက်တွင် အောင်မြင်စွာလွှတ်တင်ခဲ့ကြောင်း သိရသည်။

Twinlight မစ်ရှင်ဂြိုဟ်တုများ သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် မိနစ် ၉၀ ခန့်အချိန်ယူ၍ သယ်ဆောင်ထားသည့် ဂြိုဟ်တုများကို သက်ဆိုင်ရာပတ်လမ်းများပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

Twinlight မစ်ရှင်ဂြိုဟ်တုများအနက် နာဆာ၏ ပန်ဒိုရာဂြိုဟ်တုသည် အလေးချိန် ၃၂၅ ကီလိုဂရမ်ရှိပြီး အချင်း ၁၇ လက်မ ရေဒီယိုတယ်လီစကုပ်ကိုသုံး၍ နေအဖွဲ့အစည်းပြင်ပဂြိုဟ်များကို စူးစမ်းလေ့လာမည့်ဂြိုဟ်တုဖြစ်သည်။

ပန်ဒိုရာဂြိုဟ်တုသည် မစ်ရှင်သက်တမ်းတစ်လျှောက်လုံးတွင် လေထုလွှာရှိသော နေအဖွဲ့အစည်းပြင်ပဂြိုဟ်ပေါင်း အနည်းဆုံးအစင်း ၂၀ ကို စူးစမ်းလေ့လာမည်ဖြစ်သည်။

Twinlight မစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီအတွက် ယခုနှစ်၏ စတုတ္ထမြောက်အာကာသမစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာကြမ်းပြင်၌ ဘူမိလှုပ်ရှားမှုများ ကင်းမဲ့နေနိုင်ကြောင်း သိပ္ပံပညာရှင်များ ပြောကြား


**ဝါရှင်တန် ဇန်နဝါရီ ၁၃**

ကြာသပတေးဂြိုဟ်၏ ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာကြမ်းပြင်၌ ဘူမိလှုပ်ရှားမှုများ ကင်းမဲ့နေနိုင်ကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဇန်နဝါရီ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာကြမ်းပြင်၌ ဘူမိလှုပ်ရှားမှုကင်းမဲ့ခဲ့ပါက သက်ရှိများရှင်သန်ရေးအတွက် လိုအပ်သည့်ဓာတုတုံ့ပြန်မှုများလည်း မရှိနိုင်ကြောင်း အမေရိကန်နိုင်ငံ ဝါရှင်တန်တက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

အမေရိကန်သိပ္ပံပညာရှင်များသည် ယူရိုပါဂြိုဟ်ရံလ မြေအောက်သမုဒ္ဒရာကြမ်းပြင်၌ ဘူမိလှုပ်ရှားမှုများရှိ၊ မရှိကို ကွန်ပျူတာစံပြပုံစံများ ဖန်တီးလေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

ယူရိုပါဂြိုဟ်ရံလတွင် ကြာသပတေးဂြိုဟ်၏ ဒြပ်ဆွဲအားသက်ရောက်မှု၊ အတွင်းပိုင်းအအေးဓာတ်ကြောင့် ကျုံ့ဝင်လာမှု၊ အပူစွမ်းအင်ကူးပြောင်းမှုများရှိနေသော်လည်း ၎င်းအခြေအနေများသည် မြေအောက် သမုဒ္ဒရာကြမ်းပြင်ဘူမိလှုပ်ရှားမှုကို ဖန်တီးပေးနိုင်ဖွယ်မရှိကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။



ယူရိုပါဂြိုဟ်ရံလ မြေမျက်နှာပြင်အောက်တွင် မြေအောက်သမုဒ္ဒရာတစ်ခုတည်ရှိနေသည်ဖြစ်ရာ ၎င်းသမုဒ္ဒရာအတွင်း သက်ရှိများရှင်သန်နေနိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားကြောင်း သိရသည်။

၎င်းမြေအောက်သမုဒ္ဒရာသည် ယူရိုပါဂြိုဟ်ရံလ အတွင်းဝတ်ဆံလုံးပတ်လည်တွင် ရှိသော်လည်း ရေထုနှင့် ဝတ်ဆံလုံးမျက်နှာပြင်တို့ကြား အပြန်အလှန်တုံ့ပြန်မှုပုံစံကို သိပ္ပံပညာရှင်များအနေဖြင့် ရှင်းပြနိုင်မှု မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## တရုတ်နိုင်ငံ၏ တီယန်ကောင်းအာကာသစခန်းတွင် သိပ္ပံနှင့်အသုံးချနည်းပညာ စီမံချက်ပေါင်း ၂၆၅ ခုထိ အကောင်အထည်ဖော်နိုင်ခဲ့

**ပေကျင်း ဇန်နဝါရီ ၁၃**

တရုတ်အမျိုးသားအာကာသအေဂျင်စီ၏ တီယန်ကောင်းအာကာသစခန်းသည် လက်ရှိအချိန်တွင် သိပ္ပံနှင့်အသုံးချနည်းပညာစီမံချက်ပေါင်း ၂၆၅ ခုထိ အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း ဇန်နဝါရီ ၁၂ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တီယန်ကောင်းအာကာသစခန်း အာကာသယာဉ်မှူးများသည် ၂၀၂၅ ခုနှစ်အတွင်း သိပ္ပံနှင့်အသုံးချနည်းပညာ စီမံချက်သစ်တစ်ခုကို အကောင်အထည် ဖော်နိုင်ခဲ့ရာ ၎င်းစီမံချက်များမှ သတင်းအချက်အလက်ပမာဏ တာရာဘိုက် ၁၅၀ ထိ ရရှိခဲ့ကြောင်း သိရသည်။

အထက်ပါစီမံချက်များအတွက် တီယန်ကောင်း အာကာသစခန်းဆီသို့ သိပ္ပံပညာစမ်းသပ်ပစ္စည်း ၁၁၇၉ ကီလိုဂရမ်ထိ ပို့ဆောင်ပေးခဲ့ရသည်။

တီယန်ကောင်းအာကာသစခန်းပေါ်၌ ၂၀၂၅ ခုနှစ်အတွင်း ပြုလုပ်ခဲ့သည့် စီမံချက်များထဲတွင် ကမ္ဘာ့ပထမဆုံး ပိုက်လိုင်းစစ်ဆေးရေးစက်ရုပ်စမ်းသပ်မှုလည်း ပါဝင်ခဲ့ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် တီယန်ကောင်းအာကာသစခန်းကို ၂၀၂၂ ခုနှစ်တွင် အပြီးသတ်တည်ဆောက်ခဲ့ပြီး လုပ်ငန်းများ စတင်လည်ပတ်ခဲ့ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## တစ်ကမ္ဘာလုံး၌ GLP-1 ဆေးသုံးရန်လိုသည့် အဝလွန်သူ သန်း ၈၀၀ ခန့်ရှိ

**နယူးယောက် ဇန်နဝါရီ ၁၃**

တစ်ကမ္ဘာလုံးအတိုင်းအတာအရ Wegovy ကဲ့သို့ ကိုယ်အလေးချိန်လျှော့ချရေး GLP-1 ဆေးများ သုံးစွဲရန် လိုအပ်သည်ထိ အဝလွန်နေသူ သန်း ၈၀၀ ခန့်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဇန်နဝါရီ ၁၂ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အောက်စဖို့ဒ်တက္ကသိုလ်မှ သုတေသန ပညာရှင်များသည် ကမ္ဘာ့နိုင်ငံပေါင်း ၉၉ နိုင်ငံတို့မှ အရွယ်ရောက်သူဦးရေ ၈၁၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြကြောင်း၊ လေ့လာချက်ရလဒ်များအရ တစ်ကမ္ဘာလုံးအတိုင်းအတာအရ အရွယ်ရောက်သူ သန်း ၈၀၀ ခန့်တို့မှာ GLP-1 အုပ်စုဝင် ဆေးများသုံးစွဲရန် လိုအပ်သည့်အဆင့်ထိ အဝလွန်နေသူများဖြစ်ကြကြောင်း သိရသည်။

အထူးသဖြင့် GLP-1 ဆေးများ သုံးစွဲရန်လိုအပ်သည့်ထိ အဝလွန်သူနှုန်း အမြင့်ဆုံးဒေသများမှာ ဥရောပနှင့် မြောက်အမေရိကတို့ဖြစ်ကြကြောင်း၊ ၎င်းဒေသ၌ အရွယ်ရောက်သူ လေးဦးလျှင် နှစ်ဦးမှာ အဝလွန်မှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း၊ အာရှတိုက်တွင်မူ GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲရန်လိုသည့်အဆင့်ထိ အဝလွန်မှုကို အမျိုးသမီးများတွင် ပို၍အတွေ့ရများကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## နှလုံးရုတ်တရက်ဖောက်မှုနှင့်လေဖြတ်မှု ၉၉ ရာခိုင်နှုန်းမှာ ရောဂါနောက်ခံအကြောင်းတရား လေးမျိုးနှင့်ဆက်စပ်နေ

**နယူးယောက် ဇန်နဝါရီ ၁၃**

နှလုံးရုတ်တရက်ဖောက်မှုနှင့် လေဖြတ်မှု ၉၉ ရာခိုင်နှုန်းမှာ ရောဂါနောက်ခံအကြောင်းတရား လေးမျိုးနှင့်ဆက်စပ်နေကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ ဇန်နဝါရီ ၁၂ ရက် သတင်းများတွင် ရေးသား တင်ပြထားသည်။

အထက်ပါ ရောဂါနောက်ခံ အကြောင်းတရား လေးမျိုးမှာ သွေးဖိအား ပုံမှန်ထက်မြင့်တက်ခြင်း၊ သွေးတွင်းကိုလက်စထရောပါဝင်မှုမြင့်မားခြင်း၊ သွေးတွင်း သကြားဓာတ်ပါဝင်မှု အဆင့်ပုံမှန်ထက် မြင့်မားခြင်းနှင့် ဆေးလိပ်သောက်သုံးခြင်းတို့ ဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အရွယ်ရောက်သူပေါင်း ကိုးသန်းကျော်တို့၏ ကျန်းမာရေးအချက်လက်များကို လေ့လာခဲ့ကြပြီး လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ နှလုံး ရုတ်တရက်ဖောက်ခဲ့သူ၊ လေဖြတ်ခဲ့သူ အားလုံးနီးပါးခန့်တွင် အထက်ဖော်ပြပါ ရောဂါအကြောင်းတရား လေးမျိုးအနက် တစ်မျိုးမဟုတ် တစ်မျိုးရှိနေတတ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နှလုံးသွေးကြောဆိုင်ရာရောဂါများခံစားရသူ ၉၉ ရာခိုင်နှုန်းတို့တွင် အဆိုပါ ရောဂါနောက်ခံ အကြောင်းတရားများကို တွေ့ရှိရကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်နိုင်ခြေနည်းပါးသည့် အသက် ၆၀ အောက်အမျိုးသမီးများကြားမှာပင် နှလုံးရုတ်တရက်ဖောက်သူ၊ လေဖြတ်သူ ၉၅ ရာခိုင်နှုန်းမှာ အထက်ပါရောဂါနောက်ခံအကြောင်းတရား လေးမျိုးနှင့် ဆက်စပ်နေကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# Hobart International တင်းနစ်ပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်တွင် မာရီယာက ဗီးနပ်စ်ဝီလီယံကို အနိုင်ရ

**ဟိုဘတ် ဇန်နဝါရီ ၁၃**

ဩစတြေးလျနိုင်ငံ ဟိုဘတ်မြို့တွင် ကျင်းပနေသည့် Hobart International တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် အမေရိကန်တင်းနစ်မယ် ဗီးနပ်စ်ဝီလီယံနှင့် ဂျာမနီတင်းနစ်မယ်မာရီယာတို့ ယှဉ်ပြိုင်ကစားခဲ့ရာ မာရီယာက (၆-၄ ၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၄၅ နှစ်ရှိဗီးနပ်စ်ဝီလီယံနှင့် အသက် ၄၃ နှစ်ရှိ မာရီယာတို့၏ ဝါရင့်တင်းနစ်မယ်နှစ်ဦး ထိပ်တိုက်တွေ့ဆုံမှုဖြစ်ပြီး နှစ်ယောက်ပေါင်း အသက် ၈၃ နှစ် ဖြစ်သည့်အတွက် တင်းနစ်လောကတွင် ပွဲစဉ်တစ်ပွဲအတွင်း အသက်အကြီးဆုံး ပွဲစဉ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အမျိုးသမီး တင်းနစ်လောကတွင် အောင်မြင်မှုများစွာ ရရှိထားသော ဗီးနပ်စ်ဝီလီယံသည် အသက်အရွယ်အရ အကျပိုင်းကိုရောက်နေသော်လည်း တင်းနစ်လောကကို စွန့်ခွာလိုစိတ် မရှိသေးကြောင်း ပြောကြားထားသူဖြစ်သည်။

တင်းနစ်လောကတွင် ဗီးနပ်စ်ဝီလီယံကို ချစ်ခင်သူ များပြားပြီး အားပေးနေသူ အမြောက်အမြား ရှိနေကြောင်း မာရီယာက ပြောကြားခဲ့သည်။

မာရီယာက "တင်းနစ်လောကမှာ လူတိုင်းက ဗီးနပ်စ်ကိုချစ်ကြတယ်။ ကစားသမားဘဝမှာ ဗီးနပ်စ်လို ကစားသမားမျိုးနဲ့ ယှဉ်ပြိုင်ကစားခွင့်ရတာကို ဝမ်းသာဂုဏ်ယူမိပါတယ်။ တင်းနစ်လောကမှာ ကျင်လည်လာတာကြာပါပြီ။ သူနဲ့တစ်ခါမှ မယှဉ်ပြိုင် ဖူးသေးပါဘူး။ ဟိုဘတ်မြို့မှာကစားရတာ လေတိုက်နှုန်းမြင့်တဲ့အတွက် ကစားရတာ ခက်ခဲပါတယ်။ ဒီလိုအခက်အခဲကြားကနေ လေးစားအားကျရတဲ့ ကစားသမားကို အနိုင်ကစားနိုင်ခဲ့လို့လဲ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis 365

Trs : AZL



## အားကစားသတင်းအတိုအထွာများ

- စပါးအသင်းက အေတီကိုအသင်း ကွင်းလယ်ကစားသမား ဂယ်လာဂါကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၄၀ ဖြင့် အပြီးသတ်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။
- မန်ယူအသင်း ကွင်းလယ်ကစားသမားဖာနန်ဒက် အသင်းမှ ထွက်ခွာမည့်သတင်းများကြောင့် အသင်းဖော်များကစိုးရိမ်နေကြကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။
- မန်ယူအသင်းသည် အေတီကိုတိုက်စစ်ကစားသမား လော်ရန်တေးကို စတာလင်ပေါင် ၃၀ ဒသမ ၄ သန်းဖြင့် ကနဦးကမ်းလှမ်းမှုပြုလုပ်ထားကြောင်း သိရသည်။ ML

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)တွင် မဟာယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲများရရှိ

**ရန်ကုန် ဇန်နဝါရီ ၁၃**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ မဟာယူနိုက်တက် အသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြောင်း သိရသည်။



မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ သိဟဒီပအားကစားကွင်းတွင် ရှေ့ဝတီယူနိုက်တက်အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက တစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရပြီး ISPE အသင်းအတွက် တစ်လုံးတည်းသော သွင်းဂိုးကို ပွဲချိန် ၃၇ မိနစ်တွင် ဝင်းပြည့်မောင်က သွင်းယူခဲ့သည်။

အလားတူ ညနေ ၄ နာရီက သုဝဏ္ဏအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ မဟာယူနိုက်တက် အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး မဟာယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၉ မိနစ်တွင် ရတနာပုံအက်ဖ်စီ အသင်းမှ အာကာလင်းမြတ်က ကိုယ့်ဂိုးကိုယ်သွင်းယူမိသည့်အတွက် ဦးဆောင်ဂိုးရခဲ့ပြီး ပွဲချိန် ၆၂ မိနစ်တွင် သက်နိုင်က မဟာယူနိုက်တက် အသင်းအတွက် ဒုတိယသွင်းဂိုးကို သွင်းယူခဲ့ကာ ရတနာပုံအက်ဖ်စီ အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၈၅ မိနစ်တွင် ပြည့်မိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၂)အပြီးတွင် ရှမ်းယူနိုက်တက် အသင်းက ရမှတ် ၃၀ ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးမှ ဆက်လက်ဦးဆောင်နေသော်လည်း ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၂၉ မှတ်ဖြင့် အဆင့်(၂)နေရာမှ ဆက်လက် ဖိအားပေးနေကြောင်း သိရသည်။

STA

# မန်ယူအသင်းက နှစ်ပေါင်း ၁၁၁ နှစ်အတွင်း ပွဲအရေအတွက် အနည်းဆုံးကစားရမည့် ဘောလုံးရာသီအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ရရှိ

**မန်ချက်စတာ ဇန်နဝါရီ ၁၃**

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အက်ဖ်အေဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရပြီးနောက် အသင်း သမိုင်းတစ်လျှောက် နှစ်ပေါင်း ၁၁၁ နှစ်အတွင်း ပွဲအရေအတွက် အနည်းဆုံးကစားရမည့် ဘောလုံးရာသီအဖြစ် မှတ်တမ်းဆိုးတစ်ရပ်ကို ရရှိခဲ့ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ပရီးမီးယားလိဂ်ပြိုင်ပွဲ အမှတ်ပေးဇယား အဆင့် (၁၅)နေရာတွင်သာ ရပ်တည်ခဲ့သဖြင့် ဥရောပအဆင့်ပြိုင်ပွဲများကို လွဲချော်ခဲ့ရပြီး ပြည်တွင်းပြိုင်ပွဲများ ဖြစ်သည့် ပရီးမီးယားလိဂ်ပြိုင်ပွဲ၊ အက်ဖ်အေဖလားပြိုင်ပွဲ၊ ကွာရာဘောင်းဖလား ပြိုင်ပွဲတို့ကိုသာ ကစားခဲ့ရခြင်းဖြစ်သည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင်လည်း ဆက်လက်ရုန်းကန်နေရပြီး ကွာရာဘောင်းဖလားပြိုင်ပွဲ ဒုတိယအဆင့်တွင် ဂရင်းဘိုင်အသင်းကို ရှုံးနိမ့်ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသကဲ့သို့ အက်ဖ်အေဖလားပြိုင်ပွဲ တတိယအဆင့်တွင်လည်း ဘရိုက်တန်အသင်းကိုရှုံးနိမ့်ပြီး ပြိုင်ပွဲမှထွက်ခွာခဲ့ရသဖြင့် လက်ကျန်ဘောလုံးရာသီတွင် ပရီးမီးယားလိဂ်ပြိုင်ပွဲတစ်ခုသာကစားရမည်ဖြစ်သည်။

မန်ယူအသင်းသည် အသင်းသမိုင်းတစ်လျှောက် ၁၉၁၄-၁၉၁၅ ဘောလုံးရာသီက ၃၉ ပွဲသာ ကစားခဲ့ရပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း ကွာရာဘောင်းနှင့် အက်ဖ်အေဖလားပြိုင်ပွဲတို့မှ ထွက်ခွာခဲ့ရသဖြင့် လက်ရှိ ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၁ ပွဲ ကစားထားပြီး အက်ဖ်အေဖလားပြိုင်ပွဲတွင် တစ်ပွဲ၊ ကွာရာဘောင်းဖလား ပြိုင်ပွဲတွင် တစ်ပွဲ စုစုပေါင်း ၂၃ ပွဲ ကစားထားကာ လက်ကျန်ပွဲစဉ်များအဖြစ် ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၇ ပွဲသာ ကစားရမည် ဖြစ်သည့်အတွက် စုစုပေါင်း ပွဲ ၄၀ သာ ကစားရမည်ဖြစ်သောကြောင့် အသင်းသမိုင်းတစ်လျှောက် ၁၁၁ နှစ်အတွင်း ပွဲအရေအတွက် အနည်းဆုံးကစားရမည့် ဘောလုံးရာသီအဖြစ် မှတ်တမ်းဆိုးကို ပြန်လည်ရရှိခဲ့ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# WBC ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံကာကွယ်ပွဲစဉ်အဖြစ် မာရီယိုက ဂါစီယာနှင့် ထိုးသတ်မည်

**လက်စ်ဗီးဂတ် ဇန်နဝါရီ ၁၃**

WBC ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိချန်ပီယံ အမေရိကန်လက်ဝှေ့သမား မာရီယိုသည် စိန်ခေါ်သူ တစ်နိုင်ငံတည်းသား လက်ဝှေ့သမား ဂါစီယာနှင့် ဖေဖော်ဝါရီ ၂၁ ရက်တွင် အမေရိကန်နိုင်ငံ လက်စ်ဗီးဂတ်မြို့၌ ထိုးသတ်မည်ဖြစ်ကြောင်း DAZN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မာရီယိုနှင့် ဂါစီယာတို့သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကသို့ ဝင်ရောက်ခဲ့ပြီးနောက် ရှုံးပွဲနှစ်ပွဲစီသာရှိထားသည့် လက်ဝှေ့သမားများဖြစ်ကြသည်။

ဂါစီယာသည် လက်ဝှေ့လောကတွင် မကြာခဏ အငြင်းပွားဖွယ်ရာ



ကိစ္စများ ဖန်တီးလေ့ရှိသကဲ့သို့ ပြိုင်ဘက်တိုင်း အတွက်လည်း ခက်ခဲသည့် လက်ဝှေ့သမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရသူဖြစ်သည်။

မာရီယိုသည် နောက်ဆုံးထိုးသတ်ခဲ့သည့် ပွဲစဉ်အဖြစ် ဖိလစ်ပိုင်လက်ဝှေ့သမား ပက်ကွီအိုနှင့် WBC ဝယ်သာဝိတ်တန်း ချန်ပီယံကာကွယ်ပွဲစဉ် ထိုးသတ်ခဲ့ရာ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး လက်ရှိချန်ပီယံကို ဆက်လက်ထိန်းသိမ်းနိုင်ခဲ့သူဖြစ်သည်။

မာရီယိုက "လက်ရှိချန်ပီယံကို ကာကွယ်သွားဖို့အတွက် ဂါစီယာနဲ့ ထိုးသတ်သွားမှာဖြစ်ပါတယ်။ ဖေဖော်ဝါရီ ၂၁ ရက်အဖြစ် စိန်ခေါ်ပွဲကို ရက်သတ်မှတ်လိုက်ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပွဲစဉ်နဲ့ပတ်သက်ပြီး သတင်းတွေထွက်နေတာတော့ကြာပါပြီ။ အခု သဘောတူညီချက်ရသွားလို့ ကျွန်တော်တို့ပွဲစဉ်နဲ့ ပတ်သက်ပြီး သတင်းထွက်ပေါ်နေတာ အတည်ဖြစ်သွားပါပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : DAZN

Trs : AZL

# အယ်လ်ဟီလယ်အသင်းကိုရှုံးနိမ့်ပြီးနောက် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် အယ်လ်နာဆာအသင်း လေးပွဲဆက်နိုင်ပွဲ ပျောက်ဆုံး




ရီယာဒ် ဇန်နဝါရီ ၁၃

ဆော်ဒီပရိုလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄) အဖြစ်ကစားခဲ့သည့် အယ်လ်ဟီလယ်အသင်းနှင့် အယ်လ်နာဆာ အသင်းတို့ပွဲစဉ်တွင် အယ်လ်နာဆာအသင်းက သုံးဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ပြီးနောက် ဆော်ဒီပရိုလိဂ်ပြိုင်ပွဲတွင် လေးပွဲဆက် နိုင်ပွဲ ပျောက်ဆုံးခဲ့သည့်အပြင် ချန်ပီယံဆုအတွက်ပါ မျှော်လင့်ချက် နည်းပါးလာခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

စီရော်နယ်ဒို ဦးဆောင်နေသည့် အယ်လ်နာဆာအသင်းသည် ယခုနှစ်ဘောလုံးရာသီအစပိုင်းက ၁၀ ပွဲဆက် အနိုင်ရသည့်အသင်း အဖြစ် မှတ်တမ်းဝင်ခဲ့သော်လည်း ပွဲစဉ်(၁၁)အဖြစ် ကစားခဲ့သည့် အယ်လ်အီတီဖက်အသင်းနှင့် ပွဲစဉ်တွင် သရေရလဒ် ထွက်ပေါ်ခဲ့ပြီးနောက် နိုင်ပွဲဆက်မှုရပ်တန့်ခဲ့သည့်အပြင် ပွဲစဉ်(၁၂)တွင် အယ်လ်အာလီအသင်းကို သုံးဂိုး နှစ်ဂိုး၊ ပွဲစဉ်(၁၃)တွင် အယ်လ်ကွာဆက်အသင်းကို နှစ်ဂိုး တစ်ဂိုး၊ အယ်လ်ဟီလယ်အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် သုံးပွဲဆက် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အယ်လ်နာဆာ အသင်းသည် ဆော်ဒီပရိုလိဂ် ပြိုင်ပွဲတွင် ၂၀၁၈-၂၀၁၉ ဘောလုံးရာသီပြီးနောက် ချန်ပီယံဆု ဆွတ်ခူးနိုင်ခြင်းမရှိသည့်အတွက် ဥရောပမှ ထိပ်တန်း ကစားသမားများဖြစ်သည့် စီရော်နယ်ဒို၊ ဂျာအိုဖီးလစ်၊ ဘရိုဇိုဗစ်၊ ကိုးလ်မန်း၊ မာနေး အစရှိသည့် ကစားသမားများကို ခေါ်ယူထားသော်လည်း ချန်ပီယံဆုဆွတ်ခူးနိုင်ခြင်း မရှိသေးဘဲ ရှန်းကန်နေရဆဲ ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# ၂၀၂၅ ခုနှစ်အတွင်း ဂျာစီအရောင်းရဆုံးစာရင်းတွင် ရီးရဲလ်မက်ဒရစ်အသင်း ထိပ်ဆုံး၌ရပ်တည်

မက်ဒရစ် ဇန်နဝါရီ ၁၃

Give Me Sports သတင်းဝက်ဘ်ဆိုက်၏ စစ်တမ်းကောက်ဖော်ပြချက်အရ ၂၀၂၅ ခုနှစ်အတွင်း ဂျာစီအရောင်းရဆုံး ကလပ်အသင်း စာရင်းတွင် ရီးရဲလ်မက်ဒရစ် အသင်းက ထိပ်ဆုံး၌ ရပ်တည်ခဲ့ကြောင်း Give Me Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း ရီးရဲလ်မက်ဒရစ်အသင်းသည် ဂျာစီအထည်ရေ ၃၁၃၃၀၀၀ ထိ ရောင်းချခဲ့ရပြီးနောက် ဘောလုံးလောကတွင် ရောင်းအားအကောင်းဆုံး ကလပ်အသင်းအဖြစ် ထိပ်ဆုံးတွင် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ပြီး အစောပိုင်းနှစ်များက ဂျာစီအရောင်းရဆုံး ကလပ်အသင်းများ စာရင်းတွင် အဆင့်(၅)နေရာအတွင်း နှစ်စဉ်ဝင်ရောက်ခဲ့သည့် မန်ယူအသင်းသည် ရောင်းအားများ သိသိသာသာကျဆင်းခဲ့ပြီး အဆင့်(၇)နေရာတွင်သာ ရပ်တည်ခဲ့သည်။

၂၀၂၅ ခုနှစ်အတွင်း ဂျာစီအရောင်းရဆုံး ကလပ်အသင်း ၁၀ သင်းစာရင်း၌ ရီးရဲလ်မက်ဒရစ်အသင်းနောက်တွင် ဘာစီလိုနာအသင်းက အထည်ရေ ၂၈၄၀၀၀၀ ဖြင့် အဆင့် (၂)၊ ပီအက်စ်ဂျီအသင်းက အထည်ရေ ၂၅၄၆၀၀၀ ဖြင့် အဆင့်(၃)၊ ဘိုင်ယန်မြူးနစ်အသင်းက အထည်ရေ ၂၃၇၇၀၀၀ ဖြင့် အဆင့်(၄)၊ အင်တာမီယာမီအသင်းက အထည်ရေ ၂၃၆၆၀၀၀ ဖြင့် အဆင့်(၅)၊ ဘိုကာဂျူနီယာအသင်းက အထည်ရေ ၁၉၃၃၀၀၀ ဖြင့် အဆင့်(၆)၊ မန်ယူအသင်းက အထည်ရေ ၁၈၅၅၀၀၀ ဖြင့် အဆင့်(၇)၊ ဖလာမင်ဂိုအသင်းက အထည်ရေ ၁၆၇၇၀၀၀ ဖြင့် အဆင့်(၈)၊ ချယ်ဆီးအသင်းက အထည်ရေ ၁၄၂၂၀၀၀ ဖြင့် အဆင့်(၉)၊ အယ်လ်နာဆာအသင်းက အထည်ရေ ၁၂၈၁၀၀၀ ဖြင့် အဆင့်(၁၀)နေရာတို့တွင် အသီးသီး ရပ်တည်ခဲ့ကြကြောင်း သိရသည်။

Ref : Give Me Sports

Trs : STA

# ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အက်ဖ်အေဖလား စတုတ္ထအဆင့် မဲခွဲပွဲကျင်းပ

လန်ဒန် ဇန်နဝါရီ ၁၃

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ အက်ဖ်အေဖလား စတုတ္ထအဆင့် မဲခွဲပွဲကို ဇန်နဝါရီ ၁၂ ရက်က လီဗာပူးအသင်း၏ အိမ်ကွင်း An-Field ကွင်းတွင် ပြုလုပ်ခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါမဲခွဲပွဲတွင် ပြီးခဲ့သည့်ရက်ပိုင်းက မန်ယူအသင်းကို အနိုင်ရခဲ့သည့် ဘရိုက်တန်အသင်းက လီဗာပူးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အာဆင်နယ်အသင်းက လိဂ်ဝမ်းကလပ် ဝီဂန်အသင်း၊ချယ်ဆီးအသင်းက ချန်ပီယံရှစ်ကလပ် ဟူးလ်စီးတီးအသင်း၊ မန်စီးတီးအသင်းက ဇန်နဝါရီ ၂၂ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဆဲလ်ဖို့ဒ်အသင်းနှင့် ဆွစ်ဒန်အသင်းတို့မှ အနိုင်ရမည့်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ထို့ပြင် အဆိုပါမဲခွဲပွဲတွင် အေဗီလာအသင်းနှင့် နယူးကာဆယ်အသင်း၊ ဘာမင်ဂမ်အသင်းနှင့် လိဒ်အသင်း၊ ဘန်လေအသင်းနှင့် မန်ဖီးလ်အသင်း၊ ဘာတန်အသင်းနှင့် ဝက်စ်ဟမ်းအသင်း၊ ဂရင်းဘိုင်အသင်းနှင့် ဝုဖ်အသင်း၊ မက္ကလက်ဖီးလ်အသင်းနှင့် ဘရန့်ဖို့ဒ်အသင်း၊ နော့ဝှစ်ချ်အသင်းနှင့် ဝက်စ်ဘရွန်းအသင်း၊ ပေါ့စ်မေ့လ်အသင်းနှင့် ဘရစ္စတိုးအသင်း၊ အောက်ဖို့ဒ်အသင်းနှင့် ဆန်းဒါးလန်းအသင်း၊ ဆောက်သမ်တန်အသင်းနှင့် လက်စတာအသင်း၊ စတုတ်စီးတီးအသင်းနှင့် ဖူလ်ဟမ်အသင်း၊ ဝရက်ဟမ်အသင်းနှင့် အစ်ဗ်စ်ချ်အသင်းတို့ အသီးသီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အက်ဖ်အေဖလား စတုတ္ထအဆင့် ပွဲစဉ်များကို ဖေဖော်ဝါရီ ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အဆိုပါအဆင့်တွင် အနိုင်ရမည့် အသင်းများအနေဖြင့် ဆုကြေးငွေ စတာလင်ပေါင် ၁၂၇၀၀၀ ခန့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ရီးရဲလ်မက်ဒရစ်အသင်းက နည်းပြအလွန်ဆိုနှင့် လမ်းခွဲပြီးနောက် ရီးရဲလ်မက်ဒရစ်လူငယ်အသင်း နည်းပြအာဘီလိုအာကို အစားထိုးခန့်အပ်




မက်ဒရစ် ဇန်နဝါရီ ၁၃

စပိန်ကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် အသင်း၏ နည်းပြအလွန်ဆိုနှင့် လမ်းခွဲခဲ့ပြီး ရီးရဲလ်မက်ဒရစ်လူငယ်အသင်း နည်းပြအာဘီလိုအာကို အစားထိုးခန့်အပ်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နည်းပြအလွန်ဆိုသည် ရီးရဲလ်မက်ဒရစ်အသင်းက ဘာစီလိုနာအသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် စပိန်စူပါဖလား ဖိုင်နယ်ပွဲစဉ်အပြီး နာရီပိုင်းအကြာတွင် ထုတ်ပယ်ခဲ့ပြီး ရီးရဲလ်မက်ဒရစ် လူငယ်အသင်းနည်းပြ အာဘီလိုအာကို အစားထိုးခန့်အပ်ခဲ့သည်ဟု ကြေညာခဲ့သည်။

အသက် ၄၄ နှစ်ရှိ နည်းပြအလွန်ဆိုသည် ရီးရဲလ်မက်ဒရစ်အသင်း၏ ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်ပြီး အသင်းနှင့် ငါးနှစ်ကြာကစားခဲ့ကာ စပိန်လာလီဂါဖလား၊ ချန်ပီယံလိဂ်ဆုဖလား အပါအဝင် ဆုဖလားအောင်မြင်မှုများရရှိခဲ့သူဖြစ်ပြီး ရီးရဲလ်မက်ဒရစ်အသင်း နည်းပြအဖြစ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် စတင်တာဝန်ယူကိုင်တွယ်ခဲ့သူဖြစ်သည်။

ထို့ပြင် ရီးရဲလ်မက်ဒရစ်အသင်းက အစားထိုးခန့်အပ်ခဲ့သည့် အသက် ၄၂ နှစ်ရှိ နည်းပြအာဘီလိုအာသည် ကစားသမားဘဝတွင် ရီးရဲလ်မက်ဒရစ် အသင်းနှင့် ချန်ပီယံလိဂ်ဆုဖလား နှစ်ကြိမ်၊ စပိန်ဘုရင့်ဖလား နှစ်ကြိမ်၊ စပိန်လာလီဂါဖလား တစ်ကြိမ်တို့ အပါအဝင် ဆုဖလားအောင်မြင်မှုများရရှိခဲ့ကာ ကစားသမားဘဝမှ အနားယူပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် ရီးရဲလ်မက်ဒရစ်အကယ်ဒမီသို့ နည်းပြဖြစ်ရောက်ရှိခဲ့ပြီး ၂၀၂၅ ခုနှစ် ဇွန်လတွင် လူငယ်အသင်းနည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်ကြောင်း သိရသည်။

Ref : Espn

Trs : ML

# PGA Tour က အဖွဲ့ဝင်အဖြစ် ပြန်လည်လျှောက်ထားလာသည့် ကိုပ်ကာကို လက်ခံကြောင်း ထုတ်ပြန်

ဖလော်ရီဒါ ဇန်နဝါရီ ၁၃

အမေရိကန်နိုင်ငံ၏ လက်ရှိအကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားစာရင်းဝင် ကိုပ်ကာသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် LIV Golf အဖွဲ့ချုပ်နှင့် လမ်းခွဲပြီးနောက် PGA Tour အဖွဲ့ချုပ်နှင့် ပြန်လည်ပူးပေါင်းရန် လျှောက်ထားမှုကို PGA Tour က အဖွဲ့ဝင်အဖြစ် ပြန်လည် လက်ခံခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



LIV Golf အဖွဲ့ချုပ်နှင့် ၂၀၂၂ ခုနှစ်မှ စတင်ပူးပေါင်းခဲ့ပြီးနောက် ဝေဖန်မှုများစွာ ရင်ဆိုင်ခဲ့ရသည့် ကိုပ်ကာသည် PGA Tour နှင့် ပြန်လည်ပူးပေါင်းမှုကို လက်ရှိကမ္ဘာ့အကောင်းဆုံး ဂေါက်သီးရိုက်ကစားသမားများ စာရင်းတွင် ပါဝင်နေသူများနှင့် ဂန္ထဝင်ဂေါက်သီးရိုက် ကစားသမားကြီးများက ကြိုဆိုကြောင်း အသီးသီး ထုတ်ပြန်ခဲ့ကြသည်။

LIV Golf အဖွဲ့ချုပ်သည် စာချုပ်ကြေး အမြောက်အမြားဖြင့် ကမ္ဘာ့အဆင့် ကစားသမားများကို ဖိတ်ခေါ်ကာ ၎င်းတို့၏ အရှိန်အဝါကို မြှင့်တင်ရန် ကြိုးစားကြသော်လည်း ကိုပ်ကာကို ပြန်လည်လက်လွှတ်ခဲ့ခြင်းသည် LIV Golf အဖွဲ့ချုပ်အတွက် ကြီးမားသည့် ဆုံးရှုံးမှုတစ်ရပ်ဖြစ်သည်။

PGA Tour အဖွဲ့ချုပ်က အဖွဲ့ဝင်အဖြစ် လက်ခံခဲ့ကြောင်းကို ထုတ်ပြန် ကြေညာခဲ့ပြီးနောက် ကိုပ်ကာက“PGA Tour ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ဆိုတာက ကျွန်တော့်ရဲ့ ငယ်ဘဝအိပ်မက်ဖြစ်ပါတယ်။ အခုဆိုရင် PGA Tour ကို ပြန်လာနိုင်ပြီလို့ တရားဝင်ကြေညာဖို့ စိတ်လှုပ်ရှားနေပါတယ်။ PGA Tour ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်တာက မိသားစုနဲ့ နီးနီးကပ်ကပ် နေခွင့်ရလို့ ကျွန်တော့်အတွက် အဓိပ္ပာယ်ရှိပါတယ်။ ကျွန်တော်နှစ်သက်တဲ့ အားကစားကိုလဲ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမယ်။ မိသားစုနဲ့လဲ နီးနီးကပ်ကပ် နေခွင့်ရမဲ့အခြေအနေက ကျွန်တော့်အတွက်တော့ ပြီးပြည့်စုံတဲ့ အရာပါပဲ”ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sky Sports

Trs : AZL

# ၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ

၂၀၂၆ ခုနှစ်
စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**(ET-301) အခြေခံ ပရိုဂရမ်မိတ်ဆက် (LOGO! 8)** **ခွင့်ပြုချိန် (၃:၀၀)နာရီ**

အပိုင်း (က)

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ အောက်ပါတို့ကို မှန်လျှင်(မှန်) သို့မဟုတ် မှားလျှင် (မှား) ဟုဖြေပါ။ (၂၀ မှတ်)

(က) Backplane (သို့မဟုတ် Base Unit) သည် မတူညီသော Subsystems များအတွက် ဘုံသုံး Bus (Common Shared Bus) တစ်ခုဖြစ်ပြီး Data နှင့် Power နှစ်မျိုးလုံးကို ဖြန့်ဝေပေးပါသည်။

(ခ) CPU (Central Processing Unit) သည် PLC ၏ "ဦးနှောက်" ဖြစ်ပြီး PLC ကို အသေးစား ကွန်ပျူတာတစ်ခုအဖြစ် လုပ်ဆောင်စေသည်။

(ဂ) PLC များတွင် အဓိက I/O (၂) မျိုးရှိသည်။

(ဃ) OR ၊ AND နှင့် NOT Gate တို့သည် (Basic Gate) အခြေခံလော့ဂျစ်များဖြစ်သည်။

(င) AND gate အလုပ်လုပ်ပုံမှာ တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော input များသည် state 1 သို့ ရောက်ပါက output သည် state 1 ကို ရရှိမည်ဖြစ်သည်။

(စ) NOR Gate သည် အခြေခံ logic gate များဖြစ်သော AND နှင့် NOT gates တို့ပေါင်းစပ်ရာမှရရှိသည်။

(ဆ) AND gate ကို Electrical circuit ၏ သဘောတရားနှင့် နှိုင်းယှဉ်ကြည့်လျှင် Input Switch များကို parallel ဆက်သွယ်ထားခြင်းပင်ဖြစ်သည်။

(ဇ) AND Gate သည် Input အားလုံး (close) 1 ဖြစ်မှသာ output အလုပ်လုပ်မည်ဖြစ်သည်။

(ဈ) Overload Relay သည် မော်တာ၏ ဝန်အားကိုစောင့်ကြည့်ပြီး အလွန်မြင့်မားသော ဝန်အား ဖြစ်ပေါ်ပါက မော်တာသို့စီးဆင်းနေသော လျှပ်စစ်ဓာတ်အားကို ဖြတ်တောက်ပေးသည်။

(ည) Jogging ပိုင်းသည် Full Voltage ဖြင့် စတင်သောကြောင့် High Torque (အမြင့်လှည့်အား) ရနိုင်ပါသည်။

၂။ အောက်ပါတို့၏ အဖြေမှန်ကို ရွေး၍ နံပါတ်နှင့် အဖြေကို ရေးပါ။ (၂၀ မှတ်)

(က) ..................... သည် မတူညီသော Subsystems များအတွက် ဘုံသုံး Bus (Common Shared Bus) တစ်ခုဖြစ်ပြီး Data နှင့် Power နှစ်မျိုးလုံးကို ဖြန့်ဝေပေးပါသည်။
(၁)Power Supply (၂)Backplane (၃)Input/Output module

(ခ) .....................သည် LOGO! စနစ်များကို အင်တာနက်မှတစ်ဆင့် အဝေးထိန်းချုပ်ရန်နှင့် စောင့်ကြည့်ရန် အခမဲ့ဖန်တီးပေးထားသော စနစ်တစ်ခုဖြစ်ပါသည်။
(၁)HMI (၂)LWE (၃)Expension module

(ဂ) XOR နှင့် XNOR Gate များသည် ................ အမျိုးအစား gate များဖြစ်ကြသည်။
(၁) အခြေခံကျသော Gate များ (Basic Gates) (၂) ပြောင်းလဲခြင်းမရှိသော Gate များ (Universal Gates) (၃) ဆင့်ပွားလာသော Gate များ (Derived Gates)

(ဃ) ............တွင် input သည် state 0 ကိုရရှိပါက output သည် state 1 ကိုရရှိမည်ဖြစ်သည်။
(၁) AND gate (၂) OR gate (၃) NOT gate

(င) input များအားလုံး state 1 ဖြစ်နေမှသာ .................. gate ၏ outputသည် state 0 ထုတ်ပေးမည် ဖြစ်သည်။
(၁) NOR (၂) NAND (၃) XOR

(စ) Input များအားလုံး state 0 ဖြစ်နေမှသာ ......... gate ၏ output သည် state 1 ထုတ်ပေးမည် ဖြစ်သည်။
(၁) NOR (၂) NAND (၃) XOR

(ဆ) ...................တွင် timer functions, retentive functions အစရှိသည်တို့နှင့် parameter အမျိုးမျိုးတို့ ပါဝင်ပြီး လိုအပ်သလို assign ပြုလုပ်နိုင်သော လုပ်ဆောင်ချက်များပါဝင်သည်။
(၁) General Function (၂) Constant contactor (၃)Special Function

(ဇ) Function စတင်အလုပ်လုပ်နိုင်ရန် ............... ကို Signal ပေးရသည်။
(၁) S (Set) (၂) Trg (Trigger) (၃) R (Reset)

(ဈ) ................ သည် မော်တာကို လိုင်းဗို့အားနှင့် ချိတ်ဆက်ရန် အသုံးပြုသော Electric Switch ဖြစ်သည်။
(၁) Breaker (၂) Fuse (၃) Main contactor

(ည) Jogging ပိုင်းသည် Full Voltage ဖြင့် စတင်သောကြောင့် ..........................
(၁) low torque ဖြစ်နိုင်သည်။ (၂)high torque ဖြစ်နိုင်သည်။ (၃) မော်တာရပ်သွားနိုင်သည်။

အပိုင်း (ခ)

**အောက်ပါမေးခွန်းများမှနှစ်သက်ရာ(၃ ပုဒ်)ကိုဖြေဆိုပါ။**

၃။ (က) LWE (LOGO Web Editor) ဆိုသည်မှာ အဘယ်နည်း ရှင်းလင်းဖြေဆိုပါ။ (၅ မှတ်)

(ခ) NAND gate တွင် input အရေအတွက် (၄)ခုပေး၍ Truth Table တစ်ခုတည်ဆောက်ပါ။ (၁၅ မှတ်)

၄။ (က) အခြေခံကျသော Logic gate များကိုဖော်ပြ၍ ၎င်းတို့အကြောင်း ပုံနှင့်တကွ ရှင်းလင်းဖြေဆိုပါ။ (၁၀ မှတ်)

(ခ) ON Delay အကြောင်းကို လိုအပ်သော ပုံနှင့်တကွ ပြည့်စုံစွာ ရှင်းလင်းပြပါ။ (၁၀ မှတ်)

၅။ (က) AND gate ၏ အလုပ်လုပ်ပုံကို Electrical circuit ၏ သဘောတရားနှင့် နှိုင်းယှဉ်၍ ပုံနှင့်တကွ ဖြေဆိုပါ။ (၆ မှတ်)

(ခ) Input (၄)ခု Output (၁) ခုဖြင့် AND gate ဆက်သွယ်ပုံကို Function blog ဖြင့်ဆွဲပြပါ။ (၂ မှတ်)

(ဂ) Input (၄) ခု Output (၁) ခုဖြင့် AND gate ဆက်သွယ်ပုံကို Ladder ဖြင့် ဆွဲပြပါ။ (၂ မှတ်)

(ဃ) AND logic ဖြင့် Output table ကို ဖော်ပြပါ။ (၁၀ မှတ်)

၆။ Jogging (သို့မဟုတ်) Inching control အလုပ်လုပ်ပုံကို Ladder diagram နှင့်တကွ ရှင်းပြပါ။ (၂၀ မှတ်)

***************************** END of QUESTIONS **********************************

**မှတ်ချက်** ။ ။ အပိုင်း (ခ) တွင် မေးခွန်းများအား တစ်ပုဒ်လျှင် ၂၀ မှတ်တန် သို့မဟုတ် ၁၀ မှတ်တန် (က)၊ (ခ) ခွဲ၍ မေးနိုင်ပါသည်။

---

၂၀၂၆ ခုနှစ်
စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**ET-302 (စက်မှုလုပ်ငန်းသုံးလျှပ်စစ်မော်တာထိန်းချုပ်မှု)** **ခွင့်ပြုချိန် (၃:၀၀)နာရီ**

အပိုင်း (က)

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ အောက်ပါတို့ကို မှန်လျှင်(မှန်) သို့မဟုတ် မှားလျှင် (မှား) ဟုဖြေပါ။ (၂၀ မှတ်)

(က) Inching ကို မော်တာမှ Full line voltage နှင့် ခဏတာချိတ်ဆက်ခြင်းဖြင့် လုပ်ဆောင်သည်။

(ခ) Normally close push button ကို လျှပ်စစ်ပတ်လမ်းအား stop ပြုလုပ်ရန် အဓိက အသုံးပြုသည်။

(ဂ) Wiring diagram သည် control ကိရိယာများနှင့် ချိတ်ဆက်ထားသော ဝိုင်ယာများ၏ သရုပ်ပုံဖော်ပြချက်ဖြစ်သည်။

(ဃ) Phase unbalance သည် Electric motor အား အသုံးပြုမောင်းနှင်ရာတွင် motor ၏ terminal များတွင် ပေးသွင်းသော ဗို့အားမညီမျှခြင်းကြောင့် ဖြစ်ပေါ်သည်။

(င) Fuses နှင့် circuit breakers ကို motor protection အတွက် အသုံးပြုသည်။

(စ) စက်ရုံအလုပ်ရုံများတွင် ပိုမို၍ အဆင်ပြေလိုက်လျောညီထွေရှိသော Two-wire control များကို အသုံးပြုကြသည်။

(ဆ) Thermostat control သည် အပူကွိုင်၏ လုပ်ဆောင်ချက်ကို ထိန်းချုပ်သည်။

(ဇ) Induction motor သည် စတင်လည်ပတ်ချိန်တွင် starting current များ ပိုမိုလိုအပ်သည်။

(ဈ) DOL Starter သည် Star Delta နှင့် Soft Starter တို့နှင့် ယှဉ်လျှင် ကုန်ကျစရိတ် ပိုများသည်။

(ည) Interlocking သည် လုပ်ဆောင်ချက်တစ်ခု လုပ်ဆောင်နေစဉ် အခြားလုပ်ဆောင်ချက်များ လုပ်ဆောင်ခြင်းမှ ကာကွယ်ပေးသည်။

၂။ အောက်ပါတို့၏ အဖြေမှန်ကို ရွေး၍ နံပါတ်နှင့် အဖြေကို ရေးပါ။ (၂၀ မှတ်)

(က) Metal oxide varistor သည် ခုခံမှုတန်ဖိုးကို အလွန်လျင်မြန်စွာ ပြောင်းလဲနိုင်ပြီး ယေဘုယျအားဖြင့် ------------- nanosecond အတွင်းဖြစ်သည်။
(၁) 3 မှ 10 (၂) 5 မှ 10 (၃) 3 မှ 13

(ခ) Jogging ကို မော်တာမှ ------------- နှင့် ခဏတာချိတ်ဆက်ခြင်းဖြင့် လုပ်ဆောင်သည်။
(၁) Full line voltage (၂) Reduced voltage (၃) Rated voltage

(ဂ) ------------- သည် starter coil အား ပြင်းထန်စွာ လောင်ကျွမ်းစေပြီး ပုံပျက်စေသည်။
(၁) Voltage unbalance (၂) Single phasing (၃) Phase unbalance

(ဃ) ------------- သည် အမှန်တကယ် အသုံးပြုထားသော ပကတိခလုတ်များ၏ တည်နေရာကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ကိရိယာများ၏ electrical sequence ကို ပြသသည်။
(၁) Wiring diagram (၂) Schematic diagram (၃) Control diagram

(င) Motor များသည် စတင်လည်ပတ်ချိန်တွင် ဖော်ပြထားသော Full load current ၏ ---------- ဆွဲယူအသုံးပြုသည်။
(၁) ၄၀၀% မှ ၈၀၀% (၂) ၃၀၀% မှ ၈၀၀% (၃) ၃၀၀% မှ ၇၀၀%

(စ) Control Circuit များကို အဓိက အမျိုးအစား ------------- မျိုး ခွဲခြားနိုင်သည်။
(၁) နှစ် (၂) သုံး (၃) လေး

(ဆ) ------------- နှစ်ခုကို ဘွိုင်လာအတွင်းရှိ ရေအနည်းနှင့်အများအခြေအနေကို သိရှိရန်အတွက် အသုံးပြုသည်။
(၁) Float switch (၂) Overload relay (၃) Thermal relay

(ဇ) DOL Starter သည် ------------- အထိ motor များအတွက်သာ သင့်တော်ပါသည်။
(၁) 3 HP (၂) 5 HP (၃) 7 HP

(ဈ) Fault conditions များတွင် ------------- သည် Electromagnetic contactor ကို open ဖြစ်စေသည်။
(၁) Fuse (၂) Circuit breaker (၃) Thermal overload relay

(ည) Reversing starter များတွင် contactor နှစ်လုံးတစ်ပြိုင်နက် energize ဖြစ်ခြင်းမှ ကာကွယ်ရန် --------- ---- ကို အသုံးပြုကြသည်။
(၁) interlocking (၂) jogging (၃) inching

စာမျက်နှာ ၁၁ သို့ »»

»» စာမျက်နှာ ၁၀မှ အဆက်

အပိုင်း (ခ)

အောက်ပါမေးခွန်းများမှ နှစ်သက်ရာ(၃ ပုဒ်)ကိုဖြေဆိုပါ။

၃။ (က) လျှပ်စစ်မော်တာများ ပျက်စီးရခြင်းအကြောင်းများကို ဖော်ပြပါ။ (၅ မှတ်)
(ခ) Jogging နှင့် inching တို့၏ ကွာခြားချက်များကို ရှင်းပြပါ။ (၅ မှတ်)
(ဂ) မည်သည့် Control စနစ်တွင်မဆို အရေးကြီးဆုံး လုပ်ဆောင်ချက်မှာ အဘယ်နည်း။ (၅ မှတ်)
(ဃ) Motor နှင့် circuit ကာကွယ်ခြင်းအကြောင်းကို ရှင်းပြပါ။ (၅ မှတ်)

၄။ (က) Motor control circuit များတွင် အသုံးပြုသော component များနှင့် device များကို စာရင်းပြုစုပါ။ (၈ မှတ်)
(ခ) (က) Thermal relay (ခ) magnetic relay (ဂ) electronic relay တို့အကြောင်း မှတ်စုတိုရေးပါ။ (၇ မှတ်)
(ဂ) Magnetic contactor ၏ အားသာချက်များကို ဖော်ပြပါ။ (၅ မှတ်)

၅။ (က) Schematic diagram ဆိုသည်မှာ အဘယ်နည်း။ အသေးစိတ်ရှင်းပြပါ။ (၅ မှတ်)
(ခ) Wiring diagram ဆိုသည်မှာ အဘယ်နည်း။ အသေးစိတ်ရှင်းပြပါ။ (၅ မှတ်)
(ဂ) DOL starter ၏ အားသာချက်၊ အားနည်းချက်နှင့် အသုံးဝင်ပုံများကို ဖော်ပြပါ။ (၁၀ မှတ်)

၆။ (က) Mechanical interlocking အကြောင်း ဆွေးနွေးရှင်းလင်းပါ။ (၁၀ မှတ်)
(ခ) Double acting push button ကို အသုံးပြုထားသော Electrical interlocking အကြောင်း ဆွေးနွေးရှင်းလင်းပါ။ (၁၀ မှတ်)

.............................................................................

## ၂၀၂၆ ခုနှစ်

## စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲ

## မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**(ET-303) လျှပ်စစ်ဆိုင်ရာစက်ပစ္စည်းများ** **ခွင့်ပြုချိန် (၃:၀၀)နာရီ**

အပိုင်း (က)

မေးခွန်းအားလုံးဖြေဆိုပါ။

၁။ အောက်ပါတို့ကို မှန်လျှင်(**မှန်**) သို့မဟုတ် မှားလျှင် (**မှား**) ဟုဖြေပါ။ (၂၀ မှတ်)
(က) သံလိုက်တစ်ခု၏ ပတ်ဝန်းကျင်တွင် သံလိုက်အားလမ်းကြောင်းများသည် တစ်ခုနှင့်တစ်ခု ဖြတ်လျက် မရှိပါ။
(ခ) Transformer တစ်လုံးတွင် AC supply နှင့်ဆက်သွယ်ထားသော winding ကို primary winding ဟု ခေါ်သည်။
(ဂ) Core အမျိုးအစား three-phase Transformer ၏ core တွင် တူညီသော ဧရိယာရှိသည့် limbs သုံးခုရှိသည်။
(ဃ) တိုက်ရိုက်လျှပ်စစ်ထုတ်စက် (dc generators) တွင် အမြဲတမ်းသံလိုက်များမှ သံလိုက်စက်ကွင်းကို ထုတ်လုပ်ပေးသည်။
(င) DC motor သည် direct current ကို စက်ပိုင်းဆိုင်ရာ အလုပ်အဖြစ်သို့ ပြောင်းလဲပေးသည့် ကိရိယာ ဖြစ်သည်။
(စ) Stamping ၏အထူသည် အများအားဖြင့် 0.3mm မှ 0.5mm အထိ ရှိသည်။
(ဆ) Rotor သည် motor တစ်လုံး၏ လည်နေသော အပိုင်းဖြစ်သည်။
(ဇ) Induction machine များကို asynchronous machine များဟု ခေါ်သည်။
(ဈ) ပုံမှန်လည်ပတ်နေချိန်တွင် rotor ၏ frenquency သည် အလွန်သေးငယ်သောကြောင့် loss ပါဝါဆုံးရှုံးမှု အလွန်နည်းပါးသည်။
(ည) Synchronous machine တွင် အဓိက အစိတ်အပိုင်းနှစ်ခုမှာ armature winding နှင့် magnetic field တို့ဖြစ်သည်။

၂။ အောက်ပါတို့၏ အဖြေမှန်ကိုရွေး၍ နံပါတ်နှင့် အဖြေကို ရေးပါ။ (၂၀ မှတ်)
(က) magnetic flux ၏ unit မှာ ...... ဖြစ်သည်။
(၁) Weber(Wb) (၂) Tesla(T) (၃) Wb/m²
(ခ) အရာဝတ္ထုတစ်ခုတွင် သံလိုက်အားလမ်းကြောင်းများ ဆက်သွယ်ဖြတ်သန်း စီးဆင်းနိုင်သော စွမ်းရည်ကို ၎င်းအရာဝတ္ထု၏ ......... ဟုခေါ်သည်။
(၁) Conductivity (၂) Resistivity (၃) permeability
(ဂ) Transformer core ၏ Magnetic circuit တွင် limbs နှင့် ....... သည်အဓိကပါဝင်သည်။
(၁) insulation (၂) yokes (၃) bushings
(ဃ) hysteresis နှင့် ....... losses သည် သံလိုက် Core တွင် ဖြစ်ပေါ်သည်။
(၁) eddy current (၂) mechanical (၃) copper
(င) Limbs များနှင့် yokes များ၏ ဖြတ်ပိုင်းဧရိယာသည် တူညီသောကြောင့် ၎င်းတို့တွင် ..... ဖြစ်ပေါ်မှု ပမာဏတူညီသည်။
(၁) current (၂) flux (၃) voltage
(စ) Transformer သည် သတ်မှတ်ထားသော output တွင် အလုပ်လုပ်နေသောအခါ အပူချိန်သည် ...... မှ 60 °C ထက်မပိုစေရပါ။
(၁) 35 °C (၂) 45 °C (၃) 25 °C
(ဆ) Armature winding ကို ........ ပုံ ရစ်ပတ်ထားပြီး Armature ၏ မြောင်းများ (slots) များထဲတွင် ထည့်သွင်းထားသည်။
(၁) တြိဂံ (၂) အပိုင်း (၃) လေးထောင့်
(ဇ) Commutator ကို လျှပ်ကာထားသော ....... အပိုင်းများဖြင့် ပြုလုပ်ထားသည်။
(၁) ကြေးနီ (၂) ကာဗွန် (၃) အလူမီနီယံ
(ဈ) Salient pole type Synchronous machine တွင် pole pitch ၏ 2/3 ကို pole shoes များဖြင့် ဖုံးအုပ်ထားသည်။
(၁) 1/3 (၂) 2/3 (၃) 2/5
(ည) Non-salient pole type Synchronous machine သည် မြင့်မားသောလည်ပတ်မှု အမြန်နှုန်း (......rpm) တွင် အသုံးပြုနိုင်သည်။
(၁) ၃၅၀၀ (၂) ၁၅၀၀ (၃) ၂၀၀၀

အပိုင်း (ခ)

အောက်ပါမေးခွန်းများမှ နှစ်သက်ရာ (၃ ပုဒ်)ကို ဖြေဆိုပါ။

၃။ (က) Reluctance 100000 AT/Wb ရှိသော magnetic circuit တစ်ခုတွင် coil တစ်ခုအား 250 turns ရစ်ပတ်ထားသည်။ Coil တွင် current 2 A စီးဆင်းနေပြီး 5 ms တွင် reversed ဖြစ်ခဲ့မည်ဆိုလျှင် coil တွင် ညှို့ယူရရှိမည့် average emf တန်ဖိုးကိုရှာပါ။ (၁၀ မှတ်)
(ခ) Flux density 1.2 Wb/m² ရရှိရန်လိုအပ်သော electro-magnet တစ်ခု၏ air gap မှာ 2 mm နှင့် iron path မှာ 1-meter အရှည်ရှိသည်။ Electro magnet သည် 1273 turns ရှိမည်ဆိုလျှင် လိုအပ်သော magnetising force နှင့် current ကိုတွက်ပါ။ Iron ၏ permeability အား 1500 ဟုယူဆပါ။ (၁၀ မှတ်)

၄။ (က) Power transformer တစ်လုံး၏ primary သည် 1000 turns နှင့် secondary သည် 100 turns ရှိသည်။ Core ၏ထောင့်ဖြတ်ဧရိယာသည် 6 sq နှင့် အလုပ်လုပ်နေစဉ်တွင် အမြင့်ဆုံး flux density မှာ 1 tesla ဖြစ်သည်။ Primary နှင့် secondary windings တို့၏ တစ်ဖို့တွင်ရှိသော အပတ်ရေကို ရှာပါ။ (၁၀ မှတ်)
(ခ) ဝန်သည် unity pf တွင် 20kw ဖြစ်နေစဉ် auto-transformer သည် 230Vမှ 200Vသို့ voltage level ကို stepdown လုပ်လေ့ရှိသည်။ Losses နှင့် magnetizing current ကို လျစ်လျူရှုခြင်းအားဖြင့် winding ၏ မတူညီသော အပိုင်းများရှိ လျှပ်စီးကြောင်းကိုရှာပါ။ (၁၀ မှတ်)

၅။ (က) 250 V dc shunt motor တစ်လုံးသည် full load ဖြင့် မောင်းနှင်နေစဉ် current သည် 30 A ဆွဲယူနေသည်။ Motor armature နှင့် field winding ၏ resistance များမှာ 0.1 Ω နှင့် 200 Ω တို့ဖြစ်သည်။ Full load မောင်းနှင်နေသောအချိန်တွင် motor မှ ထုတ်ပေးသော back emf ကို တွက်ပါ။ (၁၀ မှတ်)
(ခ) Resistance-start single phase induction motor ၏ Schematic Diagram ပုံကိုဆွဲပါ။ (၁၀ မှတ်)

၆။ (က) A 3-phase, 4 pole induction motor ကို 400 V, 50 Hz supply ပေးထားလျှင် အောက်ပါတန်ဖိုးကို ရှာပါ။(က) Synchronous speed. (ခ) Actual speed of the motor when running at 4% slip (ဂ) Frequency of emf induced in rotor. (၁၀ မှတ်)
(ခ) 3-phase, 4-pole, 24-slot ရှိသော alternator တစ်ခု၏ armature coils တွင် slot တစ်ခုစီကို short pitched တပ်ဆင်ထားသောအခါ (i) distribution factor နှင့် (ii) pitch factor ကို ရှာပါ။ (၁၀ မှတ်)

.............................................................................

**Objective type question**

| No | Chapter | Marks |
|---|---|---|
| 1 | 1 | 8 |
| 2 | 2 | 8 |
| 3 | 3 | 4 |
| 4 | 4 | 4 |
| 5 | 5 | 4 |
| 6 | 6 | 8 |
| 7 | 7 | 4 |
| Total | | 40 |

**Problem**

| No | Chapter | Marks |
|---|---|---|
| 1 | 1 | 10 |
| 2 | 2 | 10 |
| 3 | 5 | 10 |
| 4 | 6 | 10 |
| 5 | 7 | 10 |
| 6 | 8 | 10 |
| Total | | 60 |

Objective Type + Problem
= 40 + 60 = 100 marks

| No | Chapter | Marks |
|---|---|---|
| 1 | 1 | 20 |
| 2 | 2 | 20 |
| 3 | 5 | 10 |
| 4 | 6 | 10 |
| 5 | 7 | 10 |
| 6 | 8 | 10 |
| Total | | 80 |

Question is contain 1 choice problem
Objective Type + Problem
= 40 + 80 = 120 marks

# Youth Peace Forum 2026 opens with a keynote address delivered by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Chairman of National Solidarity and Peacemaking Central Committee Senior General Min Aung Hlaing

## National peace and progress will be achieved only through harmonious combination of youths' enthusiasm and elders' experience


Senior General Min Aung Hlaing delivers a keynote address at the opening of the Youth Peace Forum 2026.

**Nay Pyi Taw January 13**

The opening ceremony of Youth Peace Forum 2026 took place at MICC-1 here this morning, with an opening address by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Chairman of National Solidarity and Peacemaking Central Committee Senior General Min Aung Hlaing.

Also present were SSPC Vice Chairman Vice-Senior General Soe Win, SSPC member Prime Minister U Nyo Saw, SSPC Secretary General Ye Win Oo, union level dignities, union ministers, NSPCC members, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, deputy ministers, ministers responsible for social affairs of Regions and States, peace negotiators, intellectuals and intelligentsia, diplomats, departmental officials, representatives from organizations and associations, experts from various fields, youth representatives of Regions and States, youth representatives from ethnic culture and interfaith, university students and observers.

First the Senior General and party were warmly welcomed by ethnic youths.

The Vice-Senior General and eight ethnic youths formally opened the ceremony by cutting a ribbon.

The Senior General inaugurated the ceremony by pushing a button and hanging a prayer letter on the Peace Tree.

The Senior General and party posed for documentary photos with ethnic youths attending the forum. Then the Senior General and attendees looked around the exhibition held in commemoration of the Youth Peace Forum 2026.

At the second part of the ceremony, the master of ceremonies announced the opening of the Youth Peace Forum 2026, which was performed with LED animation. Then the audience paid respects to the State Flag.

Afterwards, a video clip on "Promote youth participation in peace-making and nation-building process" was screened.

In his keynote address, the Senior General said today's youths are invaluable human resources for national development. Youths are also the main force of the country as they are the persons who will carry on the responsibilities of the future State. The nation and the society can be improved more alongside the rise in qualifications, performance and morale and rational thinking power of youths. Moreover, the peace process will gain extra force through talks and exchange of views conducted through the proper knowledge on the requirements and attitudes of youths.

Over 130 different national races are residing in Myanmar and one third or 33 percent of its population is youths between ages 15 and 35. In this regard, the correct vision, belief, emotional intelligence and conviction of youths are the main requirements of the nation as they are the vital force for achieving perpetual peace.

As youths play an important role in the future State, "Promote youth participation in peace-making and nation-building process" is the theme of the Youth Peace Forum 2026.

The country fell under colonialists' occupation, and independence could be restored with the united force of the entire nationalities only after making lots of sacrifices. Although Myanmar became a sovereign and independent country, the pace of development was slow and was caught in a cycle of hardships, which must be noted and kept as a lesson. It is obvious in the eyes of all that internal and external destructive forces are trying to break up unity and destabilize the country by applying multiple means.

Because of the gross vote rigging at the 2020 election, the Tatmadaw has to restore the national political duties in accord with the law. Concealing the truth, the groups, NUG and CRPH, pushed youths towards armed terrorism, giving false hopes and indoctrinating them into wrongly believing that Tatmadaw is dragging democracy backwards. Everybody accepts that the multiparty democracy general election held on 28 December and 11 January is free and fair, and it is a proof that the country is advancing steadfastly on the path to multiparty democracy.

The armed struggle line on the wrong path has triggered a lot of losses in human resources for the democratic union and infrastructure that was in the initial stage of progress. It is a lesson for all that no result has ever come out in solving the problem through the armed struggle line for over 70 years, and the moment has arrived to see the truth that armed struggle line is the actual cause that is really driving democracy backward. The State is always extending an olive branch and will continue to do so for the armed groups including PDF to return to the legal fold in consideration of the interest of the Union if they have the same goal of establishing a Union based on federalism.

A review of efforts to promote peace and reduce and resolve conflicts in the country shows that there have been important achievements. In particular, the signing of the Nationwide Ceasefire Agreement (NCA) between the Government and ethnic armed organizations remains significant to this day for stability, national unity, and the advancement of the peace process.


Senior General Min Aung Hlaing visits the exhibition held in commemoration of the Youth Peace Forum 2026.

*See Page 13*


Senior General Min Aung Hlaing presents cash award for performing dance troupes.

*From Page 12*

The NCA made it possible to pursue a political, rather than military, solution to internal conflicts. Owing to the NCA, meetings and political dialogues were initiated, and it can also be said that it helped strengthen trust and cooperation between stakeholders within the country and ethnic armed organizations.

However, by turning a blind eye to the truth and showing insufficient political will to address the root causes of the conflict, while prioritizing only organizational and self-interests, the NCA process failed to advance as far as it should have. Therefore, it is important that the NCA agreements already reached are not merely accepted and left at the level of agreements, but is effectively implemented and put into practice.

For the building of a Union based on democracy and a federal system, it is necessary to jointly cooperate in implementing nation-building processes, including constitutional amendment. In order to realize these objectives, the National Solidarity and Peacemaking Negotiation Committee (NSPNC) is continuing its efforts, based on the NCA, to strengthen and further promote the peace achievements already attained, with the aim of building durable and sustainable peace.

Peace can only be achieved through meetings, dialogue, and the search for solutions. Therefore, in carrying out peace efforts, rather than merely stating what one wishes to happen, it is necessary to discuss what ought to happen and to work together in unity on what is achievable. Differences should be set aside temporarily while dialogue continues, and areas of common ground should be jointly implemented. Only by building practical, successful, and lasting peace will it be possible to promote national development and advance the well-being of the people, which we wish to clearly convey.

It is widely recognized that, as a consequence of armed conflicts, weaknesses have emerged in the education, health, and economic sectors. Therefore, it is necessary to continue makingsustained efforts to achieve durable peace throughout the entire country.

For national development to take place, armed conflict must be brought to an end and political problems must be resolved through political means. However, under the current circumstances, armed conflicts continue to escalate, and as a result, peace processes are unable to move forward and are facing only obstacles. Therefore, in order for the peace process to advance, it is necessary to promote a peace process that includes the participation of the people. To make this possible, we would like to urge the peace-minded youth who have attended today's event to work together with unity and determination and make concerted efforts toward this goal.

When assuming state responsibilities, it is necessary to implement the national objective of "national prosperity and food security". Given the country's economic conditions, the micro, small, and medium enterprise (MSME) sector based on agriculture and livestock serves as an important foundation capable of producing a wide range of outputs, and it is therefore being actively promoted to advance socio-economic development. Through such support, it will be possible to effectively prioritize the provision of suitable and decent employment for every working-age youth in the country, as well as the development and nurturing of skilled labour.

In addition, for peace and development, efforts are being made to ensure that the younger generation enjoys full opportunities and that a system is established in which they can develop freely and securely, with comprehensive initiatives in place to promote all-round youth development. The State will continue to implement programmes that support the systematic development of youth across various sectors. Furthermore, plans are being carried out to nurture well-rounded youth endowed with the five strengths; as education development is crucial to socioeconomic progress, physical fitness and health are equally important. Accordingly, the State is placing strong emphasis on building a healthy and physically fit society. A healthy population will lead to a healthy nation. In particular, everyone wishes to call upon ethnic communities to work together with the State to foster physical fitness and sportsmanship among young people.

In order to achieve a strong and resilient economy, a sound education system is an essential and indispensable sector. From an early age, young people must be nurtured through both education and participation in sports so that they grow into healthy and capable citizens endowed with the five strengths—physical, intellectual, moral, economic, and social. To this end, the State is making investments across multiple sectors for the benefit of youth.

As the saying goes, "a good beginning ensures a good outcome," it is necessary to systematically nurture young people starting from basic education schools. The education sector serves as the fundamental force that develops an individual's character, intellect, innate spirit, and values; accordingly, it can shape not only the progress of each person's life but also the future of a nation as a whole.

Students and young people must be nurtured through education to become good citizens with strong morals, a sense of responsibility, and genuine patriotism. They should be guided to develop into well-rounded, knowledgeable, and skilled youth who can be relied upon by the State. It is necessary to train and cultivate the new generation of students and young people to foster love for the country and their ethnic heritage, as well as to instill good beliefs and principles, so that they can lead and shape the nation's future. Since the youth will create the future of the country, producing disciplined, well-educated, and highly skilled young people is effectively building the nation's future. No matter how advanced physical infrastructure or technology becomes, if the mindset and character of its users are poor, negative consequences may arise. Therefore, efforts must be made to ensure that today's youth develop strong, positive mindsets, and everyone should join together to nurture and cultivate them.

He stated that in the peace sector, which is currently the most vital requirement for the nation, will only fulfill our responsibilities if youth themselves participate and cooperate to leave a legacy of peace for future generations. He emphasized that today's youth must draw lessons from history, choose the correct path, and contribute to the welfare of the world. Furthermore, he urged them to express their perspectives and work together in implementation, fueled by a strong sense of patriotism and the Union Spirit. He added that since peace and stability concern every resident of the country, it is a collective responsibility that requires everyone's active participation and cooperation. He further stated his gratitude in seeing today's youth actively engaging in national affairs during this period.

He concluded by urging all ethnic youth throughout the nation to utilize their collective strength and personally participate in building a sustainable and lasting peace for the country. He called upon them to dutifully fulfill their historical responsibilities and strive together to build a beautiful and prosperous future for the nation.

In his supplementary remarks, the Senior General defined the term "youth" as individuals aged between 15 and 35 years. He categorized those aged 15 to 25 as being in their formative educational years, while those aged 25 to 35 are generally considered young adults who have entered the workforce and are establishing their livelihoods using their acquired knowledge. He noted that the high voter turnout among youth in the first and second phases of the election, held on December 28 and the 11th of this month, is a positive sign for the country. Furthermore, he emphasized the need to elevate the role of youth in the future and ensure their active participation in the peace process.

He stated that education is categorized into basic and higher levels. He noted that if vocational subjects are integrated into the basic education curriculum, students will be able to transition smoothly into vocational careers immediately upon completing their basic schooling. He further emphasized the necessity of implementing educational reforms. Currently, the middle school level is being elevated by designating the KG+9 level as compulsory education. Consequently, he shared that plans are underway to not only provide vocational training at the high school level but also to introduce basic foundational knowledge in industrial technology, agriculture, and livestock breeding at the middle school level. He stated that efforts are being made to incorporate agriculture, livestock breeding, and industrial technology subjects into the high school levels of KG+10, KG+11, and KG+12. He added that students who have a keen interest in these fields will have the opportunity to pursue further studies.

Also, He stated that plans are being made to introduce vocational subjects in the upcoming academic year to provide opportunities and new perspectives for youth who do not pass the highschool level (Matriculation) examination. These students will be able to pursue vocational training based on their personal interests, while still maintaining the option to choose other Arts and Science subjects.

Similarly, efforts are being made to provide higher education that is worthy and of high quality. While technical skills make a person capable, wisdom makes a person a good citizen. To possess technical skills, formal schooling is essential. Therefore, the State is working to ensure that all school-aged youth attend school and complete their formal education. Similarly, parents and students themselves must strive toward this goal. Only when formal education levels are high will technical expertise increase.

Then, he stated that increasing the literacy in basic education is a critical requirement for the State. It is observed that education is generally weaker in the States and some remote Regions. Without formal education, there is a lack of technical skills, leading to a shortage of human resources. Furthermore, a lack of wisdom results in a shortage of good people, which can harm and destroy national unity. *See Page 14*

*From Page 13*

Therefore, to ensure the unity of the Union of Myanmar, it is necessary to increase the number of knowledgeable and wise young people. For this reason, youth must constantly read and study literature to increase their knowledge and wisdom.

It is observed that there are deficiencies in States and Regions due to educational weaknesses. Regarding peace, discussions primarily focus on democracy, federalism, and ethnic rights. These discussions also include regional development and economic improvement. Since our country gained independence, a parliamentary system was practiced. From 1962 onwards, a centralized system was implemented, leading to a lack of political outlets. During that time, grievances emerged, and people began speaking out about democracy and political issues. Since our country is organized as a Union, there are requirements for federal rights. As different regions are not the same, it is observed that federal rights are not uniform. The demands for federal rights also vary. It is observed that this occurs because of a lack of educated individuals. Therefore, to raise the educational standards of ethnic nationalities, youth mustemphasize and work toward the education of their own ethnic groups.

It was stated that Universities for the Development of National Races and Degree Colleges for the Capacity Development of Ethnic Youth have been opened and are currently providing education. These institutions aim to train and nurture young people in order to improve the socio-economic conditions of ethnic communities living in remote and underdeveloped areas. Graduates from these institutions are expected to serve in departments responsible for regional development and in relevant administrative bodies to contribute to the development of their respective regions.

It was also noted that universities and colleges are being opened nationwide, and in order to enhance the effectiveness of education, polytechnic and technological universities are being established and will continue to be expanded. These efforts are intended to produce the educated human resources required by the State. Therefore, it was emphasized that ethnic people should actively enroll in these universities.

Regarding education, it was stressed that all students should be enabled to continue their studies until completion. It was pointed out that saboteurs are carrying out acts of disruption and destruction in the education and health sectors. Therefore, it was urged that collective efforts be made to prevent the destruction of roads, bridges, and education- and health-related buildings constructed by the State, as such acts of sabotage severely hinder regional development.

It was further emphasized that national peace and development can be achieved by combining the enthusiasm of youth, the skills they have acquired through education, and the experience of elders. Likewise, those in positions of responsibility were urged to nurture and support young people. During the current election period, it has been observed that young people are also contesting as parliamentary candidates. As the time has come to provide space for youth, it was stated that young people should be given roles in the upcoming political landscape. Youth aspire to progress, and as a result, many move from their home regions to more developed areas for employment. Therefore, it was urged that young people combine their knowledge and skills with the experience of elders to contribute as much as possible to the development of their own regions.

It was explained that if education is promoted in underdeveloped regions and the energy of youth, the experience of elders, and State support are combined, regional development can be achieved and local peace can be strengthened. The role and capacity of youth were described as highly dynamic and powerful. For this reason, the "Youth Peace Forum 2026" being held today was described as highly beneficial for both youth and the nation. It was reported that the forum includes a total of 320 participants: 5 doctorate degree holders, 216 bachelor's degree holders, 58 postgraduate degree holders, 16 who passed the university entrance examination, and 25 diploma and other trainees. This participation was described as encouraging in terms of human resources. Therefore, it was urged that organizers and participating youth move beyond identifying weaknesses and discussing them, and instead work toward implementation and active participation in the future political landscape.

Afterward, the Chairman of the Peace-Making and Negotiation Committee, Union Minister for Border Affairs and for Ethnic Youth Affairs, General Yar Pyae, presented a commemorative gift for the "Youth Peace Forum 2026" to the Senior General.

Subsequently, on behalf of the youth, Maung Htet Myat Thu from the Nay Pyi Taw Council Area and Ma Shoon Myat Moe Kyaw from Mandalay Region delivered commemorative speeches.

Following this, artists and staff artists from the Ministry of Religious Affairs and Culture, the Department of Fine Arts, and the Ministry of Information's Myanmar Radio and Television, along with external artists, presented song-and-dance performances including "Youth Strength, the Nation's Value," "Future Flower," "National Peace," and "A Beautiful Land of Many Colours."

After the performances, the Senior General awarded certificates of honor and cash awards totaling 50 million kyats to the performing dance troupes.

The Senior General then posed for a group photo with attendees and warmly greeted them.

The "Youth Peace Forum 2026" is being held with the objectives of highlighting the importance of inclusive youth participation in peacebuilding and community stability; fostering dialogue and solutions on issues and attitudes relevant to all citizens in a positive environment; creating opportunities for youth; supporting cooperation among peaceful communities; identifying the practical role of youth in the post-election period; strengthening youth capacities in dialogue, mediation, and responsible engagement; generating youth recommendations that will contribute to sustainable peace, national unity, and future social development planning; and compiling the recommendations emerging from the "Youth Peace Forum 2026" into a Youth Peace Declaration to be submitted for future nation-building. The forum is scheduled to be held from January 13 to 15. 100

# Explainer: What's the latest on the unrest in Iran?

**Tehran January 13**

A wave of protests has recently swept through Iran, with some turning into deadly clashes. The unrest has fueled claims by Iranian authorities that the United States and Israel may be behind the scenes.

What is the latest on the situation? How has the Iranian government responded? And how have the United States and Israel reacted?

Protests have erupted in many Iranian cities since Dec. 28. They initially began with Tehran bazaar merchants demonstrating against the sharp devaluation of the national currency rial, and soaring inflation, before spreading to other cities. The unrest has led to casualties among both security forces and civilians.

The semi-official Tasnim news agency reported Sunday that recent nights of unrest in Iranian cities have seen rioters attack members of security forces, attempt to kill women and children in the streets, and vandalize public and private property.

The agency said that at least 111 security personnel had been killed nationwide in maintaining order.

Around 200 people have been arrested, and "a considerable amount of ammunition, weapons, grenades and Molotov cocktails" have been confiscated, the report added, citing security sources.

Iranian Foreign Minister Seyed Abbas Araghchi said Monday that the situation in Iran is "under total control." He said the country has obtained evidence of U.S. and Israeli involvement in domestic "terrorist activities," including footage allegedly showing weapons being distributed to protesters.

Iran's Press TV reported Monday that hundreds of thousands of people across the Gulf country heeded the government's call and took to the streets in a rally, condemning the "foreign-backed riots."

Xinhua

# Death toll in Philippine landfill landslide rises to 13

**Manila January 13**

The death toll from a landfill landslide in the central Philippine city of Cebu climbed to 13, authorities said on Tuesday.

Officials from the Cebu City Fire Station said the number of individuals rescued remained at 18, all of whom sustained injuries when a portion of the landfill collapsed.

In response to the deadly incident, the Cebu City Council on Tuesday approved a resolution placing the city under a state of calamity to allow emergency response and swifter access to disaster funds.

In the resolution, the council cited the "grave and tragic incident" at the landfill, which resulted in deaths, injuries and missing persons.

The declaration also seeks to address the city's garbage disposal system, with officials acknowledging the need for immediate measures to prevent similar incidents and ensure the safe management of solid waste.

Search and rescue operations remain ongoing as authorities race against time to locate those still missing.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၁၁၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၁၁၇ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက် ၆၁၅၂ ကေ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ ကောလင်းမြို့နယ်တွင် ၁၃၇၁ ကေ၊ ဝန်းသိုမြို့နယ်တွင် ၁၀၆၆ ကေ၊ ပင်လည်ဘူးမြို့နယ်တွင် ကေ ၃၆၈၀ စုစုပေါင်း ၆၁၁၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ကောလင်းခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဟင်းသီးဟင်းရွက် ၆၁၅၂ ကေ လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာ ၆၁၁၇ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ်စတဲ့ သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကောလင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကောလင်းခရိုင်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် ကောလင်းမြို့နယ်တွင် ၁၇၀၅ ကေ၊ ဝန်းသိုမြို့နယ်တွင် ၃၁၄၅ ကေ၊ ပင်လည်ဘူးမြို့နယ်တွင် ၁၃၀၂ ကေ စုစုပေါင်း ၆၁၅၂ ကေ တို့ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းသိန်းက ပြောပြသည်။

(၂၀၆)

# မြန်အောင်မြို့နယ်တွင် ကွမ်းသီးခြောက်များ အရောင်းအဝယ်ကောင်းမွန်နေ

**မြန်အောင် ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ်တွင် ကွမ်းသီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မွန်က ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ကွမ်းသီးခြောက်များ ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ ယနေ့ထိ ဝယ်ယူအားကောင်းလာပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ကွမ်းသီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၈၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကထွက်တဲ့ ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှု ကောင်းနေတာပါ။ ဒေသထွက် ကွမ်းသီးတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ ရောင်းချနေပါတယ်။



ကွမ်းသီးတွေ အရောင်းအဝယ်ကောင်းလာတော့ ကွမ်းစိုက်ပျိုးသူတွေနဲ့ လုပ်သားတွေအလုပ်အကိုင် အခွင့်အလမ်းကောင်းလာပါတယ်။ မြန်အောင်မြို့နယ်ဘက်ကထွက်တဲ့ ကွမ်းသီးတွေက အရည်အသွေး ကောင်းမွန်ပါတယ်''ဟု မြန်အောင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြတ်မွန်က ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဒေသထွက်ကွမ်းသီးအစိမ်းများကိုဝယ်ယူပြီး ရောင်းတန်းဝင်သည့် အနေအထားထိ အခြောက်ခံကာ ပြန်လည် ဖြန့်ဖြူးရောင်းချနေကြောင်း၊ အဆိုပါဒေသတွင် ကွမ်းသီးစိမ်း၊ ကွမ်းသီးနု၊ ကွမ်းသီးခြောက်များထွက်ရှိပြီးရန်ကုန်ဈေးကွက်ကိုအများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝေါမြို့နယ် အဗျားထမင်းဆိုင်ကျေးရွာ၌ (VRFP)စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝေါ ဇန်နဝါရီ ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အဗျားထမင်းဆိုင်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဝေါမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိက အဗျားထမင်းဆိုင်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) အကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ကော်မတီဝင်များထံသို့ ရန်ပုံငွေများ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် အဗျားထမင်းဆိုင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၂ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၄ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၀၆ ဦးအတွက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP) ရန်ပုံငွေကျပ် ၃၇ ဒသမ ၈၀ သန်းကို အတိုးနှုန်း သက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငြိမ်းငြိမ်းအိထံမှ သိရသည်။

**ကိုညီ**






# ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု စစ်ဆေး



**ဖာပွန် ဇန်နဝါရီ ၁၃**

ကရင်ပြည်နယ် ဖာပွန်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေရန် ရည်ရွယ်၍ ဖာပွန်မြို့နယ် တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဖာပွန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးပြည့်ဦးကိုကိုနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက စီမံကိန်း ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ တံတားဦးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ငွေကျပ်သန်း ၃၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၅ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၄ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၁၀ ဦး စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၉ ဦးအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေကျပ် ၄၁၅ သိန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုသက်**








ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားတွင် အဖွင့်အမှာစကားပြောကြားစဉ်။

**ရှေ့ဖုံးမှအဆက်**

အခမ်းအနားသို့ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဝင်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်သူများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံတကာသံတမန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နယ်ပယ်အသီးသီးမှ ကျွမ်းကျင်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာယုံကြည်ကိုးကွယ်မှုအမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်များ၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို တိုင်းရင်းသားလူငယ်မောင်မယ်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ဖွင့်ပွဲအခမ်းအနားကို ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တိုင်းရင်းသားလူငယ် ရှစ်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆"ဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ငြိမ်းချမ်းရေးသစ်ပင်တွင် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် ဆုတောင်းစာလွှာကို ချိတ်ဆွဲပေးသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းရင်းသား လူငယ်မောင်မယ်များနှင့် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

၎င်းနောက်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အထိမ်းအမှတ်ပြခန်းများတွင် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို ဆက်လက်ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက အခမ်းအနားဖွင့်လှစ်ကြောင်း ကြေညာပြီး "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အခမ်းအနားအထိမ်းအမှတ် LED Animation ဖြင့် စတင်ဖွင့်လှစ်ပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

၎င်းနောက် **"ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးလူငယ်များပါဝင်မှုကို မြှင့်တင်ပေး"** ဆိုသည့် Video Clip ကို ပြသသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ခေတ်လူငယ်များသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များပင်ဖြစ်ကြောင်း၊ ထို့ပြင် **အနာဂတ်နိုင်ငံတော်ကိုဦးဆောင်ပြီး နိုင်ငံတော်၏တာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူကြမည့်သူများဖြစ်သည့်အတွက် လူငယ်အားလုံးသည် နိုင်ငံတော်အတွက် အဓိကအင်အားဖြစ်**ကြောင်း၊ **လူငယ်များ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်များမြင့်မားလာပြီး ဆင်ခြင်တုံတရားနှင့် မှန်ကန်စွာ တွေးခေါ်မြော်မြင်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်နှင့်လူ့အဖွဲ့အစည်းကို ကောင်းသည်ထက်ကောင်းအောင် တည်ဆောက်နိုင်ကြမည်ဖြစ်**ကြောင်း၊ ထို့ပြင် လူငယ်များ၏ လိုအပ်ချက်နှင့် သဘောထားများကိုသိရှိနိုင်ပြီး ယခုကဲ့သို့ ဆွေးနွေးအမြင်ချင်းဖလှယ်နိုင်ခြင်းအားဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပိုမိုအားကောင်းလာစေမည်ပင်ဖြစ်ကြောင်း။

**အနာဂတ်နိုင်ငံတော်ကိုဦးဆောင်ပြီး နိုင်ငံတော်၏တာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူကြမည့်သူများဖြစ်သည့်အတွက် လူငယ်အားလုံးသည် နိုင်ငံတော်အတွက်အဓိကအင်အားဖြစ်၊ လူငယ်များ၏ အရည်အသွေး၊ စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်များမြင့်မားလာပြီး ဆင်ခြင်တုံတရားနှင့် မှန်ကန်စွာတွေးခေါ်မြော်မြင်လာနိုင်သည်နှင့်အမျှ နိုင်ငံတော်နှင့်လူ့အဖွဲ့အစည်းကို ကောင်းသည်ထက်ကောင်းအောင် တည်ဆောက်နိုင်ကြမည်ဖြစ် . . .**

မိမိတို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် မှီတင်းနေထိုင်ကြပြီး အသက် ၁၅ နှစ်မှ ၃၅ နှစ်အတွင်း လူငယ်အရေအတွက်သည် နိုင်ငံတော်၏ လူဦးရေသုံးပုံ တစ်ပုံခန့်၊ ရာခိုင်နှုန်းအားဖြင့် ၃၃ ရာခိုင်နှုန်းပါဝင်လျက်ရှိကြောင်း၊ ထို့ကြောင့် လူငယ်များ၏ မှန်ကန်သည့်အတွေးအမြင်နှင့် ခံစားချက်၊ ယုံကြည်ချက်၊ ခံယူချက်များသည် နိုင်ငံတော်အတွက် အဓိကလိုအပ်ချက်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကိုရယူနိုင်ရေးသည် အရေးပါသည့် စွမ်းအားဖြစ်သည်ကို အလေးထားပြောကြားလိုကြောင်း။

မျိုးဆက်သစ်လူငယ်များသည် အနာဂတ်နိုင်ငံတော်အတွက် အရေးပါသည့်အခန်းကဏ္ဍတွင်ပါဝင်သည့်အတွက် ယခုကျင်းပမည့်ဖိုရမ်ကို **"ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးလူငယ်များပါဝင်မှုကို မြှင့်တင်ပေး"**ဆိုသည့်ဦးတည်ချက်ဖြင့် ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်သည် နယ်ချဲ့လက်အောက်ကျရောက်ခဲ့ပြီး တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအင်အားနှင့် ရင်းနှီးပေးဆပ်မှုများစွာဖြင့် လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ကြောင်း၊ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံဖြစ်သော်လည်း စည်းလုံးညီညွတ်မှုနှင့်ငြိမ်းချမ်းမှုအားနည်းခဲ့သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုသည် နှေးကွေးပြီး အခက်အခဲများစွာဖြင့် သံသရာလည်နေသည်ကိုသတိထားသင့်သည့် သင်ခန်းစာအဖြစ်တွေ့နိုင်ကြောင်း၊ လက်ရှိအချိန်တွင် ပြည်တွင်းပြည်ပအဖျက်အင်အားစုများက နိုင်ငံတော်အတွင်း စည်းလုံးညီညွတ်မှုပြိုကွဲပြီး နိုင်ငံဖရိုဖရဲဖြစ်စေရန် နည်းမျိုးစုံဖြင့် နှောင့်ယှက်ဖျက်ဆီးဖြိုခွဲနေကြသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဆိုးဆိုးရွားရွားပြုလုပ်ခဲ့သည့် မဲမသမာမှုများကြောင့် တပ်မတော်က အမျိုးသားနိုင်ငံရေးတာဝန်များကို ဥပဒေနှင့်အညီ ထိန်းသိမ်းကာကွယ်ထမ်းဆောင်ခဲ့ရကြောင်း၊ အဆိုပါအဖြစ်မှန်ကိုဖုံးကွယ်ပြီး အကြမ်းဖက် NUG၊ CRPH အဖွဲ့များက တပ်မတော်အနေဖြင့် ဒီမိုကရေစီနောက်ပြန်ဆွဲလုပ်ဆောင်နေသယောင် ဝါဒမှိုင်းတိုက်ပြီး လူငယ်လူရွယ်များကို လွဲမှားသည့် မျှော်လင့်ချက်များနှင့်အတူ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ဆီ တွန်းပို့ခဲ့ကြကြောင်း၊ ပြီးခဲ့သည့် ဒီဇင်ဘာ ၂၈ ရက်နှင့် ဇန်နဝါရီ ၁၁ ရက်တို့တွင် ပြုလုပ်ခဲ့သည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကြီးကို ကြည့်ပါက လွတ်လပ်ပြီးတရားမျှတမှုရှိသည်ကို အားလုံးက လက်ခံကြသည့်အတွက် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာရပ်တည်လျှောက်လှမ်းနေသည်ကို တွေ့မြင်နိုင်ကြောင်း။

**လွဲမှားသည့်လက်နက်ကိုင်လမ်းစဉ်များကြောင့် မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီ ပြည်ထောင်စုကြီးအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် တိုးတက်အစပြုနေပြီဖြစ်သည့် အခြေခံအဆောက်အအုံများမြောက်မြားစွာ ဆုံးရှုံးခဲ့ရ**ကြောင်း၊ **ယခုကဲ့သို့ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းသည့်နည်းလမ်းသည် နှစ်ပေါင်း ၇၀ ကျော်ကြာသည်ထိ မည်သည့်ရလဒ်မျှမထွက်ခဲ့သည်ကိုသင်ခန်းစာယူရန်လိုသကဲ့သို့ ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကြောင့်ဖြစ်သည်ကို အမှန်အတိုင်းရှုမြင်ရန် အချိန်ကျနေပြီဖြစ်**ကြောင်း၊ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ရည်မှန်းချက်တူကြမည်ဆိုပါက ပြည်ထောင်စုအကျိုးကိုရှေးရှုပြီး PDF အပါအဝင် လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာရန် နိုင်ငံတော်ကအစဉ်အမြဲကြိုဆို ဖိတ်ခေါ်ထားပြီးဖြစ်**ကြောင်း၊ **ဆက်လက်၍လည်း ကမ်းလှမ်းဖိတ်ခေါ်သည်ကို အသိပေးပြောကြားလို**ကြောင်း။

မိမိတို့နိုင်ငံတွင် ငြိမ်းချမ်းရေးနှင့်ပဋိပက္ခလျော့ပါးချုပ်ငြိမ်းရေး ကြိုးပမ်းဆောင်ရွက်မှုများကိုပြန်ကြည့်ပါက အရေးပါသည့်အောင်မြင်မှုများရှိခဲ့ကြောင်း၊ အထူးသဖြင့် အစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား NCA သဘောတူစာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းသည် တည်ငြိမ်မှု၊ ပေါင်းစည်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုးတက်မှုအတွက် ယနေ့အချိန်အထိ အရေးပါနေဆဲဖြစ်ကြောင်း၊ပြည်တွင်းပဋိပက္ခကိုစစ်ရေးအရ မဟုတ်ဘဲ နိုင်ငံရေးနည်းဖြင့် ဖြေရှင်းသည့်နည်းလမ်းကိုဖြစ်ထွန်းစေခဲ့ခြင်းသည် NCA ပင်ဖြစ်ကြောင်း၊ NCAကြောင့်ပင် တွေ့ဆုံမှုများ၊နိုင်ငံရေးဆွေးနွေးမှုများ ပေါ်ပေါက်လာခဲ့သည့်အပြင် နိုင်ငံအတွင်းပါဝင်ပတ်သက်သူအဖွဲ့အစည်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ပေးနိုင်ခဲ့သည်ဟုလည်း ဆိုနိုင်ကြောင်း။

သို့သော်လည်း အမှန်တရားကို မျက်ကွယ်ပြုကာ ပဋိပက္ခ၏ဇာစ်မြစ်ကို ကိုင်တွယ်ဖြေရှင်းရန် နိုင်ငံရေးဆန္ဒနည်းပါးခဲ့ပြီး မိမိအဖွဲ့အစည်းနှင့်မိမိတို့အကျိုးကိုသာ အလေးထားခဲ့ခြင်းကြောင့် NCA လုပ်ငန်းစဉ်သည် ရှေ့ရောက်သင့်သလောက် မရောက်ခဲ့ကြောင်း၊ ထို့ကြောင့်မိမိတို့တစ်တွေရရှိထားသည့် NCA သဘောတူညီချက်များကို သဘောတူညီချက်အဆင့်၌ပင် ကျေနပ်ရပ်တန့်မနေကြဘဲ လက်တွေ့အသုံးချအကောင်အထည်ဖော်နိုင်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အထိမ်းအမှတ်လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်စဉ်။

**လွဲမှားသည့်လက်နက်ကိုင်လမ်းစဉ်များကြောင့် မျှော်မှန်းတည်ဆောက်နေသည့် ဒီမိုကရေစီပြည်ထောင်စုကြီးအတွက် လူ့စွမ်းအားအရင်းအမြစ်များနှင့် တိုးတက်အစပြုနေပြီဖြစ်သည့် အခြေခံအဆောက်အအုံများ မြောက်မြားစွာဆုံးရှုံးခဲ့ရ၊ ယခုကဲ့သို့ လက်နက်ကိုင်လမ်းစဉ်ဖြင့် ဖြေရှင်းသည့်နည်းလမ်းသည် နှစ်ပေါင်း ၇၀ ကျော်ကြာသည်ထိ မည်သည့်ရလဒ်မျှမထွက်ခဲ့သည်ကို သင်ခန်းစာယူရန်လိုသကဲ့သို့ ဒီမိုကရေစီနောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကြောင့်ဖြစ်သည်ကို အမှန်အတိုင်းရှုမြင်ရန် အချိန်ကျနေပြီဖြစ် . . .**

**ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ရည်မှန်းချက်တူကြမည်ဆိုပါက ပြည်ထောင်စုအကျိုးကိုရှေးရှုပြီး** PDF **အပါအဝင် လက်နက်ကိုင်အဖွဲ့များအနေဖြင့် ဥပဒေဘောင်အတွင်းဝင်ရောက်လာရန် နိုင်ငံတော်က အစဉ်အမြဲကြိုဆိုဖိတ်ခေါ်ထားပြီးဖြစ်၊ ဆက်လက်၍လည်း ကမ်းလှမ်းဖိတ်ခေါ်သည်ကို အသိပေးပြောကြားလို . . .**

ရန်ကလည်း အရေးကြီးကြောင်း။

ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအပါအဝင် နိုင်ငံတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အတူတကွ ပူးပေါင်းအကောင်အထည်ဖော်နိုင်ကြရမည်ဖြစ်ကြောင်း၊အဆိုပါအချက်များကို အကောင်အထည်ဖော်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ(NSPNC) သည် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် NCA အပေါ်အခြေခံထားပြီး ရရှိပြီးသည့် ငြိမ်းချမ်းရေးခိုင်မာမှုကို ဆက်လက်အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း။

**ငြိမ်းချမ်းရေးဆိုသည်ကို တွေ့ဆုံဆွေးနွေးပြီး အဖြေရှာမှသာ ရရှိနိုင်မည်ဖြစ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သည့်အခါ ဖြစ်ချင်သည်များကို ပြောဆိုနေမည့်အစား ဖြစ်သင့်သည်များကိုပြောဆိုပြီး ဖြစ်နိုင်သည်များကို ညီညီညွတ်ညွတ်ပူးပေါင်းလုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မတူသည်များကို ခဏဘေးဖယ်ထား ဆက်လက်ဆွေးနွေးရင်းနှင့် တူညီသည့်သဘောထားများကိုပူးပေါင်းအကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်း၊ လက်တွေ့ကျပြီး အောင်မြင်ခိုင်မာသည့် ငြိမ်းချမ်းရေးကိုတည်ဆောက်နိုင်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပြည်သူလူထု၏ကောင်းကျိုးကို ရှေးရှုဆောင်ရွက်နိုင်မည်ဖြစ်သည်ကို အသိပေး** ပြောကြားလိုကြောင်း။

လက်နက်ကိုင်ပဋိပက္ခများ၏ အကျိုးဆက်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် စီးပွားရေးကဏ္ဍများတွင် အားနည်းချက်များ ဖြစ်ပေါ်ခဲ့သည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်တစ်နိုင်ငံလုံး ရေရှည်တည်တံ့ခိုင်မြဲသည့်ငြိမ်းချမ်းရေး ရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက် သွားကြရမည်ပင်ဖြစ်ကြောင်း။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်ဆိုပါက လက်နက်ကိုင်ပဋိပက္ခကိုရပ်တန့်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ကျေလည်အောင် ဖြေရှင်းကြရမည်ဖြစ်ကြောင်း၊သို့သော်လည်း လက်ရှိအခြေအနေတွင် လက်နက်ကိုင်ပဋိပက္ခများ အရှိန်မြင့်တက်နေဆဲဖြစ်သည့်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ရှေ့ကိုမရောက်နိုင်ဘဲ အတားအဆီးများနှင့်သာ ရင်ဆိုင်နေကြရကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်နိုင်ရန် အတွက် ပြည်သူများပါဝင်သည့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို မိမိတို့ဖော်ဆောင်သွားရန် လိုကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ယနေ့ တက်ရောက်လာကြသည့် ငြိမ်းချမ်းရေး စိတ်ဝင်စားသူ လူငယ်များအနေဖြင့် တစ်တပ်တစ်အား ကြိုးပမ်းဆောင်ရွက်ပေးစေလိုကြောင်း။

မိမိတို့အနေဖြင့် နိုင်ငံတော်တာဝန်များကိုတာဝန်ယူချိန်များတွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"**ဆိုသည့် အမျိုးသားရေးရည်မှန်းချက်ကို ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးအနေအထားအရ စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME)စီးပွားရေးလုပ်ငန်းကဏ္ဍသည် ထုတ်ကုန်များစွာထုတ်လုပ်နိုင်မည့် အရေးကြီးသည့်ဇာစ်မြစ်ဖြစ်သည့်အလျောက် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် အားပေးမြှင့်တင်လျက်ရှိကြောင်း၊ ထိုသို့အားပေးခြင်းဖြင့် နိုင်ငံတော်တွင် အရွယ်ရောက်သူလူငယ်တိုင်း သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိရေးနှင့် ကျွမ်းကျင်လုပ်သားများ ပြုစုပျိုးထောင်ရေးတို့ကို ထိရောက်စွာအလေးထားလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးဆက်သစ်လူငယ်များ အခွင့်အရေးအပြည့်အဝရရှိနိုင်ပြီး လွတ်လပ်လုံခြုံစွာဖွံ့ဖြိုးသည့်စနစ်ကိုဖော်ဆောင်နိုင်ရန် လူငယ်များအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အနေဖြင့် လူငယ်များကို ကဏ္ဍအလိုက် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် အထောက်အကူပြုမည့်လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များ ပေါ်ထွန်းလာရေးအတွက် အစီအစဉ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတွင် ပညာရေးဖွံ့ဖြိုးတိုးတက်မှုကဏ္ဍသည် အရေးကြီးသကဲ့သို့ ကျန်းမာကြံ့ခိုင်ရေးကလည်း ထပ်တူထပ်မျှ အရေးကြီးသည့်အတွက် ကျန်းမာကြံ့ခိုင်သည့်လူ့အဖွဲ့အစည်းဖြစ်ပေါ်စေရေး နိုင်ငံတော်ကအလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများ ကျန်းမာကြံ့ခိုင်ခြင်းသည် တိုင်းပြည်ကို ကျန်းမာကြံ့ခိုင်စေမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လူငယ်များအတွင်း ကျန်းမာကြံ့ခိုင်မှုနှင့် အားကစားစိတ်ဓာတ် ဖွံ့ဖြိုးလာစေရေးအတွက် တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ခိုင်မာတောင့်တင်းသည့် စီးပွားရေးကို ရရှိပိုင်ဆိုင်ရန်အတွက် ကောင်းမွန်သည့် ပညာရေးစနစ်သည် မရှိမဖြစ်လိုအပ်သော အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်ကြောင်း၊ လူငယ်များကို ငယ်ရွယ်စဉ်ကတည်းက ပညာသင်ယူခြင်းနှင့်အတူ အားကစားလိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တဆိုသည့် ဗလငါးတန်နှင့် ပြည့်ဝသည့်နိုင်ငံ့သားကောင်းများ ဖြစ်လာအောင် ပြုစုပျိုးထောင်သွားရမည် ဖြစ်ကြောင်း၊ ထိုအတွက်လည်း နိုင်ငံတော်အနေဖြင့် လူငယ်များအတွက် ကဏ္ဍပေါင်းစုံတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

**"အစကောင်းမှအနှောင်းသေချာ"**ဆိုသကဲ့သို့လူငယ်လူရွယ်များကိုအခြေခံပညာကျောင်းများကစပြီး

**စာမျက်နှာ ၁၈ သို့**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှ အနုပညာရှင်ဝန်ထမ်းများနှင့် ပြင်ပအနုပညာရှင်များ၏ သီဆိုကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၁၇မှအဆက်**

စနစ်တကျပြုစုပျိုးထောင်သွားရန် လိုအပ်ကြောင်း၊ ပညာရေးကဏ္ဍသည် လူတစ်ဦး၏ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးပင်ကိုစိတ်ဓာတ်နှင့်စံတန်ဖိုးများကို ဖွံ့ဖြိုးစေသည့်အခြေခံအင်အားဖြစ်သည်နှင့်အညီ လူတစ်ဦးချင်းစီ၏ ဘဝတိုးတက်မှုကိုသာမက နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကိုပါ ပုံဖော်ပေးနိုင်မည်ဖြစ်ကြောင်း။

ကျောင်းသား၊ကျောင်းသူလူငယ်များကို ပညာရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်ပြီး တာဝန်သိ၍ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ရှိသည့် နိုင်ငံ့သားကောင်းများဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ပါကြောင်း၊ ပြည့်ဝသည့်အသိပညာရှင်၊ အတတ်ပညာရှင် လူငယ်များဖြစ်လာအောင် ပြုစုပျိုးထောင်ပြီး နိုင်ငံတော်အတွက် အားထားရသည့် လူတော်လူကောင်း များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် လိုအပ်ကြောင်း၊ အနာဂတ်နိုင်ငံတော်ကို ဦးစီးဦးဆောင် ပုံဖော်ကြမည့် မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူ လူငယ်များကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိလာအောင်၊ ယုံကြည်ချက်၊ ခံယူချက်ကောင်းသူများဖြစ်လာအောင် ပြုစုပျိုးထောင်လေ့ကျင့်ပေးကြရန် လိုအပ်ကြောင်း၊ လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ကို ဖန်တီးကြမည်ဖြစ်ခြင်းကြောင့် စိတ်ဓာတ်စည်းကမ်းကောင်းပြီး စာပေပညာ၊ အတတ်ပညာပြည့်စုံသည့် လူငယ်များကို မွေးထုတ်ပေးခြင်းသည် တိုင်းပြည်၏အနာဂတ်ကို တည်ဆောက်နေခြင်းပင်ဖြစ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာများ၊ နည်းပညာများ မည်သို့ပင်ဖွံ့ဖြိုးတိုးတက်နေပါစေ ကိုင်တွယ်အသုံးပြုသူများ၏ စိတ်ဓာတ်များမကောင်းကြပါက ဆိုးကျိုးများလည်း ကြုံတွေ့ရနိုင်ကြောင်း၊ ထို့ကြောင့် ယနေ့လူငယ်များ၏စိတ်ဓာတ်များကောင်းနေစေရေး ကြိုးပမ်းကျင့်ကြံသွားကြရန်နှင့်ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ယနေ့နိုင်ငံတော်အတွက် အဓိက လိုအပ်လျက်ရှိသည့် ငြိမ်းချမ်းရေးကဏ္ဍတွင် လူငယ်များကိုယ်တိုင် ပါဝင်ပူးပေါင်းဆောင်ရွက်ပြီး နောင်လာမည့်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းရေးအမွေပေးနိုင်မှသာ မိမိတို့တာဝန်ကျေလိမ့်မည်ဖြစ်ကြောင်း၊ ယနေ့ခေတ်လူငယ်များအနေဖြင့် အတိတ်သမိုင်းကို သင်ခန်းစာယူပြီး မှန်ကန်သည့်လမ်းကြောင်းကို ရွေးချယ်တတ်ရန်နှင့် လောကကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်ကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့၏အတွေးအမြင်များကိုဖော်ထုတ်ပြီး မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပြည့်နှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်ပြောကြားလိုကြောင်း၊ထို့ပြင် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်အေးချမ်းရေးသည် နိုင်ငံအတွင်း နေထိုင်သူအားလုံးနှင့် သက်ဆိုင်ခြင်းကြောင့် အားလုံးကဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြရမည်လည်းဖြစ်ကြောင်း၊ ယခုအချိန်တွင် နိုင်ငံ၏အမျိုးသားရေးကိစ္စများတွင် လူငယ်များတက်တက်ကြွကြွ ပါဝင်လာနေကြသည်ကို တွေ့ရသဖြင့် ကျေးဇူးတင် ဝမ်းမြောက်သည်ကိုလည်း ပြောကြားလိုကြောင်း။

နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် တိုင်းရင်းသား၊ တိုင်းရင်းသူ လူငယ်အားလုံးတို့၏ စည်းလုံးညီညွတ်သည့် အင်အားနှင့် နိုင်ငံတော်အတွက် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်ပြီး သမိုင်းပေးတာဝန်များကို ကျေပွန်စွာကြိုးပမ်းဆောင်ရွက်ရင်း သာယာလှပသည့် နိုင်ငံ့အနာဂတ်ကို တည်ဆောက်ကြပါစို့ဟု နှိုးဆော်တိုက်တွန်းလိုကြောင်းဖြင့်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ဆွေးနွေးရာတွင် လူငယ်ဟုအဓိပ္ပာယ်ဖွင့်ဆိုရာတွင် အသက် ၁၅ နှစ်မှ ၃၅ နှစ်အထိကို လူငယ်ဟု သတ်မှတ်ထားပြီး ၁၅ နှစ်မှ ၂၅ နှစ်ထိ အရွယ်ကို ပညာသင်ယူလျက်ရှိသည့်အရွယ်၊ ၂၅ နှစ် မှ ၃၅ နှစ်အထိအရွယ်ကို အများအားဖြင့် တတ်မြောက်ထားသည့် ပညာများဖြင့် ရပ်တည်အလုပ်လုပ်ကိုင်နေသည့် လူငယ်များဖြစ်ကြကြောင်း၊ ဒီဇင်ဘာ ၂၈ ရက်နှင့် ယခုလ ၁၁ ရက်တွင်ကျင်းပပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲအပိုင်း(၁)နှင့် (၂)တို့တွင် လူငယ်လူရွယ်များ များပြားစွာပါဝင်ဆန္ဒမဲပေးကြခြင်းကိုတွေ့ရှိရသည့်အတွက် နိုင်ငံတော်အတွက် ကောင်းမွန်သည့် လက္ခဏာပင်ဖြစ်ကြောင်း၊ အနာဂတ်တွင် လူငယ်လူရွယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ပါဝင်ဆောင် ရွက်နိုင်ရမည်ဖြစ်ကြောင်း။

ပညာသင်ကြားရာတွင် အခြေခံပညာ အဆင့်နှင့် အဆင့်မြင့်ပညာများသင်ကြားလျက်ရှိကြောင်း၊ အခြေခံပညာအဆင့် သင်ကြားရာတွင် အသက်မွေးဝမ်းကျောင်း ပညာတစ်ခုခုကိုပါထည့်သွင်းသင်ကြားပေးပါက အခြေခံပညာအဆင့် ပြီးဆုံးသည်နှင့် အသက်မွေးဝမ်းကျောင်းပညာကို လွယ်ကူစွာကူးပြောင်းနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့အနေဖြင့် ပညာရေးပြုပြင်ပြောင်းလဲခြင်းများကို ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယခုအခါအခြေခံပညာအလယ်တန်းအဆင့် KG+9ကို မသင်မနေရအဆင့် သတ်မှတ်ပြီး ပညာရေးအဆင့်မြှင့်တင်နေပြီဖြစ်သဖြင့် အခြေခံပညာအထက်တန်း အဆင့်တွင် အသက်မွေးဝမ်းကျောင်းနှင့် ပတ်သက်သည့် ပညာရပ်သင်ကြားပေးရုံသာမက အလယ်တန်းအဆင့်၌လည်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အခြေခံဗဟုသုတများသင်ကြားပေးရန် စီစဉ်နေကြောင်း၊ အခြေခံပညာအထက်တန်း အဆင့် KG+10 ၊ KG+11 နှင့် KG+12 တို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုဘာသာရပ်များကိုသင်ကြားပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါဘာသာရပ်များကို စိတ်ပါဝင်စားသူများအနေဖြင့် ဆက်လက်၍ သင်ကြားနိုင်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် အကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၅၀၀ ချီးမြှင့်ပေးအပ်စဉ်။

အခြေခံပညာအထက်တန်း(တက္ကသိုလ်ဝင်)စာမေးပွဲတွင် မအောင်မြင်သည့် လူငယ်များအတွက်လည်း အသက်မွေးဝမ်းကျောင်းပညာ သင်ကြားပေးနိုင်ရန်အတွက် အတွေးအခေါ်များရရှိစေရေး လာမည့်ပညာသင်နှစ်တွင် ဘာသာရပ်များအလိုက် သင်ကြားပေးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းတို့ စိတ်ပါဝင်စားရာ ဘာသာရပ်များအလိုက် ဆက်လက်၍ သင်ကြားနိုင်သကဲ့သို့ အခြား ဝိဇ္ဇာ၊ သိပ္ပံ ဘာသာရပ်များကိုလည်း ရွေးချယ်သင်ယူသွားနိုင်ကြောင်း။

အလားတူ အဆင့်မြင့်ပညာနှင့် ပတ်သက်၍လည်း ထိုက်ထိုက်တန်တန်ဖြစ်စေရေးသင်ကြားပေးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ **အတတ်ပညာသည် လူတော်ဖြစ်စေပြီး အသိပညာသည် လူကောင်းဖြစ်စေ**ကြောင်း၊ အတတ်ပညာရှိရန်အတွက် အတန်းပညာရှိရန်လိုကြောင်း၊ ထို့ကြောင့် ကျောင်းနေအရွယ်လူငယ်များအားလုံး ကျောင်းနေစေရေးနှင့် အတန်းပညာများ ပြီးမြောက်စေရေး နိုင်ငံတော်ကဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မိဘများနှင့် ကျောင်းသား၊ ကျောင်းသူများ ကိုယ်တိုင်အနေဖြင့်လည်း ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ အတန်းပညာများမြင့်မားမှသာ အတတ်ပညာများမြင့်မားလာမည်ဖြစ်ကြောင်း။

အခြေခံပညာတတ်သည့် ရာခိုင်နှုန်းများမြင့်မားလာရေးသည် နိုင်ငံတော်အတွက်အရေးကြီးလိုအပ်ချက်ဖြစ်ကြောင်း၊ အများအားဖြင့် ပြည်နယ်များနှင့် ဝေးလံခေါင်းပါးသည့် တိုင်းဒေသကြီးအချို့တွင် ပညာရေးအားနည်းသည်ကိုတွေ့ရကြောင်း၊ အတန်းပညာမရှိပါက အတတ်ပညာမရှိသည့်အတွက် လူသားအရင်းအမြစ်များလည်း ရရှိမှုနည်းပါးကြောင်း၊ **အသိပညာအားနည်းပါကလည်း လူကောင်းများနည်းပါးစေပြီး နိုင်ငံ၏ညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေနိုင်**ကြောင်း၊ ထို့ကြောင့် **ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ညီညွတ်မှုရှိစေရေး အသိပညာရှိသည့် လူငယ်လူရွယ်များ များပြားလာရန်လိုအပ်**ကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် အသိပညာများ တိုးပွားလာစေရေးစာအုပ်စာပေများကို အမြဲဖတ်ရှုလေ့လာနေရန်လိုကြောင်း။

ပညာရေး အားနည်းချက်ကြောင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် လိုအပ်ချက်များရှိသည်ကိုတွေ့ရကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်စနစ်နှင့်ပတ်သက်သည်များ၊ တိုင်းရင်းသားအခွင့်အရေးနှင့် ပတ်သက်သည်များကို အဓိကထားပြောကြားကြကြောင်း၊ထိုအထဲတွင်ဒေသဖွံ့ဖြိုးမှု၊ စီးပွားရေးတိုးတက်ကောင်းမွန်မှုများလည်းပါဝင်ကြောင်း၊ မိမိတို့နိုင်ငံလွတ်လပ်ရေးရရှိပြီးစအချိန်မှစ၍ ပါလီမန်စနစ်ကို ကျင့်သုံးခဲ့ပြီး ၁၉၆၂ ခုနှစ်မှစ၍ ဗဟိုဦးစီးစနစ်ဖြင့်ဆောင်ရွက်ခဲ့ပြီး နိုင်ငံရေးထွက်ပေါက်များနည်းပါးခဲ့ကြောင်း၊ ထိုအချိန်တွင်

**စာမျက်နှာ ၁၉ သို့**

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာန လက်ထောက်ကာကွယ်ရေးဝန်ကြီး Major General Valeriy Aleksandrovich Revenko က ဂါရဝပြုလာရောက်တွေ့ဆုံ



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာန လက်ထောက်ကာကွယ်ရေးဝန်ကြီး Major General Valeriy Aleksandrovich Revenko က ဂါရဝပြုလာရောက်တွေ့ဆုံစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးအား ဘယ်လာရုစ်ကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်ရေးဌာနကြီး၏ အကြီးအကဲနှင့် လက်ထောက်ကာကွယ်ရေးဝန်ကြီး Major General Valeriy Aleksandrovich Revenko က ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ ဂါရဝပြု လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာနများအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့်အခြေအနေများ၊ တပ်မတော်နှစ်ရပ်အကြား စစ်ဘက်နည်းပညာနှင့်လေ့ကျင့်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၁၈ မှအဆက်**

ခံစားချက်များဖြစ်ပေါ်ပြီး ဒီမိုကရေစီနှင့် ပတ်သက်သည်များ၊ နိုင်ငံရေးနှင့် ပတ်သက်သည်များ ပြောကြားလာကြကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုအဖြစ်ဖွဲ့စည်းထားသဖြင့် ဖက်ဒရယ်အခွင့်အရေးများ လိုအပ်ချက်များလည်းရှိကြောင်း၊နေရာဒေသအလိုက် တူညီမှုမရှိသဖြင့် ဖက်ဒရယ်အခွင့်အရေးများလည်း တူညီမှုမရှိသည်ကို တွေ့ရကြောင်း၊ တောင်းဆိုသည့် ဖက်ဒရယ်အခွင့်အရေးတောင်းဆိုမှုများသည် တူညီမှုမရှိကြကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ ပညာတတ်များ အားနည်းခြင်းကြောင့်ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများ ပညာရည်မြင့်မားရေးဆောင်ရွက်ပေးရန်အတွက် လူငယ်များအနေဖြင့် မိမိတို့ တိုင်းရင်းသားများ၏ ပညာသင်ကြားရေးအတွက် အလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း။

တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးတက္ကသိုလ်များနှင့် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်များ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ဝေးလံခေါင်းပါးသည့်ဒေသများတွင်ရှိသည့် တိုင်းရင်းသားများ၏လူမှုစီးပွားများ မြှင့်တင်ပေးနိုင်ရေးရည်ရွယ်၍ လူငယ်လူရွယ်များကို သင်ကြားမွေးထုတ်ပေးနေခြင်းဖြစ်ကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှ သင်တန်းဆင်းသည့် လူငယ်များကို မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်သည့်ဌာနများနှင့် သက်ဆိုင်ရာအုပ်ချုပ်မှုဆိုင်ရာဌာနများတွင် တာဝန်ထမ်းဆောင်နိုင်ရန်လိုကြောင်း။

နိုင်ငံတော်တစ်ဝန်းတွင် တက္ကသိုလ်များနှင့် ကောလိပ်များကိုဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ ပညာသင်ကြားမှုများကို ပိုမိုထိရောက်စေရန်အတွက် ပိုလီတက္ကနစ်နည်းပညာတက္ကသိုလ်များဖွင့်လှစ်ပေးလျက်ရှိပြီး ထပ်မံ၍လည်း တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နေခြင်းသည် နိုင်ငံတော်အတွက် လိုအပ်သည့် ပညာတတ်လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန် ဖြစ်ကြောင်း၊ ထို့ကြောင့်အဆိုပါ တက္ကသိုလ်များ၌ တိုင်းရင်းသားများတက်ရောက်ရန် လိုကြောင်း။

ပညာရေးနှင့်ပတ်သက်၍ ပညာသင်ကြားနေသည့်ကျောင်းသား၊ကျောင်းသူများအားလုံး ပညာရေးပြီးဆုံးသည်ထိ သင်ကြားနိုင်အောင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေး၊ ကျန်းမာရေးနှင့် ပတ်သက်၍ အဖျက်သမားများအနေဖြင့် နှောင့်ယှက်ဖျက်ဆီးမှုများ လုပ်ဆောင်လျက်ရှိကြကြောင်း၊ နိုင်ငံတော်က ဆောင်ရွက်ပေးထားသည့် လမ်း၊ တံတားများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာအဆောက်အအုံများကို အဖျက်သမားများက ဖျက်ဆီးမှုများမပြုလုပ်စေရေး ဝိုင်းဝန်းတားဆီးဆောင်ရွက်ကြရန်လိုကြောင်း၊ ထိုသို့အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ခြင်းကြောင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာထိခိုက်စေကြောင်း။

**လူငယ်များ၏တက်ကြွသည့် စိတ်၊ သင်ကြားထားသည့် အတတ်ပညာနှင့် လူကြီးများ၏အတွေ့အကြုံများ ပေါင်းစပ်၍ တိုင်းပြည်ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကိုဆောင်ရွက်ကြရန်** လိုကြောင်း၊ အလားတူ တာဝန်ရှိသူများအနေဖြင့် လူငယ်များကို မြေတောင်မြှောက်ပေးနိုင်ရန်လိုကြောင်း၊ ယခုရွေးကောက်ပွဲကျင်းပချိန်တွင်လည်း လွှတ်တော်ကိုယ်စားလှယ်လောင်းများအဖြစ်ဝင်ရောက်ယှဉ်ပြိုင်ကြသူများတွင် လူငယ်များလည်း ပါဝင်သည်ကိုတွေ့ရကြောင်း၊ လူငယ်များကိုနေရာပေးရန်အချိန်တန်ပြီဖြစ်သဖြင့် လာမည့်နိုင်ငံရေးအခင်းအကျင်းတွင် လူငယ်များကိုနေရာပေးသွားရန်လိုကြောင်း၊ လူငယ်များအနေဖြင့်တိုးတက်မှုကို လိုလားကြကြောင်း၊ ထို့ကြောင့် မိမိတို့ ဒေသတွင်နေထိုင်ကြခြင်းထက် ဖွံ့ဖြိုးတိုးတက်သည့်ဒေသများသို့သွားရောက်၍ အလုပ်အကိုင်များလုပ်ကိုင်ကြသည်ကို တွေ့ရကြောင်း၊ မိမိတို့သင်ယူခဲ့သည့် အသိပညာ၊ အတတ်ပညာများကို လူကြီးများ၏အတွေ့အကြုံများနှင့်ပေါင်းစပ်၍ မိမိတို့ဒေသတိုးတက်ရေးကို တတ်နိုင်သမျှဆောင်ရွက်သွားရန် လိုကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှုအားနည်းသည့် ဒေသများတွင် ပညာရေးကိုမြှင့်တင်ပေးပြီး လူငယ်များ၏အားများ၊ လူကြီးများ၏အတွေ့အကြုံများနှင့် နိုင်ငံတော်၏ ပံ့ပိုးကူညီမှုများပေါင်းစပ်၍ ဆောင်ရွက်သွားမည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ပြီး ဒေသအလိုက် ငြိမ်းချမ်းရေးကို အထောက်အကူပြုနိုင်မည်ဖြစ်**ကြောင်း၊ လူငယ်များ၏ စွမ်းဆောင်ရည်အခန်းကဏ္ဍသည် အရှိန်အဟုန်ကြီးမားကြောင်း၊ ထို့ကြောင့် ယနေ့ကျင်းပပြုလုပ်သည့် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" သည် လူငယ်များနှင့် နိုင်ငံတော်အတွက် များစွာအကျိုးရှိသည့် ဖိုရမ်တစ်ခုဖြစ်ကြောင်း၊ ယခုဖိုရမ်တွင် ပါရဂူဘွဲ့ ၄ဦး၊ ဘွဲ့ကြိုဘွဲ့ ၂၁၆ ဦး၊ ဘွဲ့လွန်ဘွဲ့ ၅၈ ဦး၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူ ၁၆ ဦး၊ ဒီပလိုမာနှင့်အခြားသင်တန်းသား ၂၅ ဦး စုစုပေါင်းဦးရေ ၃၂၀ ပါဝင်သည်ဟု သိရှိရကြောင်း၊ လူသားအရင်းအမြစ်နှင့်ပတ်သက်၍အားရဖွယ်ရှိသည့်ပါဝင်မှုပင်ဖြစ်ကြောင်း၊ ထို့ကြောင့် **ယခုဖိုရမ်တွင် အားနည်းချက်များကိုဖော်ထုတ်ပြီး ဆွေးနွေးသည့်အဆင့်သာမကဘဲ အကောင်အထည်ဖော်နိုင်သည့်အဆင့်ထိသွားနိုင်ရန် အနာဂတ်နိုင်ငံရေးအခင်းအကျင်းတွင် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ဖိုရမ်ကျင်းပသူများနှင့် ပါဝင်သူလူငယ်များအနေဖြင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း**ဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" အထိမ်းအမှတ်လက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

၎င်းနောက် လူငယ်များကိုယ်စား နေပြည်တော် ကောင်စီနယ်မြေမှ မောင်ထက်မြက်သူနှင့် မန္တလေးတိုင်းဒေသကြီးမှ မရွှန်းမြတ်မိုးကျော်တို့က အမှတ်တရစကားများပြောကြားကြသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတို့မှ အနုပညာရှင်ဝန်ထမ်းများနှင့် ပြင်ပအနုပညာရှင်များက "လူငယ့်အားမာန် တိုင်းပြည်အဖိုးတန်" တေးသီချင်း၊"အနာဂတ်ပန်း" တေးသီချင်း၊ "National Peace" တေးသီချင်းနှင့် "ပန်းရောင်စုံနဲ့ လှတဲ့မြေ" တေးသီချင်းတို့ကို သီဆိုကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက သီဆိုကပြဖျော်ဖြေခဲ့ကြသည့်အကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် သိန်း ၅၀၀ ကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

"လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆" ကို ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်း တည်ငြိမ်ရေးတွင် အားလုံးပါဝင်သောလူငယ်များ၏ ဆောင်ရွက်ချက်များအရေးကြီးမှုကိုပေါ်လွင်စေရန်၊ အပြုသဘောဆောင်သော ပတ်ဝန်းကျင်တစ်ရပ်တွင် နိုင်ငံသားအားလုံးနှင့်သက်ဆိုင်သော ကိစ္စရပ်များ၊ စိတ်သဘောထားများနှင့် ပတ်သက်၍ ဆွေးနွေးအဖြေရှာရန်နှင့် လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ငြိမ်းချမ်းသောအသိုက်အဝန်းများ အပြန်အလှန် ဆက်သွယ်ဆောင်ရွက်မှုကို အထောက်အပံ့ဖြစ်စေရန်နှင့် ရွေးကောက်ပွဲလွန်ကာလ၌လူငယ်များ၏ လက်တွေ့ကျသောအခန်းကဏ္ဍကိုဖော်ထုတ်ရန်၊ တွေ့ဆုံဆွေးနွေးခြင်း၊ ကြားဝင်ဖျန်ဖြေခြင်းနှင့် တာဝန်ယူမှုရှိသော ဆက်သွယ်ဆောင်ရွက်ခြင်းတို့တွင် လူငယ်များ၏ စွမ်းရည်များပိုမိုခိုင်မာလာစေရန်၊ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ်ရေးဆွဲနိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေမည့် လူငယ်များ၏ အကြံပြုချက်များ ပေါ်ထွက်လာစေရန်နှင့် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆"မှ ပေါ်ထွက်လာသည့် အကြံပြုချက်များကိုစုစည်း၍ အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် လူငယ်ငြိမ်းချမ်းရေးဆိုင်ရာ ကြေညာစာတမ်းတစ်ရပ်ကို ရေးဆွဲတင်ပြရန်ဆိုသည့် ရည်ရွယ်ချက်များဖြင့် "လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆"ကို ဇန်နဝါရီ ၁၃ ရက်မှ ၁၅ ရက်ထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။(၅၀၁)

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက်လုပ်ရပ်၊ အဖွဲ့အစည်းများကို ကျောခိုင်းကာ နှစ်သစ်ကို စည်းလုံးပျော်ရွှင်စွာ ဖြတ်သန်းနေကြသော ပြည်သူများ၏ငြိမ်းချမ်းသောအနာဂတ်ခရီး"** ခေါင်းစဉ်ဖြင့် ၁၄-၁-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၂၁-၁-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"အခုချိန်ထိ လုပ်နေတာတွေက ဘယ်သူ့အတွက်လဲ မစဉ်းစားနိုင်သေးတဲ့ အကြမ်းဖက် PDF တွေရဲ့ တောကျွဲအင်းတိုက်ခိုက်မှုကြောင့် ပြည်သူတွေဒုက္ခထပ်ရောက်နေရ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# လူငယ်နှင့် အစိုးရအကြား၊ အစိုးရနှင့် ပြည်သူအကြား ပျံ့နှံ့ရောက်ရှိအောင် ငြိမ်းချမ်းရေးဖိုရမ်မှ ရရှိမည့်ရလဒ်များကို မိမိတို့၏ဒေသများဆီကို ပြန်လည်သယ်ဆောင်

**နေပြည်တော် ဇန်နဝါရီ ၁၃**

"ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေးလူငယ်များပါဝင်မှုကို မြှင့်တင်ပေး" ဆောင်ပုဒ်ဖြင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၁) ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အဆိုပါ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ အခမ်းအနားသို့ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် နယ်ပယ်အသီးသီးမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အလွှာအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ လူငယ်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ယုံကြည်ကိုးကွယ်မှု အမျိုးမျိုးမှ လူငယ်ကိုယ်စားလှယ်များ၊ နယ်စပ်ဒေသများမှ တိုင်းရင်းသားလူငယ်များ၊ အခြားဖိတ်ကြားထားသည့် လူငယ်ကိုယ်စားလှယ်များနှင့် လေ့လာသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က ယနေ့ လူငယ်ငြိမ်းချမ်းရေး ဖိုရမ် ၂၀၂၆ ကို တက်ရောက်လာကြသည့် လူငယ်မောင်မယ်များအနေဖြင့် ငြိမ်းချမ်းရေးကို လူငယ်များ၏ လက်တွေ့ဘဝ၊ လူငယ်များ၏ တာဝန်၊ လူငယ်များ၏ မျှော်မှန်းချက်နှင့်အတူ အနာဂတ်တွင် ပေါင်းစပ်နိုင်ပြီဖြစ်ကြောင်း၊ ဖိုရမ်ဆောင်ပုဒ်သည် "ငြိမ်းချမ်းရေးနှင့် နိုင်ငံတည်ဆောက်ရေး လူငယ်များပါဝင်မှုကို မြှင့်တင်ပေး"ဖြစ်ကြောင်း၊ အနာဂတ်၏ ခေါင်းဆောင်များဖြစ်သည့် လူငယ်များသည် အခြေခံငြိမ်းချမ်းရေး အသိစိတ်ဓာတ်များဖြစ်သည့် တစ်ဦးချင်းစီ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုကို လေးစားမှု၊ အမုန်းစကားများမပါဘဲ အမှန်တရားနှင့် ပြေလည်မှုကို ဦးစားပေးမှု၊ ကွဲပြားခြားနားမှုများကို အမျိုးသားရေးစွမ်းအားအဖြစ် ရှုမြင်နိုင်သည့် စိတ်ထားရှိမှုတို့ကို နားလည်လက်ခံရန်လိုကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နည်းပညာသည် ငြိမ်းချမ်းရေး၏ အခြေခံအုတ်မြစ်ဖြစ်သည့်အတွက် မြို့ပြလူငယ်၊ နည်းပညာရှင် လူငယ်များအနေဖြင့် စွန့်ဦးတီထွင်မှုများ၊ ဒစ်ဂျစ်တယ်စီးပွားရေးများ၊ AI အခြေပြုဝန်ဆောင်မှုလုပ်ငန်းများစသည်ဖြင့် စီးပွားရေးနှင့် နည်းပညာပလက်ဖောင်းများကို မည်သို့လုပ်ဆောင်ကြမည်၊ မည်သို့ ဝိုင်းဝန်းအဖြေရှာကြမည်ဆိုသည်ကို ဆွေးနွေးသွားကြရန်လိုအပ်ကြောင်း၊ လူငယ်တိုင်းအတွက် ကောင်းမွန်သည့် စီးပွားရေးအခွင့်အလမ်းများကို ဖန်တီးပေးခြင်းက ငြိမ်းချမ်းရေးကို အကောင်းဆုံးတည်ဆောက်ခြင်းဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးအတွက် နိုင်ငံသားတိုင်း အခြေခံလိုအပ်နေသည့် စီးပွားရေးဆိုင်ရာ ဝန်းကျင်ကောင်းများ ဖန်တီးပေးခြင်းဖြင့် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာစေမည်ဖြစ်ကြောင်း၊ ဆိုရှယ်မီဒီယာသည် အမုန်းစကားဖြန့်ချိရာနေရာဖြစ်သကဲ့သို့ စည်းလုံးညီညွတ်မှု၊ ပြန်လည်သင့်မြတ်မှုနှင့် နားလည်မှုတည်ဆောက်နိုင်သည့် နေရာလည်းဖြစ်ပါကြောင်း၊ ဖိုရမ်မျှော်မှန်းချက်အနေဖြင့် ယခုဖိုရမ်ကနေထွက်ပေါ်လာမည့် လူငယ်ငြိမ်းချမ်းရေးကြေညာစာတမ်း (Youth Peace Declaration) သည် လူငယ်များအတွက် လက်တွေ့ကျသည့် လိုအပ်ချက်များ၊ ရည်မှန်းချက်များနှင့် ကတိကဝတ်များ ပါဝင်သည့် လမ်းညွှန်တစ်ရပ်ဖြစ်စေလိုကြောင်း၊ ထို့အတူ နားလည်မှုတည်ဆောက်ရန် ကွန်ရက်တစ်ခုသာမက တက်ကြွသည့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ချိတ်ဆက်မှုတစ်ခုဖြစ်စေလိုကြောင်း၊ လူငယ်နှင့် အစိုးရအကြား၊ အစိုးရနှင့် ပြည်သူအကြား ပျံ့နှံ့ရောက်ရှိအောင် ငြိမ်းချမ်းရေးဖိုရမ်မှ ရရှိမည့်ရလဒ်များကို မိမိတို့၏ ဒေသများဆီကို ပြန်လည်သယ်ဆောင်သွားကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ ကျင်းပရခြင်း၏ ရည်ရွယ်ချက်၊ ကျင်းပမည့်အစီအစဉ်နှင့် ပတ်သက်၍ Youth Peace Forum 2026 ကို အမျိုးသားအဆင့်၊ မျှတပြီးပါဝင်နိုင်မှုရှိသော ပလက်ဖောင်းတစ်ခုအဖြစ် စနစ်တကျစီစဉ်ပြင်ဆင်ခဲ့ကြောင်း၊ ယခုဖိုရမ်သည် လူမျိုး၊ ဒေသ၊ ယဉ်ကျေးမှုနှင့် လူမှုနောက်ခံမတူကွဲပြားသော လူငယ်များကို စုစည်းပြီး မိမိတို့၏ အမြင်များမျှဝေရန်၊ ငြိမ်းချမ်းရေးနှင့် လူမှုအသိုက်အဝန်းခြင်းနှင့် ငြိမ်းချမ်းသောလူ့အဖွဲ့အစည်း မြှင့်တင်ခြင်း ခေါင်းစဉ်ဖြင့် နယ်မြေဒေသအသီးသီးမှ အနည်းဆုံးလူငယ် ၂၂ ဦးထံမှ ငြိမ်းချမ်းရေးဆိုင်ရာ ဆွေးနွေးတင်ပြချက်များရယူခြင်းနှင့် စစ်တမ်းကောက်ယူခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယနေ့တွင် အသိပညာရှင်၊ အတတ်ပညာရှင်လူငယ်များ၊ ကျွမ်းကျင်ပညာရှင်လူငယ်များ၊ ဝန်ကြီးဌာနမှ အတွေ့အကြုံရှိသည့် ကိုယ်စားလှယ် ၁၀ ဦးတို့က မြန်မာနိုင်ငံတော် တည်ဆောက်ရေးအတွက် ငြိမ်းချမ်းရေးနှင့်အနာဂတ်လူငယ်ကြေညာစာတမ်းနှင့် လူငယ်ငြိမ်းချမ်းရေးဖိုရမ်က ပေါ်ထွက်လာသည့် အကြံပြုချက်များကို စုစည်းပြီး အနာဂတ်နိုင်ငံတော် တည်ဆောက်ရေးအတွက် လူငယ်မူဝါဒဆိုင်ရာ စာတမ်းတစ်ရပ်ရေးဆွဲနိုင်ရေးအကြံပြုချက် (Recom-mendations၊ Outcomes)များကို စနစ်တကျ စုစည်းရယူသွားမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ငြိမ်းချမ်းရေးတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခဲ့သူများက ငြိမ်းချမ်းရေးအတွေ့အကြုံများ လက်ဆင့်ကမ်းခြင်း၊ ငြိမ်းချမ်းရေး၊ စေ့စပ်ညှိနှိုင်းရေးနှင့်ပဋိပက္ခဖြေရှင်းရေးဆိုင်ရာ အစီအမံများ၊ ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ယုံကြည်မှုနှင့် ယုံကြည်မှုတည်ဆောက်ခြင်းဆိုင်ရာ အစီအမံများ၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို မဟာဗျူဟာအမြင်ဖြင့် လေ့လာခြင်း၊ ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းမြှင့်တင်ခြင်းနှင့် လူငယ်များ၏ အခန်းကဏ္ဍတို့ကို ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ လူငယ်ငြိမ်းချမ်းရေးဖိုရမ် ၂၀၂၆ သို့ တက်ရောက်လာသည့် လူငယ်ကိုယ်စားလှယ်များက လက်နက်ကိုင်ပဋိပက္ခများ လျှော့ချရပ်တန့်စေရေးနှင့် ပတ်သက်၍ ဆွေးနွေးခြင်းနှင့် လူငယ်ကိုယ်စားလှယ်များထံမှ လူငယ်များ






တည်ငြိမ်ရေးမှ လူငယ်များပါဝင်မှုနှင့် ဆောင်ရွက်ချက်များ အရေးကြီးမှုကို ပေါ်လွင်စေရန်၊ လူငယ်များအတွက် အခွင့်အလမ်းများ ဖန်တီးပေးရန်၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေး၊ လူမှုရေးလုပ်ငန်းဆိုင်ရာ အနာဂတ်စီမံချက်တစ်ရပ်ရေးဆွဲနိုင်ရန်အတွက် လူငယ်များ၏ အကြံပြုချက်များရရှိစေရန်၊ ရွေးကောက်ပွဲအလွန်ကာလတွင် လူငယ်များ၏ လက်တွေ့ကျသည့် အခန်းကဏ္ဍများကို ဖော်ထုတ်နိုင်ရန် ရည်မှန်းဆောင်ရွက်ထားကြောင်း။

ဆွေးနွေးပွဲကို သုံးရက်ပြုလုပ်သွားမည်ဖြစ်ပြီး ပထမနေ့တွင် လူငယ်များကို ငြိမ်းချမ်းရေး အမွေလက်ဆင့်ကမ်းပေး သတ်မှတ်ထားသည့်ခေါင်းစဉ်များအလိုက် ဆွေးနွေးပြီး လူငယ်ကိုယ်စားလှယ် ဦးရေ ၃၂၀ တို့က အခန်း လေးခန်းခွဲ၍ ဆွေးနွေးဖော်ထုတ်ခြင်းများ ဆောင်ရွက်သွားကြမည်ဖြစ်သည့်အပြင် လျှပ်တစ်ပြက်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တတိယနေ့တွင် လူငယ်ဖိုရမ်၏ အဓိကအရေးအကြီးဆုံးဖြစ်သည့် လူငယ်ကွန်ရက်ဖွဲ့စည်းခြင်း၊ ချိတ်ဆက်ခြင်း၊ ကွန်ရက်အလိုက်စီမံချက်၊ အဆိုပြုချက်များ တင်ပြဆွေးနွေးခြင်းများ၊ ဆွေးနွေးချက်များအပေါ် ပညာရှင် အချို့က အကြံပြုဆွေးနွေးပြီး အဆိုပြုချက်များကို အကဲဖြတ်ဆုပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သုံးရက်တာဆွေးနွေးပွဲ နိဂုံးချုပ်အပိုင်းတွင် အနာဂတ်အတွက် ငြိမ်းချမ်းရေးဆိုင်ရာ လျှပ်တစ်ပြက်စစ်တမ်း ဆန္ဒသဘောထားကောက်ယူခြင်းတို့ကို ဆောင်ရွက်ကြသည်။

လူငယ်ငြိမ်းချမ်းရေးဖိုရမ်တွင် ဆွေးနွေးမှုများကရရှိလာမည့် အမြင်သဘောထားများ၊ အကြံပြုချက်များကို သိရှိနားလည်ပြီး လက်နက်ကိုင်ပဋိပက္ခများရပ်တန့်စေရေးနှင့် ငြိမ်းချမ်းသော လူ့အဖွဲ့အစည်းမြှင့်တင်ခြင်းတို့တွင် လူငယ်များ၏ အခန်းကဏ္ဍနှင့်ပတ်သက်၍ ဆောင်ရွက်သင့်သည်များကို ဆက်လက်ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၄ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်

## ဂမ်ဘီယာနှင့် မြန်မာတို့အကြား တရားရင်ဆိုင်နေခြင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ တရားရုံး၏ကြားနာပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

ဂမ်ဘီယာနှင့် မြန်မာတို့အကြား တရားရင်ဆိုင်နေခြင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် တရားရုံး၏ အခန်းကဏ္ဍကို အလေးထားယုံကြည်ကြောင်း ပြသသည့်အနေဖြင့် မြန်မာနိုင်ငံသည် ကြားနာပွဲသို့ တက်ရောက်လျက်ရှိသည်။

အပြည်ပြည်ဆိုင်ရာ အသိုက်အဝန်း၏ တာဝန်ရှိအဖွဲ့ဝင်နိုင်ငံဖြစ်ပြီး ၁၉၄၈ ခုနှစ် လူမျိုးသုဉ်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည် အမှုစတင်သည့် ၂၀၁၉ ခုနှစ် နိုဝင်ဘာလကတည်းက တရားရုံးနှင့် အပြုသဘော ပူးပေါင်းဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံသည် တရားစီရင်မှုအဆင့်အားလုံးတွင် ပါဝင်ရင်ဆိုင်ခဲ့သည့်အပြင် တရားရုံးက ချမှတ်သည့် အမိန့်များ၊ တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များကို လိုက်နာဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံအနေဖြင့် ကြားဖြတ်စီမံဆောင်ရွက်ချက် အမိန့်များကို အပြည့်အဝလေးစားလိုက်နာခဲ့ပြီး တရားရုံးက သတ်မှတ်ထားသည့်ကာလအလိုက် အစီရင်ခံစာများကို တင်သွင်းခဲ့သည်။

ကြီးလေးသော အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖောက်သည်ဟု စွပ်စွဲခံထားရသဖြင့် အဆိုပါတရားစီရင်မှုသည် မြန်မာနိုင်ငံအတွက် အလွန်အရေးကြီးသည်။ သို့ဖြစ်ရာ မြန်မာအစိုးရအနေဖြင့် နိုင်ငံနှင့်ပြည်သူတို့၏ ဂုဏ်သိက္ခာကို ကာကွယ်နိုင်ရေးအတွက် အခြေအမြစ်မရှိသော အချက်အလက်များကို အခြေခံသည့် တစ်ဖက်သတ် အစီရင်ခံစာများသည် အမှန်တရားကို ဖော်ဆောင်နိုင်ခြင်း မရှိကြောင်းတို့ကို တရားရုံးအား ပြသရန်တာဝန်ရှိသည်။ မြန်မာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဆင်ခြင်သုံးသပ်နိုင်မှု၊ လွတ်လပ်မှု၊ တရားမျှတမှုတို့အပေါ် ယုံကြည်မှုအပြည့်အဝရှိသည်။

တရားရုံးအနေဖြင့် သက်သေအထောက်အထားများကို ဓမ္မဓိဋ္ဌာန်ကျစွာသုံးသပ်လျက် လူမျိုးသုဉ်းစေမှုကို တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်ပါ ဥပဒေမူဘောင်များနှင့် အချက်အလက်မှန်များကိုအခြေခံ၍ တရားမျှတပြီး မှန်ကန်သောဆုံးဖြတ်ချက်များ ချမှတ်နိုင်မည်ဟုယုံကြည်သည်။ ဂမ်ဘီယာ၏ ပထမအကျော့လျှောက်လဲချက်များအပြီး ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၆ ရက်မှစ၍ မြန်မာနိုင်ငံအနေဖြင့် ဂမ်ဘီယာ၏ စွပ်စွဲချက်များသည် အချက်အလက်အရနှင့် ဥပဒေကြောင်းအရ မှန်ကန်မှုရှိသော အချက်အလက်များမဟုတ်ကြောင်းကို ခိုင်မာသည့်သက်သေအထောက်အထားအစုံအလင်ဖြင့် တရားရုံးသို့ လျှောက်လဲသွားမည်ဖြစ်ပါသည်။

တရားရင်ဆိုင်နေစဉ်အတွင်း မြန်မာနိုင်ငံသည် အမှုကို တရားရုံးပြင်ပ၊ အထူးသဖြင့် နိုင်ငံတကာမီဒီယာရှေ့တွင် ငြင်းခုံနေမည်မဟုတ်ပါ။ တရားစီရင်မှုအပေါ် မျှော်လင့်ချက် ကြီးမားစွာထားရှိပြီး တစ်ချိန်တည်းမှာပင် တရားစီရင်မှု၏ ဂုဏ်သမာဓိ ထိခိုက်နိုင်မှုမရှိစေရန်အတွက် ပြင်ပမှ ဖိအားပေးမှုနှင့် ဝင်ရောက်စွက်ဖက်မှုများကို ကာကွယ်သွားရန် အရေးကြီးသည်။

တစ်ဖက်တွင်လည်း မြန်မာနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာထောက်ထားမှုနှင့် နေရပ်စွန့်ခွာသူများအရေး ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အခြားနိုင်ငံတကာ မိတ်ဆွေများနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် မည်သို့ပင်အခက်အခဲများကြုံတွေ့စေကာမူ မြန်မာနိုင်ငံအနေဖြင့် ယင်းကိစ္စအောင်မြင်မှုရရှိရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံ၏နယ်နိမိတ်အတွင်း အမှန်တကယ်နေထိုင်ခဲ့ပြီး လက်ရှိတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသော နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံနေရာချထားရေး လုပ်ငန်းစဉ်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ချုပ်ဆိုထားသည့် နှစ်နိုင်ငံသဘောတူစာချုပ်ပါ ကတိကဝတ်များအတိုင်း အကောင်အထည်ဖော်လျက်ရှိသည်။ ထို့ပြင် အခြေအနေပေးပါက ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ဘေးကင်းလုံခြုံပြီး ဆန္ဒအလျောက် ဂုဏ်သိက္ခာရှိစွာ ပြန်လည်လာရောက်နိုင်ရေးအတွက် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR)တို့နှင့် သုံးပွင့်ဆိုင် သဘောတူညီမှုများနှင့်အညီ ပူးပေါင်းဆောင်ရွက်မှုများပြုနိုင်ရန် တွေ့ဆုံဆွေးနွေးမှုများပြုခဲ့ပါသည်။

ဂမ်ဘီယာနှင့် မြန်မာအကြား တရားရင်ဆိုင်နေမှုသည် သက်ဆိုင်ရာနှစ်နိုင်ငံအကြား အပြည်ပြည်ဆိုင်ရာစာချုပ်များ၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ဥပဒေကြောင်းအရ ရင်ဆိုင်ဖြေရှင်းရသည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး နိုင်ငံရေးအရ စွပ်စွဲပြစ်တင်သည့် ကိစ္စရပ်မဟုတ်ကြောင်း အလေးအနက်ထောက်ပြလိုသည်။ မြန်မာနိုင်ငံအပေါ် စွပ်စွဲချက်များကို တရားရုံး၏ ရှေ့မှောက်တွင် ဥပဒေကြောင်းအရ ကျိုးကြောင်းချက်လက်ခိုင်လုံစွာဖြင့် ရင်ဆိုင်ဖြေရှင်းသွားမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အပြည်ပြည်ဆိုင်ရာဥပဒေနယ်ပယ်၌ တရားဥပဒေစိုးမိုးမှုရှိရေးအတွက် အပြည်ပြည်ဆိုင်ရာတရားရုံးအပေါ် ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် အလေးအနက်ထားဆောင်ရွက်လျက်ရှိကြောင်းကို ပြသသွားမည်ဖြစ်သည်။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)နှင့်စပ်လျဉ်း၍ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၃**

ကချင်ပြည်နယ်အတွင်း ဆက်လက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအပိုင်း(၃)နှင့် စပ်လျဉ်း၍ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ကချင်ပြည်နယ် အစိုးရအဖွဲ့ရုံးရှိ ခါကာဘိုရာဇီခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံ ဦးခင်ဇော်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ကချင်ပြည်နယ်တာဝန်ခံနှင့် တိုင်းမှူးတို့က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)နှင့်အပိုင်း(၂) ကျင်းပခဲ့မှုအပေါ် အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းဆွေးနွေးပြောကြား၍ လာမည့် ရွေးကောက်ပွဲ အပိုင်း(၃)အတွက် လွယ်ကူချောမွေ့အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများက ရွေးကောက်ပွဲ အပိုင်း(၂)ကျင်းပခဲ့သည့် မြို့နယ်များမှ အားနည်းချက်၊ အားသာချက်များကို အသီးသီးဆွေးနွေးတင်ပြကြပြီး ရွေးကောက်ပွဲအပိုင်း(၃)ကျင်းပမည့်မြို့နယ်များ၌ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**




ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၃)နှင့်စပ်လျဉ်း၍ အောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပစဉ်။

☆ ကျောဖုံးမှအဆက်

ခရီးသည်စုစုပေါင်း ၉၇၄ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင်RBE ရထားခရီးစဉ်တွင် ခရီးသည်ဦးရေ ၄၀ လိုက်ပါစီးနင်းနိုင်ပြီး ဂုတ်ထိပ်(၁)RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင်ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားပြီး ဂုတ်ထိပ်(၂) RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။

ပြင်ဦးလွင်-ဂုတ်ထိပ် အသွား၊ အပြန် ခရီးစဉ်အတွက် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ ပုံမှန်ပြေးဆွဲပေးလျက်ရှိပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့်ဝန်ဆောင်မှုလုပ်ငန်းများမှ သီးခြားရက်များတွင်ငှားရမ်းလိုပါက RBE ရထား တစ်စီးလုံး ၂၄ ဦး လိုက်ပါစီးနင်းနိုင်သည့် အထက်တန်းတွဲဖြင့် အသွား၊ အပြန် ခရီးစဉ်အတွက် တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၇၂၀၀၀၀ ကျသင့်မည်ဖြစ်သည်။ ထို့အတူခရီးသည် ဦးရေ ၁၅၀နှင့်အထက် စီးနင်းနိုင်ရန် ရထားကြီးဖြင့် အထက်တန်းတစ်တွဲ၊ ရိုးရိုးတန်း သုံးတွဲ ချိတ်ဆက်၍ ပြေးဆွဲပေးမည်ဖြစ်ရာ ငှားရမ်းလိုပါက သုံးရက်ကြိုတင်၍ ငှားရမ်းနိုင်ပြီး ရိုးရိုးတန်းတစ်ဦးလျှင် ငွေကျပ် ၁၅၀၀၀ နှင့် အထက်တန်းတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ ကျသင့်မည်ဖြစ်သည်။ ရုံပိုင်ကြီး (အထူးတန်း)ပြင်ဦးလွင် ဖုန်း ၀၉-၄၄၈၅၃၈၈၃၀ မှတစ်ဆင့် ဆက်သွယ်ငှားရမ်းနိုင်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားကတ်များ ပျက်စီးပျောက်ဆုံးမှုမရှိဘဲ ပျက်စီးပျောက်ဆုံးမှုကို အကြောင်းပြကာ ထပ်မံတင်ပြတောင်းခံ၍ နိုင်ငံသားကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခံရမည်

**နေပြည်တော် ဇန်နဝါရီ ၁၃**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားတိုင်း နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်တစ်မျိုးမျိုးရရှိကိုင်ဆောင်နိုင်ရေးနှင့် ယခုကျင်းပလျက်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတိုင်း ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက်များဖြင့် ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထို့ပြင် ယခုရွေးကောက်ပွဲကာလတွင် နိုင်ငံသားဖြစ်မှုဆိုင်ရာ ကိုင်ဆောင်ကတ်တစ်မျိုးမျိုး ပျက်စီး၊ ပျောက်ဆုံးသူ မဲဆန္ဒရှင် ပြည်သူများ မဲပေးပိုင်ခွင့် အခွင့်အရေးမဆုံးရှုံးစေရေးအတွက် မြို့နယ်အသီးသီးရှိ လဝကရုံးများကို အထူးကိစ္စတစ်ရပ်အနေဖြင့် ရုံးပိတ်ရက်မရှိ ရုံးဖွင့်လှစ်၍ ပျက်စီး၊ ပျောက်ဆုံးသည့် နိုင်ငံသားကတ်များကို ဥပဒေနှင့်အညီ အမြန်ဆုံး စိစစ်ဆောင်ရွက်ပေးလျက်ရှိပါသဖြင့် နိုင်ငံသားကတ် ပျက်စီး၊ ပျောက်ဆုံးသူ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် သက်ဆိုင်ရာမြို့နယ် လဝကရုံးများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးအပ်ပါသည်။

သို့ရာတွင် ပြည်သူများအနေဖြင့် မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားကတ်များ ပျက်စီးပျောက်ဆုံးမှုမရှိဘဲ ပျက်စီးပျောက်ဆုံးမှုကို အကြောင်းပြကာ ထပ်မံတင်ပြတောင်းခံ၍ နိုင်ငံသားကတ်တစ်ခုထက် ပိုမိုကိုင်ဆောင်ပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူခံရမည် ဖြစ်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**

# ဧရာဝတီမြစ် မန္တလေးမြို့အဝင် ရေလမ်းကောင်းမွန်ရေး၊ ဒုဋ္ဌဝတီမြစ် ကမ်းထိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ





**မန္တလေး ဇန်နဝါရီ ၁၃**

ဧရာဝတီမြစ် မန္တလေးမြို့အဝင် ရေလမ်းကောင်းမွန်ရေးနှင့် ဒုဋ္ဌဝတီမြစ်ကမ်းထိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဧရာဝတီမြစ်သည် မြန်မာနိုင်ငံ၏ အကြီးဆုံးနှင့် အရှည်ဆုံးဖြစ်ပြီး ဧရာဝတီမြစ်ကို အမှီပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ကိုင်နေသူများ၊ ကုန်စည်စီးဆင်းမှုနှင့် ရေလမ်းအသုံးပြုသူများအတွက် အရေးအပါဆုံးမြစ်ကြီးတစ်စင်းဖြစ်ကြောင်း၊ မန္တလေးမြို့ဆိပ်ကမ်း ရေလမ်းဖွံ့ဖြိုးစေရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပေးနေကြောင်း၊ ဧရာဝတီမြစ်နှင့် ဒုဋ္ဌဝတီမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ထိရောက်သည့် ကာကွယ်နိုင်မှုရှိစေရေးနှင့် ကုန်ကျစရိတ်အရ အကျိုးသက်ရောက်မှုလိုက်လျောညီထွေဖြစ်စေရန် ထည့်သွင်းတွက်ချက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ တိမ်ကောမှုမဖြစ်အောင်၊ လမ်းပန်းဆက်သွယ်ရေး ရေကြောင်းကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်အောင် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (လုပ်ငန်း) ဦးထွန်းနိုင်ဝင်းက လက်ရှိမြို့အဝင်ရေလမ်းအခြေအနေ၊ ရေလမ်းဖွံ့ဖြိုးစေရေး ရေရှည်အစီအမံများ၊ ကမ်းပါးတစ်လျှောက် ကာကွယ်ထိန်းသိမ်းထားသော ကမ်းထိန်းတမံများ သာယာလှပမှုရှိစေရေး ပြုပြင်ထိန်းသိမ်းရန် နည်းပညာဆိုင်ရာပံ့ပိုးမှုများဖြင့် သောင်တူးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ညောင်ဦးမြို့နယ်ရှိ ဘုရားဘုရားကမ်းပြိုကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် ဆောင်ရွက်မည့်လျာထား လုပ်ငန်းများကိုလည်းကောင်း၊ ညွှန်ကြားရေးမှူး (ရေလမ်းထိန်းသိမ်းရေးလုပ်ငန်းများဌာန)ဦးဇော်လွင်က တံတားဦးမြို့နယ် ဒုဋ္ဌဝတီမြစ်အတွင်း ဆောင်ရွက်ခဲ့သည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ၊ ရာဂိမုန်တိုင်းနှင့် မန္တလေးငလျင်ကြီးတို့ကြောင့် မူလကမ်းပါးအခြေအနေနှင့် ကမ်းထိန်းလုပ်ငန်းများ ထိခိုက်ပျက်စီးခဲ့မှု၊ နည်းပညာကော်မတီ၏ သုံးသပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများက ရှင်းလင်းတင်ပြချက်များအပေါ် ဖြည့်စွက်ဆွေးနွေးပြောကြား၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

## မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့က အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံ၏ အမှန်တရားနှင့် တရားမျှတမှုအတွက် ခုခံချေပခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇန်နဝါရီ ၁၃**

မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) က အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)တွင် မြန်မာနိုင်ငံ၏ အမှန်တရားနှင့် တရားမျှတမှုအတွက် ခုခံချေပခြင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ချက်တစ်စောင်ကို ယမန်နေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံသည် ရွေးကောက်ပွဲအပြီးတွင် သမိုင်းစာမျက်နှာအသစ်သို့ ကူးပြောင်းကာ နိုင်ငံတော်သစ် တည်ဆောက်ရေးလုပ်ငန်းစဉ်များကို စတင်ဖော်ဆောင်တော့မည့် အချိန်အခါဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံသစ်တစ်ရပ်ကို အောင်မြင်စွာ တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတကာအသိုက်အဝန်း၏ အပြုသဘောဆောင်သော အားပေးကူညီမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် အထူးလိုအပ်လျက်ရှိကြောင်း၊ လက်ရှိတွင် အပြည်ပြည်ဆိုင်ရာတရားရုံး(ICJ)၌ ရင်ဆိုင်နေရသော အမှုကိစ္စသည် မြန်မာနိုင်ငံကို ကိုယ်စားပြုသည့်အပြင် မြန်မာပြည်သူအားလုံး၏ အကျိုးစီးပွားနှင့် တိုက်ရိုက်သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် မိမိ၏အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ အတူတကွယှဉ်တွဲနေထိုင်သည့် ခိုင်မာသော အစဉ်အလာကောင်းများကို အစဉ်တစိုက်ထိန်းသိမ်းခဲ့သည့် နိုင်ငံဖြစ်ကြောင်း၊ ယခု ဂမ်ဘီယာနိုင်ငံက စွဲဆိုထားသောအမှုတွင် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့သို့ သွားရောက်ကာ တရားမျှတမှုနှင့် အမှန်တရားကို လက်ကိုင်ထား၍ မြန်မာနိုင်ငံအတွက် အစွမ်းကုန်လျှောက်လဲချက်ပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ကိုယ်စားလှယ်အဖွဲ့၏ ICJ သို့ တင်ပြချက်များသည် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် အမှန်တရားကို မြတ်နိုးတန်ဖိုးထားကြသည့် မြန်မာပြည်သူပြည်သားများ၏ ဆန္ဒသဘောထားများနှင့် တစ်ထပ်တည်းကျလျက်ရှိကြောင်း၊ နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို ကာကွယ်ရန်အတွက် အမှန်တရားဘက်မှ ရပ်တည်ဆောင်ရွက်နေသည့် ကိုယ်စားလှယ်အဖွဲ့၏ ကြိုးပမ်းမှုများကို ကျွန်ုပ်တို့ အပြည့်အဝထောက်ခံအားပေးကြောင်း။

အပြည်ပြည်ဆိုင်ရာတရားရုံးရှိ ဂုဏ်သရေရှိ တရားသူကြီးများအနေဖြင့်လည်း မိမိတို့၏မွန်မြတ်လှသော တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်သိက္ခာကို ထိန်းသိမ်းလျက်၊ မည်သည့် အစွဲအလမ်းမျှမပါဘဲ အခြေအနေမှန်နှင့် အဖြစ်မှန်များကို ဘက်လိုက်မှုကင်းစွာဖြင့် ဝေဖန်ဆန်းစစ်သုံးသပ်နိုင်လိမ့်မည်ဟု မျှော်လင့်ယုံကြည်ပါကြောင်း၊ နိုင်ငံတကာဥပဒေနှင့် မြေပြင်တွင် အမှန်တကယ်ဖြစ်ပျက်နေသည့် အခြေအနေများအပေါ် အပြန်အလှန်လေးစားလိုက်နာမှုရှိသော အဖြေတစ်ခုထွက်ပေါ်လာရေးအတွက် အဖြစ်မှန်များကို မျှတစွာသုံးသပ်ဆုံးဖြတ်ရန်မှာ အလွန်ပင်အရေးကြီးကြောင်း မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank )က သတင်းထုတ်ပြန်အပ်ပါကြောင်း ဖော်ပြထားသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက်(၁ / ၂၀၂၆)

**၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၁၃ ရက် အင်္ဂါနေ့**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ သည်ဟိတ်ဂ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး (ICJ)တွင် မြန်မာနိုင်ငံအတွက် တရားမျှတမှုနှင့် အမှန်တရားအတွက် အစွမ်းကုန် ဆောင်ရွက်လျက်ရှိသည်။

၂။ ICJ အမှုအခင်းသည် မြန်မာနိုင်ငံအတွက် သွေးရိုးသားရိုးအမှုအခင်းမဟုတ်ဘဲ နိုင်ငံတော်၏ ဂုဏ်သိက္ခာ၊ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားတို့နှင့်သက်ဆိုင်သော နိုင်ငံ့အရေးဖြစ်ပါသည်။ မြန်မာနိုင်ငံက မကျူးလွန်သည့်အမှုတစ်ခုကို နိုင်ငံတကာအထင်အမြင်လွဲမှားအောင်၊ မတရားစွပ်စွဲခံရအောင်၊ မြေပြင်နှင့်ကွဲလွဲသည့် သတင်းအချက်အလက်အမှားများဖြင့် စွပ်စွဲနေခြင်းသာဖြစ်ပါသည်။ ICJ မှ ဂုဏ်သရေရှိတရားသူကြီးများအနေဖြင့် မွန်မြတ်သောတရားစီရင်ရေးကျင့်ဝတ်သိက္ခာကို ထိန်းသိမ်းလျက် အမှန်ကိုအမှန်အတိုင်း ဘက်လိုက်မှုကင်းစွာဖြင့် သုံးသပ်ဆုံးဖြတ်နိုင်မည်ဟု မျှော်လင့်ပါသည်။

၃။ ယခုအမှုကိစ္စသည် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာ၊ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားနှင့်သက်ဆိုင်သောကိစ္စဖြစ်သဖြင့် မြန်မာတစ်မျိုးသားလုံး၏ အရေးကိစ္စဖြစ်ပါသည်။ မြန်မာနိုင်ငံ၏အမှန်တရားနှင့် တရားမျှတမှုအတွက် ရင်ဆိုင်ဖြေရှင်းနေသော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တစ်သားတည်း ရပ်တည်ပါကြောင်း သဘောထားထုတ်ပြန်လိုက်ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည်အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က သီရိလင်္ကာနိုင်ငံရှိ မုန်တိုင်းဘေးသင့် ပြည်သူများသို့ ဆန်တန်ချိန် ၅၀၀ (အိတ် ၁၀၀၀၀) ပေးပို့လှူဒါန်းခြင်းအခမ်းအနား ကျင်းပ



**ရန်ကုန် ဇန်နဝါရီ ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်က သီရိလင်္ကာနိုင်ငံရှိ မုန်တိုင်းဘေးသင့်ပြည်သူများသို့ ဆန်တန်ချိန် ၅၀၀ (အိတ် ၁၀၀၀၀) ပေးပို့လှူဒါန်းခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက အလုံမြို့နယ် ရန်ကုန်ဆိပ်ကမ်း Asia World Port Terminal ရှိ အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီး H. E. Mrs. Prabashini Ponnamperuma၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌက သင်္ဘောတင်ပို့မည့် အစီအစဉ်နှင့် ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးက ကျေးဇူးတင်စကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆန်တန်ချိန် ၅၀၀ (အိတ် ၁၀၀၀၀) ပေးပို့လှူဒါန်းမည့် စာရွတ်စာတမ်းများကို ပေးအပ်ရာ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံ သံအမတ်ကြီးက လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့က ဆန်တန်ချိန် ၅၀၀(အိတ် ၁၀၀၀၀) သယ်ယူပို့ဆောင်မည့် ကွန်တိန်နာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ငါးဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးထံ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးက လက်နက်၊ခဲယမ်းများ အပ်နှံစဉ်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူတစ်ဦးကို ဆုကြေးငွေ ပေးအပ်စဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၃**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများကို ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ငါးဦးတို့သည် လက်နက်၊ ခဲယမ်းများနှင့်အတူ ယနေ့တွင် ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ် ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့မှ အမျိုးသားတစ်ဦး၊ ကော့ကရိတ်မြို့နယ် ကျွန်းကလေးကျေးရွာမှ အမျိုးသား နှစ်ဦး၊ ကော့ကရိတ်မြို့နယ် နို့ပေါ်ဟဲကျေးရွာမှ အမျိုးသား နှစ်ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးနေမျိုး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ဒုတိယတိုင်းမှူးက တရားဥပဒေပုဒ်မများနှင့်ပတ်သက်၍ အသိပညာပေးစကားများ ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် ၉ မမ ပစ္စတို တစ်လက်၊ M-16 သေနတ် တစ်လက်၊ ပွိုင့် ၃၀ ကာဘိုင် တစ်လက်၊ ၄၀ မမ ဖုံးပစ်လောင်ချာ(လက်လုပ်) တစ်လက်၊ လက်လုပ်စနိုက်ပါ တစ်လက်၊ လက်ပစ်ဗုံး ရှစ်လုံးတို့ကို လွှဲပြောင်းအပ်နှံရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို မောင်းပြန်ရိုင်ဖယ် တစ်လက်ကို ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် နှစ်လက်အတွက် ငွေကျပ်သိန်း ၁၀၀၊ ပစ္စတိုသေနတ် တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၂၀၊ လက်လုပ်သေနတ် တစ်လက်ကို ဆုကြေးငွေကျပ် ငါးသိန်းနှုန်းဖြင့် သေနတ် နှစ်လက်အတွက် ငွေကျပ် ၁၀ သိန်း၊ လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်းတစ်လုံးစီကို ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံးနှင့် လက်လုပ်မိုင်း ရှစ်လုံးအတွက် ငွေကျပ် ၂၄ သိန်း စုစုပေါင်းငွေကျပ် ၁၅၄ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများက အပ်နှံထားသော လက်နက်၊ ခဲယမ်းများကို ကြည့်ရှုစစ်ဆေး၍ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

**၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁၃ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀၃ ဦး မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၁၃**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ကင်ညာနိုင်ငံသား ၅၉ ဦး၊ ယူဂန်ဒါနိုင်ငံသားဦးရေ ၂၀၊ နိုင်ဂျီးရီးယားနိုင်ငံသား ၁၃ ဦး၊ ကင်မရွန်းနိုင်ငံသား သုံးဦး၊ ဂါနာနိုင်ငံသား သုံးဦး၊ ဆီယာရာလီယွန်နိုင်ငံသား နှစ်ဦး၊ လိုက်ဘေးရီးယားနိုင်ငံသား တစ်ဦး၊ မာလာဝီနိုင်ငံသား တစ်ဦးနှင့် ဘူရွန်ဒီနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀၃ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်သည်။




အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၀၃ ဦး သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးအပ်မှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေ ချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံလင်းနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ကင်ညာနိုင်ငံသံရုံးမှ Second Secretary Mr. Edward Maroko နှင့် တာဝန်ရှိသူများ၊ ယူဂန်ဒါနိုင်ငံ၊ နိုင်ဂျီးရီးယားနိုင်ငံ၊ ကင်မရွန်းနိုင်ငံ၊ ဂါနာနိုင်ငံ၊ ဆီယာရာလီယွန်နိုင်ငံ၊ လိုက်ဘေးရီးယားနိုင်ငံ၊ မာလာဝီနိုင်ငံနှင့် ဘူရွန်ဒီနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Ms. Amy Kristen Miller နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင်လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ယခုနှစ် ဇန်နဝါရီ ၁၃ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၁၃၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၂၁၀၇ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၀၂၈ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများ၊ နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို ပျက်ပြားစေရန်ရည်ရွယ်၍ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၁၃**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုကို ပျက်ပြားစေရန်ရည်ရွယ်၍ လူမှုကွန်ရက် စာမျက်နှာများ၊ အများပြည်သူဆိုင်ရာ နေရာများ၌ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆန္ဒပြခြင်း၊ စာရေးသားခြင်း၊ ရုပ်ပုံပိုစတာများချိတ်ဆွဲခြင်း စသည်တို့ဖြင့် နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များအား ထိခိုက်ပျက်စီးအောင် နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း ပြုလုပ်သူများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် မြဝတီရပ်ကွက်နေ ဦးခင်မောင်မောင်သွင် ၄၂ နှစ်သည် ၎င်းအသုံးပြုသည့် "Khin Mg Mg Thwin" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေသည့် စာသားများ ပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် ခင်မောင်မောင်သွင်အား ဇန်နဝါရီ ၉ ရက်တွင် ကန်ကြီးထောင့်မြို့မရဲစခန်းက (ပ)၇/၂၀၂၆၊ ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)/၂၈ဖြင့်လည်းကောင်း၊ အလားတူ ဒီဇင်ဘာ ၄ ရက်တွင် ဟင်္သာတမြို့နယ် ကနောင်စုရပ်ကွက်နေ ဒေါ်မြသီတာ ၄၁ နှစ်သည် ၎င်းအသုံးပြုသည့် "Mya Thida" Facebook အကောင့်ဖြင့် လူမှုကွန်ရက်စာမျက်နှာ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အများပြည်သူ အထင်အမြင်လွဲမှားစေသည့် စာသားများပြန်လည်မျှဝေထားသည်ကို စိစစ်တွေ့ရှိရသဖြင့် မြသီတာအား ဇန်နဝါရီ ၉ ရက်တွင် ဟင်္သာတမြို့မရဲစခန်းက (ပ)၁၀/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)/၂၈ ဖြင့်လည်းကောင်း၊

ထို့အတူ ဇန်နဝါရီ ၁၁ ရက် နံနက် ၉ နာရီ ၁၀ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၁) ရပ်ကွက်ရှိ မြို့တော်ခန်းမရှေ့၌ အမျိုးသားတစ်ဦး ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ တာမွေမြို့နယ် နတ်မောက်ရပ်ကွက်နေ မင်းထက်(ခ) ကိုမင်း ၂၂ နှစ်သည် မြို့တော်ခန်းမရှေ့ဝင်ပေါက်အနီး၌ "Reject the illegal election"ဟု ရေးသားထားသည့် အဖြူရောင်ကတ်ထူစက္ကူအား ကိုင်ဆောင်ကာ ဆန္ဒပြနေသည်ကိုတွေ့ရှိရသဖြင့် ၎င်းကို ကျောက်တံတားမြို့မရဲစခန်းက (ပ)၅/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၃(က)ဖြင့်လည်းကောင်း၊

အလားတူ ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် ပေါင်မြို့နယ် ကျုံကကျေးရွာနေ ကိုမျိုး ၄၇ နှစ်သည် အရက်သေစာသောက်စားမူးယစ်၍ ရွေးကောက်ပွဲမဲရုံအဖြစ် ဖွင့်လှစ်ထားရှိသည့် အခြေခံပညာမူလတန်းကျောင်းရှေ့သို့ရောက်ရှိလာပြီး မဲပေးရန်လာရောက်ကြသူများကို ဆန္ဒမဲမပေးနိုင်စေရန် ပြောဆိုဟန့်တား နှောင့်ယှက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ၎င်းကို ဇန်နဝါရီ ၁၁ ရက်တွင် မုတ္တမနယ်မြေရဲစခန်းက (ပ)၄/၂၀၂၆၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေပုဒ်မ ၂၄(က)ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့် ဖမ်းဆီးပြီး တရားခံများကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**(၅၀၁)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။
၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကိုအားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။
၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းရှိ ကီလောယာမီးတောင် ပေါက်ကွဲမှုဖြစ်ပွားနေပြီး မီးတောင်အတွင်းမှ ချော်ရည်များစီးကျ



ဝါရှင်တန် ဇန်နဝါရီ ၁၃

အမေရိကန်နိုင်ငံ ဟာဝိုင်ရီကျွန်းတွင်တည်ရှိသည့် ကီလောယာမီးတောင်သည် ဇန်နဝါရီ ၁၂ ရက်မှစ၍ ပေါက်ကွဲမှုဖြစ်ပွားကာ မီးတောင်အတွင်းမှ ချော်ရည်များစီးကျမှုဖြစ်ပေါ်နေကြောင်း U.S. Geological Survey (USGS) က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကီလောယာမီးတောင်သည် မကြာခဏ မီးတောင်ပေါက်ကွဲမှုများဖြစ်ပွားနေပြီး ၂၀၁၈ ခုနှစ်နောက်ပိုင်း မီးတောင်ပေါက်ကွဲမှု မကြာခဏ ဖြစ်ပွားနေကြောင်း၊ ယခုဖြစ်ပွားနေသော မီးတောင်ပေါက်ကွဲမှုသည် ၂၀၁၈ ခုနှစ်နောက်ပိုင်း အကြိမ် ၄၀ မြောက်ဖြစ်ပွားခဲ့သော မီးတောင်ပေါက်ကွဲမှုဖြစ်ပြီး အမေရိကန်နိုင်ငံအတွင်းရှိ မီးတောင်များအနက် သက်ဝင်လှုပ်ရှားမှုနှုန်း အမြင့်မားဆုံးသော မီးတောင်ဖြစ်ကြောင်း၊ မီးတောင် ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ မီးခိုးငွေ့များလည်းထွက်ရှိခဲ့ပြီး မီးခိုးငွေ့များမှာ မီးတောင်အထက် မီတာ ၈၀၀ ထိ ရောက်ရှိပျံ့နှံ့နေကြောင်း၊ မီးတောင်နှင့် အနီးဆုံးတွင် တည်ရှိသည့်ဒေသများမှ ဒေသခံများကိုလည်း အချိန်မီဘေးလွတ်ရာ ရွှေ့ပြောင်းနိုင်ရေးအတွက် ကြိုတင် ပြင်ဆင်ထားရန်လည်း သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။

"ကီလောယာမီးတောင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါတယ်။ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းကနေ မီးခိုးငွေ့တွေနဲ့ ချော်ရည်တွေ ယိုစိမ့်နေသလို မီးတောင်အတွင်းကနေ ချော်ရည်နဲ့ဆက်စပ်တဲ့ ဓာတ်ငွေ့တွေလဲ ယိုစိမ့်မှု ဖြစ်ပွားနေပါတယ်။ မီးတောင်ပေါက်ကွဲမှုအခြေအနေကိုလဲ အမြဲမပြတ်စောင့်ကြည့်နေပါတယ်"ဟု U.S. Geological Survey(USGS)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat

# ကနေဒါနိုင်ငံ ဗန်ကိုဗာကျွန်းတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းရန် ညွှန်ကြားထား

အော့တဝါ ဇန်နဝါရီ ၁၃

ကနေဒါနိုင်ငံ ဗန်ကိုဗာကျွန်းတွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေပြီး အန္တရာယ်ရှိသည့် ရေကြီးရေလျှံမှုဖြစ်သည့်အတွက် ဒေသခံတချို့ကို ဘေးလွတ်ရာ ရွှေ့ပြောင်းရန် ညွှန်ကြားထားကြောင်း Environment Canada က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဗြိတိသျှကိုလံဘီယာပြည်နယ် တောင်ဘက်ပိုင်း ကမ်းခြေဒေသများတွင်လည်း ရေလွှမ်းနေပြီး လမ်းတချို့ကို ယာယီပိတ်ထားရကြောင်း၊ မြစ်ချောင်းများတွင် ရေပမာဏမြင့်တက်နေခြင်းနှင့်ပတ်သက်၍လည်း River Forecast Centre က စောင့်ကြည့်နေပြီး ပြောင်းလဲမှုများကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် အခြေခံအဆောက်အအုံ ၅၈ လုံးထိ ရေမြုပ်နေပြီး လမ်းပိုင်းတချို့လည်း ပျက်စီးမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

မြစ်ရေလျှံတက်မှုအခြေအနေကို စောင့်ကြည့်နေသော်လည်း ပြောင်းလဲမှုများကို ကြိုတင်ခန့်မှန်းရန် ခက်ခဲနေသည့်အတွက်ကြောင့် ကြိုတင်ခန့်မှန်းချက်များကို ထုတ်ပြန်နိုင်ခြင်းမရှိကြောင်း River Forecast Centre က ထုတ်ပြန်ခဲ့သည်။

"မြစ်ချောင်းတွေမှာ ပြောင်းလဲနေတဲ့ ရေပမာဏတွေကို ကြိုတင်ခန့်မှန်းနိုင်ဖို့က ခက်ခဲပါတယ်။ ပြောင်းလဲမှုတွေကိုတော့ အချိန်ပြည့် စောင့်ကြည့်နေပါတယ်။ ဗန်ကိုဗာကျွန်းနဲ့ ဗြိတိသျှကိုလံဘီယာပြည်နယ်ရဲ့ ဒေသတချို့မှာ စိုစွတ်မှုနှုန်း မြင့်မားနေပါတယ်။ ရေလွှမ်းနေမှုကတော့ ဘယ်အချိန်ထိ ဖြစ်ပေါ်နေမလဲဆိုတာ မသိရသေးဘူး။ ရေလွှမ်းမှုကတော့ လာမဲ့ရက်သတ္တပတ်ထိ ဖြစ်ပေါ်နိုင်တယ်။ အထူးသဖြင့် ဗြိတိသျှကိုလံဘီယာပြည်နယ် တောင်ဘက်ပိုင်းကမ်းခြေတွေမှာ ရေလွှမ်းမှုက ကာလကြာမြင့်သွားနိုင်တယ်"ဟု River Forecast Centre မှ ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်ကမ်းဘဲလ်က ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်တွင် ရေကြီးရေလျှံမှုသတိပေးချက်များ ထုတ်ပြန်ထား

ကင်ဘာရာ ဇန်နဝါရီ ၁၃

ဩစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်း ကွင်းစလန်းပြည်နယ်တစ်ဝန်းတွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း ကိုဂျီကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နေသောကြောင့် ရေကြီးရေလျှံမှုသတိပေးချက်များ ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

ကွင်းစလန်းပြည်နယ်အလယ်ပိုင်း၊ အရှေ့မြောက်နှင့် အနောက်မြောက်ဒေသများရှိ မြစ်များနှင့် ရေဝေရေလဲဒေသများတွင် ယနေ့နံနက်ပိုင်းက ရေကြီးရေလျှံမှုသတိပေးချက်များ ထုတ်ပြန်ထားကြောင်း၊ မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများလည်း ဆက်လက် ဖြစ်ပေါ်နေကြောင်း မိုးလေဝသဗျူရို(BoM)၏ ထုတ်ပြန်ချက်အရ သိရသည်။



ထို့ပြင် ကွင်းစလန်းပြည်နယ် မြို့တော်ဘရစ္စဘိန်း၏ အနောက်မြောက်ဘက် ကီလိုမီတာ ၇၅၀ ခန့်အကွာရှိ ကလာမွန့်မြို့သည် မြေနိမ့်ဒေသတွင်တည်ရှိပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံနေသဖြင့် ဒေသခံများကို မြေမြင့်ပိုင်းနေရာများသို့ ပြောင်းရွှေ့ရန် သတိပေးခဲ့ကြောင်း၊ လူဦးရေ ၃၀၀၀ ခန့်ရှိသော ထိုမြို့တွင် မိုးသည်းထန်စွာရွာသွန်းကာ ရေကြီးရေလျှံမှုကြောင့် လူနေအိမ်ခြေ ၃၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်နေကြောင်း၊ ရေကြီးရေလျှံမှုကြောင့် နေအိမ်အပေါ်ထပ်တွင် ပိတ်မိနေသူများကို ကယ်ဆယ်ရေးလှေများဖြင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း နိုင်ငံအာဏာပိုင်များက ပြောကြားထားသည်။

Ref : Sputnik News

Trs : KZ

# မော်ရိုကိုနိုင်ငံတွင် ဖြစ်ပေါ်နေသော မိုးခေါင်မှုသတိပေးချက် ဆောင်းရာသီ မိုးရွာသွန်းပြီးနောက် အဆုံးသတ်သွားပြီဖြစ်

ရာဘတ် ဇန်နဝါရီ ၁၃

မော်ရိုကိုနိုင်ငံတွင် ဖြစ်ပေါ်နေသော မိုးခေါင်မှုသတိပေးချက်သည် ယခုနှစ်ဆောင်းရာသီ မိုးရွာသွန်းပြီးနောက် အဆုံးသတ်သွားပြီဖြစ်ကြောင်း ရေသယံဇာတဝန်ကြီး နီဇာဘာရာကာက ဇန်နဝါရီ ၁၂ ရက်က ကြေညာခဲ့သည်ဟု ယနေ့သတင်းများအရသိရသည်။

မော်ရိုကိုနိုင်ငံတွင် ယခုနှစ်ဆောင်းရာသီတွင် မိုးများစွာရွာသွန်းပြီးနောက် ခုနစ်နှစ်ကြာ မိုးခေါင်မှုသည် အဆုံးသတ်သွားပြီဖြစ်ကြောင်း၊ ယခုဆောင်းရာသီ မိုးရွာသွန်းလာခြင်းကြောင့် နိုင်ငံ၏ အဓိကရေလှောင်ကန်များစွာသည် ယခုအခါ အပြည့်အဝစွမ်းဆောင်ရည်ရှိလာပြီဖြစ်ပြီး စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကအရေးကြီးသော ဆည်များလည်း ရေပြန်လည် ပြည့်လာခဲ့ကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ခုနစ်နှစ်ကြာမိုးခေါင်မှုကြောင့် စိုက်ပျိုးရေအသုံးပြုမှုနှင့်ပတ်သက်ပြီး ကန့်သတ်ချက်များ ထုတ်ပြန်ခဲ့ရကြောင်း၊ ထို့ကြောင့် ဂျုံစိုက်ခင်းများအပါအဝင် လယ်ယာစိုက်ခင်းများစွာ ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ရေရှားပါးမှုက နွားမွေးမြူရေးအပါအဝင် မွေးမြူရေးလုပ်ငန်းများစွာကိုလည်း အရှုံးပေါ်စေခဲ့ကြောင်း သိရသည်။

လယ်ယာလုပ်ငန်းများတွင် အရှုံးများစွာ ဖြစ်ပေါ်စေမှုကို သက်သာစေရန် နိုင်ငံတော်က ပင်လယ်ရေကို သန့်စင်ရေးအစီအစဉ်များကို အရှိန်မြှင့်တင်ရန် ဆောင်ရွက်ခဲ့ပြီး ၂၀၃၀ ပြည့်နှစ်တွင် နိုင်ငံ၏ သောက်သုံးရေ ၆၀ ရာခိုင်နှုန်းကို သန့်စင်ပြုပြင်ထားသော ပင်လယ်ရေမှ ပံ့ပိုးပေးရန် ရည်ရွယ်ထားကြောင်း၊ ယခုကဲ့သို့ မိုးခေါင်မှု သတိပေးချက်သည် ဆောင်းရာသီမိုးရွာသွန်းပြီးနောက် အဆုံးသတ်သွားခြင်းသည် နိုင်ငံ၏ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအတွက်သာမက လူနေမှုဘဝများအတွက် အဆင်ပြေကြောင်း ရေသယံဇာတဝန်ကြီး နီဇာဘာရာကာက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

# ဖီဂျီနိုင်ငံတွင် ဆိုင်ကလုန်းမုန်တိုင်းများကြောင့် GDP ၆ ဒသမ ၅ ရာခိုင်နှုန်းကျဆင်း

ဆူဗာ ဇန်နဝါရီ ၁၃

ဖီဂျီနိုင်ငံတွင် ၂၀၂၅ ခုနှစ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းများ မကြာခဏဖြစ်ပေါ်ခဲ့ပြီး ဆိုင်ကလုန်းမုန်တိုင်းများကြောင့် ကဏ္ဍအသီးသီးတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရပြီး အထူးသဖြင့် စီးပွားရေးကဏ္ဍတွင် ကြီးမားသောပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရသောကြောင့် နိုင်ငံ၏ GDP သည် ၆ ဒသမ ၅ ရာခိုင်နှုန်းထိ ကျဆင်းသွားခဲ့ကြောင်း ဖီဂျီအစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ကြိုတင်ခန့်မှန်းချက်များအရလည်း ဆိုင်ကလုန်းမုန်တိုင်းများကြောင့် ၂၀၅၀ ပြည့်နှစ်ခန့်ထိ GDP ဆက်လက်ကျဆင်းဖွယ်ရှိနေကြောင်း၊ ဆိုင်ကလုန်းမုန်တိုင်းများကြောင့် အခြေခံအဆောက်အအုံအမြောက်အမြား ပျက်စီးခဲ့ခြင်းကြောင့် ထုတ်ကုန်များထုတ်လုပ်နိုင်မှုအပေါ် ကြီးမားသော ရိုက်ခတ်မှု ရှိခဲ့ကြောင်းလည်း သိရသည်။

"ဖီဂျီနိုင်ငံဟာ နှစ်စဉ်နှစ်တိုင်း ဆိုင်ကလုန်းမုန်တိုင်းအန္တရာယ်နဲ့ ရင်ဆိုင်ခဲ့ရတယ်။ ၂၀၂၅ ခုနှစ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း တိုက်ခတ်မှုနှုန်းက မြင့်မားခဲ့သလို ၁၉၆၉ ခုနှစ်နောက်ပိုင်း ဆိုင်ကလုန်းမုန်တိုင်းဝင်ရောက်တိုက်ခတ်တိုင်း ၁၀ ကီလိုမီတာထိ ဖြတ်သန်းတိုက်ခတ်ခဲ့တဲ့ မုန်တိုင်းအရေအတွက်ဟာ ၃၃ ကြိမ်ထိ ရှိခဲ့ပါတယ်။ ပြင်းအားအဆင့်လဲ မြင့်မားခဲ့ပါတယ်။ လေတိုက်နှုန်းတွေလဲ မြင့်မားခဲ့တဲ့အတွက် အခြေခံအဆောက်အအုံပျက်စီးမှုများပြားခဲ့တာဖြစ်ပါတယ်။ အခြေခံအဆောက်အအုံထိခိုက်မှုများပြားခဲ့တဲ့အတွက် ထုတ်ကုန်ထုတ်လုပ်နိုင်မှုကျဆင်းခဲ့တယ်။ ၂၀၂၅ ခုနှစ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းကြောင့် နိုင်ငံရဲ့ GDP ဟာ ၆ ဒသမ ၅ ရာခိုင်နှုန်းထိ ကျဆင်းခဲ့ပါတယ်"ဟု ဖီဂျီအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# မူလရုံးက သေဒဏ်ချမှတ်ခဲ့သော်လည်း

**စိန်လှိုင်ဗိုလ်**

ပြည်သူအများသိသင့်သိထိုက်သော ဥပဒေဗဟုသုတအလို့ငှာ လမ်းညွှန်စီရင်ထုံးပါ အမှုတစ်ခုအကြောင်းကို ရေးသားတင်ပြပါဦးမည်။ အမှုမှာ ၂၀၁၉ ခုနှစ် ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီခန့်တွင် ပွင့်ဖြူမြို့နယ် ကန်သာကြီးကျေးရွာအုပ်စု စက်မှု(၁) စက်ရုံအနောက်ဘက်ကုလားဟောင်းရွာသစ်ကလေး သွားလမ်းဘေး၌ (၁၇ယ/၈၁၆၈) ဆိုင်ကယ်နှင့် အတူ ပွင့်ဖြူမြို့ အလယ်ပိုင်းရပ်နေ ကိုအောင်နိုင်(ခ) အောင်ပုသည် ဦးခေါင်းနောက်စေ့ပေါက်ပြဲဒဏ်ရာ၊ လည်ပင်းနှင့်ရင်ဘတ် ညိုမဲဒဏ်ရာ၊ ဒူးနှစ်ဖက် ပွန်းခြစ်ဒဏ်ရာများနှင့် မှောက်လျက်အနေအထား ဖြင့်သေဆုံးနေသည်ကိုတွေ့ရှိ၍ ပွင့်ဖြူမြို့မရဲစခန်းမှ ဒုရဲအုပ် ဇော်မြင့်ဌေးက အမှုကိုတိုင်ချက်ရေးဖွင့်ခဲ့ပါသည်။

မင်းဘူးခရိုင်တရားရုံးက ၂၀၁၉ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ်(၃၆)တွင် **တရားခံ သန့်ဇင်(ခ)မောင်ဇင်နှင့် မပိုးအိဖြူ(ခ)ပိုးအိတို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ဂ)အရ သေဒဏ်ကျခံစေရန်** အမိန့်ချမှတ်ခဲ့သည်။ ၎င်းအမိန့်ကို တရားခံများက ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၂၂ ခုနှစ် **ရာဇဝတ်အယူခံမှုအမှတ်(၈)**ဖြင့်တင်သွင်းပြီး ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၂၂ ခုနှစ် သေဒဏ်အတည်ပြုမှုအမှတ်(၁)ကို ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

အယူခံမှုကိုခွင့်ပြုပြီး တရားခံ သန့်ဇင်(ခ) မောင်ဇင်ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂) အရ အလုပ်နှင့် ထောင်ဒဏ် ၂၀ နှစ် ကျခံစေရမည့်အပြင် ရာဇသတ်ကြီး ပုဒ်မ ၃၉၂ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ်ကို သီးခြားစီကျခံစေရန်လည်းကောင်း၊ တရားခံ မပိုးအိဖြူ(ခ)ပိုးအိကို ရာဇသတ်ကြီးပုဒ်မ ၃၉၂ အရ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ်ကျခံစေရန်လည်းကောင်း ပြင်ဆင်အမိန့်ချမှတ်၍ သေဒဏ်အတည်ပြုမှုကို ပလပ်ခဲ့သည်။

၎င်းအမိန့်ကို သေဆုံးသူ ကိုအောင်နိုင်(ခ) ကိုအောင်ပု၏ မောင်နှမအရင်းများဖြစ်ကြသော ဒေါ်ချိုမာသွယ် ပါ သုံးဦးတို့က ကျေနပ်မှုမရှိသဖြင့် အထူးအယူခံ ဝင်ခွင့်ရရှိရန် ၂၀၂၂ ခုနှစ် ရာဇဝတ်အထွေထွေလျှောက်လွှာ(အထူး) အမှတ်(၄၇)ကို တင်သွင်းလျှောက်ထားရာ အောက်ပါပြဿနာများအပေါ် အထူးအယူခံခုံရုံးဖြင့် ကြားနာရန် ခွင့်ပြုခဲ့ပါသည်။

(၁) မင်းဘူးခရိုင်တရားရုံးက တရားခံ သန့်ဇင် (ခ) မောင်ဇင်နှင့် မပိုးအိဖြူ(ခ)ပိုးအိတို့ကို ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ) အရ ပြစ်မှုထင်ရှားစီရင်ထားမှုကိုပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်ပြောင်းလဲချမှတ်ခဲ့ခြင်းသည် အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်အရ ဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ။

(၂) ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ဂ) အရ စွဲချက်တင်ရာတွင် အပြစ်ရှိကြောင်း ဝန်ခံခဲ့သည့် သန့်ဇင် (ခ)မောင်ဇင်က တင်သွင်းလာသည့် အယူခံမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လက်ခံခွင့်ပြုသည်မှာ ဥပဒေနှင့် ညီညွတ်မှု ရှိ၊ မရှိ။

**အထူးအယူခံခုံရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုတွင် ကိုအောင်နိုင်(ခ)အောင်ပု အသတ်ခံရခြင်းနှင့်စပ်လျဉ်းပြီး မျက်မြင်သက်သေမရှိပေ။ ၎င်းနှင့်အတူနေ အစ်မ ချိုမာသွယ် (လိုပြ-၃)၏ ထွက်ဆိုချက်အရ ၂၀၁၉ ခုနှစ် ဩဂုတ် ၁ ရက် ည ၆ နာရီခန့်တွင် နေအိမ်မှ ဆိုင်ကယ်ဖြင့် တစ်ဦးတည်း ထွက်သွားပြီးနောက်ပိုင်းအဆက်အသွယ်မရတော့ဘဲ ၂၀၁၉ ခုနှစ် ဩဂုတ် ၂ ရက် မွန်းလွဲ ၂ နာရီခန့်တွင် အလောင်းကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အမှုတွင် တရားလိုပြသက်သေတို့၏ ထွက်ဆိုချက်အရ သေသူ ကိုအောင်နိုင်(ခ)အောင်ပုနှင့် (၂) တရားခံ ပိုးအိဖြူ(ခ)ပိုးအိတို့မှာ ဖုန်းအဆက်အသွယ်ရှိကြောင်း၊ ချိန်းဆို၍ ဖောက်ပြန်လေ့ရှိကြောင်း ပေါ်ပေါက်သကဲ့သို့ (၂)တရားခံ ပိုးအိဖြူ (ခ) ပိုးအိကိုယ်တိုင်ကလည်း ယခင်က ကိုအောင်နိုင် (ခ) အောင်ပုနှင့် အဆက်အသွယ်ရှိကြောင်း ထွက်ဆိုထားသည်။ အလောင်းကို တွေ့ရှိစဉ်ကလည်း ကိုအောင်နိုင်(ခ)အောင်ပုတွင် ကွန်ဒုံးတပ်လျက် သုက်ရည်များစွန်းပေနေကြောင်း ပေါ်ပေါက်သည်။



(၁)တရားခံ သန့်ဇင်(ခ)မောင်ဇင်က ကိုအောင်နိုင်(ခ)အောင်ပုကို သတ်ခြင်းမှာ ၎င်း၏ မိန်းမကို ကြာခိုသဖြင့် သတ်ခြင်းဖြစ်သည်ကို စွဲချက်ထုချေချက်တွင် ဖြေဆိုထားသည်။ အမှုတွင် (၁)တရားခံ သန့်ဇင်(ခ)မောင်ဇင်က ကိုအောင်နိုင်(ခ)အောင်ပုကို သတ်ခဲ့ကြောင်းမှာ ပေါ်ပေါက်နေပြီးဖြစ်သည်။ ထိုသို့ (၁)တရားခံ သန့်ဇင်(ခ)မောင်ဇင်က သတ်ခဲ့ခြင်းမှာ ကိုအောင်နိုင်(ခ)အောင်ပု၏ ငွေနှင့်ရွှေထည်ပစ္စည်းများအား လုယက်မှုကျူးလွန်စဉ် သတ်ခဲ့ခြင်း ဟုတ်၊ မဟုတ်၊ (၂)တရားခံ ပိုးအိဖြူ(ခ) ပိုးအိ ပါဝင်ခြင်း ရှိ၊ မရှိ အထူးအယူခံခုံရုံးက ဆက်လက်စိစစ်ခဲ့ပါသည်။

တရားခံလင်မယားမှာ အချင်းဖြစ်ပြီးနောက် နေပြည်တော်သို့ပြောင်းရွှေ့ခဲ့ခြင်းနှင့် သေသူတွင် ပါရှိသောငွေနှင့် ဆွဲကြိုး၊ ပျောက်ဆုံးနေခြင်းတို့ကို ဆက်စပ်ကြည့်ပါက သေသူထံမှ တရားခံများက ပစ္စည်းအချို့ရယူသွားခဲ့သည်ဟု ကောက်ယူနိုင်ပေသည်။

တစ်ဖက်တွင် ကိုအောင်နိုင်(ခ)အောင်ပု၏ အလောင်းကိုတွေ့ရှိစဉ်က ၎င်း၏အခြေအနေ၊ သေသူနှင့်(၂)တရားခံ ပိုးအိဖြူ(ခ)ပိုးအိတို့၏ ဆက်ဆံရေးအခြေအနေများ ပေါ်ပေါက်နေသဖြင့် (၁)တရားခံ သန့်ဇင်(ခ)မောင်ဇင်သည် ၎င်း၏ ဇနီးဖြစ်သူကို ကိုအောင်နိုင်(ခ)အောင်ပုက ကြာခိုသဖြင့် သတ်ခဲ့သည်ဟု ပြောဆိုခြင်းမှာ သဘာဝယုတ္တိရှိသည်ဟု ဆိုရပေမည်ဟု အထူးအယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

လက်စွပ်ကဲ့သို့ ပစ္စည်းမှာ အလွယ်တကူဖြုတ်၍ ရနိုင်ပြီး ထိုသို့ယူရန်လည်း အချိန်လုံလောက်စွာ ရှိသည့်အခြေအနေတွင် **သေသူကိုသတ်ခြင်းသည် အဓိကအားဖြင့် ပစ္စည်းကို လုယက်လို၍သတ်ခြင်း မဟုတ်၊ ဇနီးဖြစ်သူနှင့် ဖောက်ပြန်၍သတ်ခြင်းဖြစ်သည်ဟု ကောက်ယူခြင်းက ပိုမိုအလေးသာမည် ဖြစ်ပေသည်။ လုယက်မှုကျူးလွန်စဉ် လူသတ်သည်ဟု ကောက်ယူရန်လည်း ကွင်းဆက်မပြတ်သည့် သက်သေခံအထောက်အထားများ အမှုတွင်မတွေ့ရှိရကြောင်း** စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

**(၁)တရားခံ သန့်ဇင်(ခ)မောင်ဇင်က ကိုအောင်နိုင်(ခ)အောင်ပုကို လူသတ်မှုကျူးလွန်စဉ်တွင် (၂) တရားခံ ပိုးအိဖြူ(ခ)ပိုးအိသည် မည်သို့ မည်ပုံပါဝင်ပတ်သက်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ထင်ထင်ရှားရှား ပေါ်ပေါက်ခြင်းမရှိပေ။**

သေသူ ကိုအောင်နိုင်(ခ)အောင်ပုတွင် သုက်ရည်များ စွန်းပေလျက်ရှိသည်မှာ (၂)တရားခံ ပိုးအိဖြူ(ခ)ပိုးအိနှင့် ဆက်ဆံနေစဉ် သို့မဟုတ် ဆက်ဆံပြီးနောက် အသတ်ခံရသည်ဟု ကောက်ယူနိုင်သည့် အကြောင်းအချက်များရှိနေသဖြင့် ထိုသို့ ဆက်ဆံခြင်းသည် သေသူနှင့်(၂)တရားခံ ပိုးအိဖြူ **(ခ)ပိုးအိတို့နှစ်ဦး သဘောတူ ဆက်ဆံသည်ဟုလည်း ယူဆနိုင်သည့် အခြေအနေတွင် (၂)တရားခံ ပိုးအိဖြူ (ခ) ပိုးအိသည် (၁)တရားခံ သန့်ဇင်(ခ)မောင်ဇင်က ကိုအောင်နိုင် (ခ)အောင်ပုအား သတ်ရာတွင် ပါဝင်သည်ဟုကောက်ယူရန် အထောက်အထားအားနည်းနေသဖြင့် ၎င်းအပေါ် လူသတ်မှုပြစ်မှုထင်ရှားစီရင်ရန် သင့်မည်မဟုတ်သည်ကို** အထူးအယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

သို့သော် (၂)တရားခံ ပိုးအိဖြူ(ခ)ပိုးအိသည် အချင်းဖြစ်နေရာမှ (၁)တရားခံနှင့်အတူ ရှောင်တိမ်းခဲ့ကြောင်း ပေါ်ပေါက်နေသဖြင့် (၁)တရားခံ သန့်ဇင်(ခ)မောင်ဇင်သည် သေသူ ကိုအောင်နိုင်(ခ)အောင်ပုနှင့် မိမိဇနီးတို့အတူရှိနေ၍ သေသူကိုသတ်ခဲ့ခြင်းမှာ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၂)အရ လူသတ်မှုကို ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး သေသူထံမှ ပစ္စည်းများနှင့် ငွေကြေးအချို့ကို (၂)တရားခံနှင့်အတူ လုယူခဲ့သည့် ရာဇသတ်ကြီးပုဒ်မ ၃၉၂ ပြစ်မှုကိုလည်း ဆက်တိုက်ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟုသာ ကောက်ယူရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ သုံးသပ်ချက်မှာ သဘာဝယုတ္တိမရှိဟု ဆိုနိုင်မည်မဟုတ်ကြောင်း အထူးအယူခံရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်ရာ မင်းဘူးခရိုင်တရားရုံးက တရားခံများအပေါ် ပုဒ်မ ၃၀၂(၁)(ဂ)အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည်ကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြစ်မှုပြစ်ဒဏ်များ ပြင်ဆင်ပြောင်းလဲချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်မညီညွတ်ဟုဆိုနိုင်ရန် ခဲယဉ်းကြောင်း ထပ်လောင်း၍သုံးသပ်ခဲ့ပါသည်။

ယခုအမှုတွင် တရားခံ သန့်ဇင်(ခ)မောင်ဇင်နှင့် တရားခံ ပိုးအိဖြူ(ခ)ပိုးအိတို့ နှစ်ဦးအပေါ် စွဲဆိုခြင်းဖြစ်ရာ တရားခံ ပိုးအိဖြူ(ခ)ပိုးအိ အပေါ်ပြစ်မှုထင်ရှားစီရင်သောစီရင်ချက်သည် ၎င်းအတွက် အယူခံဝင်နိုင်သော စီရင်ချက်ဖြစ်သည်မှာ ထင်ရှားပေသည်။ သို့ဖြစ်၍ စစ်ဆေးစီရင်မှုတစ်ခုတည်းတွင် ၎င်းနှင့် အတူပါရှိသော တရားခံ သန့်ဇင်(ခ)မောင်ဇင်သည် ၎င်းအပေါ် ပြစ်မှုထင်ရှားစီရင်သော စီရင်ချက် သို့မဟုတ် အမိန့်သည် အယူခံဝင်ခွင့်မရှိစေကာမူ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၁၅-က အရ အယူခံဝင်ရန် အခွင့်အရေးရှိနေပေသည်။ အယူခံတင်သွင်းရာတွင်လည်း တရားခံနှစ်ဦး အတူတကွ တင်သွင်းခြင်းဖြစ်သည်။

တရားခံများအပေါ်တင်ထားသော စွဲချက်အပေါ် (၁)တရားခံ သန့်ဇင်(ခ) မောင်ဇင်က အပြစ်ရှိကြောင်း ဝန်ခံထားသည်။ သို့သော် ထိုသို့အပြစ်ရှိကြောင်း ဝန်ခံချက်အပေါ် ခရိုင်တရားရုံးက ပြစ်မှုထင်ရှားစီရင်ခြင်းမပြုဘဲ ပြန်ခေါ်သက်သေစစ်မေးခွင့်ပြုပြီးနောက် တရားခံ၏ ထုချေချက်ကို မှတ်တမ်းတင်ထားသည်။ ထို့နောက် တရားခံအား ရာဇဝတ်ဥပဒေပုဒ်မ ၃၄၂(၂)အရ တရားခံအဖြစ်စစ်ဆေးသည်။ တရားခံက ပြစ်မှုကို ဝန်ခံသည်ဆိုရာတွင် စွဲချက်ပါအတိုင်း ဝန်ခံခြင်းမဟုတ်ဘဲ စွဲချက်ပုံစံရှိ ၎င်း၏ထုချေချက်တွင် ကိုအောင်ပုကိုသတ်တာ အပြစ်မရှိပါ။ ကျွန်တော့်မိန်းမကို ကြာခို၍ သတ်ခြင်းဖြစ်သည်ဟု ထုချေထားသည်။ တရားခံကို စစ်ဆေးပြီးမှ စွဲချက်ပါ ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ)အရ ပြစ်မှုကို ကျူးလွန်ကြောင်းသုံးသပ်၍ သေဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

စွဲချက်တွင် အပြစ်ရှိကြောင်းဝန်ခံသည့် တရားခံအား တရားရုံးအနေဖြင့် စစ်ဆေးခြင်းပြုနိုင်သော်လည်း ပြန်ခေါ်သက်သေစစ်မေးခွင့်ကဲ့သို့ ဥပဒေအခွင့်အရေးမျိုးရရှိနိုင်မည်မဟုတ်သလို သက်သေပြခွင့်လည်း ရရှိနိုင်တော့မည်မဟုတ်ပေ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၁) ၃၄၂(၂) တို့အရ တရားခံကို စစ်ဆေးခြင်းမှာလည်း စွဲချက်ကိုငြင်းဆိုသည့် အခါတွင်သာ စစ်ဆေးနိုင်ခွင့်ရှိပေမည်။ ယခုအမှုတွင် မူလရုံးအမှုစစ်တရားသူကြီးသည် စွဲချက်တွင်အပြစ်ရှိကြောင်းဝန်ခံသည့်တရားခံကို ပြန်ခေါ်သက်သေစစ်မေးခွင့်ပြုခြင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၄၂(၂)အရ စစ်ဆေးခြင်းတို့မှာ ဥပဒေနှင့်ညီညွတ်သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း အထူးအယူခံရုံးတော်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

သို့ဖြစ်၍ အရေးယူလောက်သော ပြဿနာများအပေါ် အောက်ပါအတိုင်း ဖြေကြားလိုက်ပါသည်။

(၁) မင်းဘူးခရိုင်တရားရုံးက တရားခံ သန့်ဇင်(ခ) မောင်ဇင်နှင့် မပိုးအိဖြူ(ခ)ပိုးအိတို့အား ရာဇသတ်ကြီးပုဒ်မ ၃၀၂(၁)(ဂ) အရ ပြစ်မှုထင်ရှားစီရင်ထားမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပြင်ဆင်ပြောင်းလဲချမှတ်ခဲ့ခြင်းသည် အမှုတွင် ပေါ်ပေါက်သည့် သက်သေခံချက်အရ ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း၊

(၂) ရာဇသတ်ကြီးပုဒ်မ ၃၀၂ (၁)(ဂ) အရ စွဲချက်တင်ရာတွင် အပြစ်ရှိကြောင်း ဝန်ခံခဲ့သည့် တရားခံ သန့်ဇင်(ခ)မောင်ဇင်က တင်သွင်းလာသည့် အယူခံမှုကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က လက်ခံခွင့်ပြုသည်မှာ ဥပဒေနှင့်ညီညွတ်မှုရှိကြောင်း ဆုံးဖြတ်၍ အထူးအယူခံမှုကို ပလပ်လိုက်ပါသည်။

ခရိုင်တရားရုံးက တရားခံများအပေါ် သေဒဏ်ချမှတ်ခဲ့သော်လည်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် အထူးအယူခံခုံရုံးတို့က ဥပဒေနှင့်အညီ စိစစ်ဝေဖန်သုံးသပ်၍ သေဒဏ်မှကင်းလွတ်ခွင့်ပြုပြီး ထိုက်သင့်သော ပြစ်ဒဏ်များချမှတ်ခဲ့ကြောင်း စီရင်ထုံးဖွဲ့ခဲ့သည့် **ဒေါ်ချိုမာသွယ်ပါ ၃ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ပါ ၃ ၂၀၂၂ ခုနှစ် ရာဇဝတ်အထူးအယူခံမှု ၁၃** ကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ရွှေဘို ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ထောပတ်ပဲ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၃၉၉၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၄၁၀၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"တန့်ဆည်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ထောပတ်ပဲ ဧက ၃၀၀၀ ကျော် လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ထောပတ်ပဲစိုက်ပျိုးမှုကတော့ ဖြစ်ထွန်းအောင်မြင်ကြပါတယ်။ ထောပတ်ပဲဟာ ဈေးကောင်း ရရှိတဲ့အတွက်ကြောင့် အားထား စိုက်ပျိုးကြတာဖြစ်တယ်"ဟု ရွှေဘိုခရိုင်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ပဲမျိုးစုံ စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနအနေဖြင့် သီးနှံအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးကြရေးနှင့် ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲပုံ စသည့် အသိပညာပေး လုပ်ငန်းများကို ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကြံခင်းမြို့နယ် သရက်စမ်းကျေးရွာ၌ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

**ကြံခင်း ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိစေရန် ရည်ရွယ်၍ သရက်စမ်းကျေးရွာ၌ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူသင်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက သရက်စမ်းကျေးရွာရှိ သောက်သုံးရေရရှိရေး ကော်မတီဝင်များနှင့်အတူ ရေပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကြံခင်းမြို့နယ် သရက်စမ်းကျေးရွာ၌ အရှည် ၁ မိုင်၊ အကျယ် ၂ လက်မရှိ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၅၉ သန်းဖြင့် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန အင်ဂျင်နီယာ ဝန်ထမ်းများက ၂၀၂၅ ခုနှစ် ဇူလိုင်လ ဒုတိယပတ်မှ လုပ်ငန်းများစတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကြံခင်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **သံသာ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၆၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဒီဇင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးလတ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးရံ့များ အပါအဝင် ဒေသရေထွက်ကုန်များ တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဒီဇင်ဘာလအတွင်း ငါးရံ့ပိဿာချိန် ၇၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။



"၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးရံ့တွေ ရန်ကုန်ဈေးကွက်ထဲကို သိသိသာသာတင်ပို့အားကောင်းခဲ့ပါတယ်။ ငါးရံ့တွေတင်ပို့ရောင်းချအားတက်ခဲ့တာက ပြည်တွင်းမှာကို ဝယ်လိုအားကောင်းနေတာကြောင့်ဖြစ်ပါတယ်။ ဒေသထွက် ငါးရံ့တွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိကတင်ပို့တာပါ။ အခုလို ဝယ်ယူအား ကောင်းလာတော့ ငါးရံ့မွေးမြူရေးလုပ်ငန်းတွေနဲ့ ရေလုပ်သားတွေ၊ သဘာဝအတိုင်း ငါးရံ့ရှာဖွေဖမ်းဆီးသူတွေ အဆင်ပြေလာပါတယ်''ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးလတ်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်း တင်ပို့ရောင်းချခဲ့သည့် ငါးရံ့အသေး ၁၀ ပိဿာလျှင် ငွေကျပ် ၁၅၅၀၀၀၊ ငါးရံ့အလတ် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀၊ ငါးရံ့အကြီး ၁၀ ပိဿာလျှင် ငွေကျပ်၂၅၀၀၀၀ မှ ၃၇၀၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ရေနံချောင်းမြို့နယ် ရုံးဆိပ်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေနံချောင်း ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆားတိုင်ကျေးရွာအုပ်စု ရုံးဆိပ်မြောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရွှေဦးစွာ ရေနံချောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း၏ ရည်ရွယ်ချက်၊ စီမံကိန်းဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိ ဒေါ်ခင်မာကြည်က မြစိမ်းရောင် ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆၂ သိန်းကိုလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ရုံးဆိပ်မြောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၁ဦးကို ငွေကျပ် ၂၅၈ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၄၁ဦးကို ငွေကျပ် ၁၈၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ငါးဦးကို ငွေကျပ် ၂၃ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နေဝ်လူး**

# မိုင်းယန်းမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဇန်နဝါရီ ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ နာကျော့ကျေးရွာနှင့်ဝမ်ယို့မိုင် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ နာကျော့ကျေးရွာနှင့် ဝမ်ယို့မိုင်ကျေးရွာတို့၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဖြစ်သော မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများနှင့် လအလိုက် ဖြည့်သွင်းရသည့်စာရင်းဇယားများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ နာကျော့ကျေးရွာနှင့် ဝမ်ယို့မိုင်ကျေးရွာတို့၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာနှစ်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ခြောက်ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၁၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သမိုင်းဘာသာရပ် သိကောင်းစရာ

ဒေါက်တာသင်းသင်းအေး[ပါမောက္ခ(ဌာနမှူး) သမိုင်းဌာန ရန်ကုန်တက္ကသိုလ်]

**၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သမိုင်းဘာသာရပ်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် မြန်မာ့သမိုင်းနှင့် ကမ္ဘာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာအချက်အလက်များကို စုစည်းတင်ပြပေးသွားမှာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်သမိုင်းဘာသာရပ်မေးခွန်းဟာ သမားရိုးကျ အလွတ်ကျက်မှတ်ဖြေဆိုသောစနစ်မှ ကျောင်းသား ကျောင်းသူများရဲ့ တွေးခေါ်ဆင်ခြင်မှုကို အားပေးသည့် ဓမ္မဓိဋ္ဌာန်မေးခွန်းများ၊ သင်ခန်းစာတစ်ခုစီမှ အဓိကမှတ်သားသင့်သော အချက်များကို နားလည်သိရှိမှု ရှိ၊ မရှိ စစ်ဆေးသည့် မှတ်စုတိုမေးခွန်းများ၊ သမိုင်းအကြောင်းအရာ တစ်ခုစီ၏ အခြေခံအကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများမည်သို့ဆက်စပ်နေသည်ကို လေ့လာဆန်းစစ်ပြီး ဝေဖန်သုံးသပ်ရသော မေးခွန်းရှည်များပါဝင်ပါသည်။ ဒါ့ကြောင့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ပြင်ဆင်နေကြတဲ့ ကျောင်းသား ကျောင်းသူများအတွက် မမေ့သင့်တဲ့ အဓိကအချက်များကို စုစည်းတင်ပြသွားမှာဖြစ်ပါတယ်။ ဒီအချက်အလက်တွေကတစ်ဆင့် စာမေးပွဲအတွက် သေချာစွာပြင်ဆင်နိုင်ရန် အထောက်အကူဖြစ်မည်လို့ ယုံကြည်ပါတယ်။**

ပထမဦးစွာ မြန်မာ့သမိုင်းသင်ခန်းစာများမှ သိကောင်းစရာတွေကို တင်ပြပါမယ်။ မြန်မာ့သမိုင်းသင်ခန်းစာမှာ ကိုလိုနီခေတ်မှ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်အထိ ခေတ်အဆက်ဆက်ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ စီးပွားရေးစနစ်နှင့် စီးပွားရေးပုံစံပြောင်းလဲမှုများ၊ လူမှုရေးပြောင်းလဲမှုများကို လေ့လာသင်ကြားရမှာဖြစ်တယ်။ ကိုလိုနီခေတ်အုပ်ချုပ်ရေးစနစ်များကို လေ့လာတဲ့အခါ ပထမအင်္ဂလိပ်-မြန်မာစစ်(၁၈၂၄-၁၈၂၆)အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့အုပ်ချုပ်ရေးစနစ်၊ ဒုတိယအင်္ဂလိပ်-မြန်မာစစ် (၁၈၅၂-၁၈၅၃)အပြီး အင်္ဂလိပ်တို့ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တတိယအင်္ဂလိပ်-မြန်မာစစ်(၁၈၈၅)အပြီး အင်္ဂလိပ်တို့ ကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်နှင့် ဂျပန်ခေတ်အုပ်ချုပ်ရေးစနစ်တို့ကို လေ့လာကြရမှာဖြစ်တယ်။ မြန်မာနိုင်ငံဟာ အင်္ဂလိပ်တို့ရဲ့ကျူးကျော်စစ်ပွဲကို သုံးကြိမ်ရင်ဆိုင်ခဲ့ရတယ်။ ပထမအင်္ဂလိပ်-မြန်မာစစ်ပွဲအပြီးမှာ တနင်္သာရီနှင့် ရခိုင်ကို အင်္ဂလိပ်တို့က သိမ်းယူခဲ့ပြီး ကုမ္ပဏီကတစ်ဆင့် အုပ်ချုပ်တဲ့ အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဒုတိယအင်္ဂလိပ်-မြန်မာစစ်အပြီးတွင် ပဲခူးနယ်ကို ထပ်မံသိမ်းယူခဲ့တဲ့အတွက် အောက်မြန်မာနိုင်ငံတစ်ခုလုံးဟာ အင်္ဂလိပ်တို့လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။ အင်္ဂလိပ်တို့က တနင်္သာရီ၊ ရခိုင်နှင့် အောက်မြန်မာပြည်(ပဲခူးနယ်) တို့ကိုပေါင်းပြီး ဗြိတိသျှဘားမား(British Burma) လို့ခေါ်တွင်ခဲ့တယ်။ ဗြိတိသျှဘားမားကိုအုပ်ချုပ်ဖို့ ကုမ္ပဏီအုပ်ချုပ်ရေးကနေ အင်္ဂလိပ်အစိုးရအုပ်ချုပ်တဲ့ မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးခဲ့တယ်။

မဟာဝန်ရှင်တော်မင်းကြီးအုပ်ချုပ်ရေးဟာ အိန္ဒိယဘုရင်ခံချုပ်ကို တာဝန်ခံပြီး အုပ်ချုပ်ရတဲ့စနစ်ဖြစ်တယ်။ မဟာဝန်ရှင်တော်မင်းကြီးဟာ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ၊ အခွန်ကောက်ခံရေးအာဏာစတဲ့ အာဏာသုံးရပ်ကို တစ်ဦးတည်း ကျင့်သုံးနိုင်တယ်။ ဒါပေမဲ့ သူ့မှာ ဥပဒေပြုပိုင်ခွင့်အာဏာမရှိတဲ့အတွက် လိုအပ်တဲ့ အက်ဥပဒေ၊ စည်းမျဉ်းဥပဒေတွေကို အိန္ဒိယဘုရင်ခံချုပ်က ပြဋ္ဌာန်းပေးရတယ်။ မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးဟာ အရာရှိအဆင့်ဆင့်ကို လုပ်ပိုင်ခွင့်အာဏာနဲ့ တာဝန်များ တိကျစွာသတ်မှတ်ပေးထားတဲ့ အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၈၈၆ ခုနှစ်မှ ၁၈၉၇ ခုနှစ်အထိ ၁၀ နှစ်ကြာမြင့်တယ်။ ၁၈၉၇ ခုနှစ်မှာ မြန်မာနိုင်ငံကို ဗြိတိသျှပိုင်အိန္ဒိယအင်ပါယာရဲ့ ပြည်နယ်တစ်ခုအဖြစ် ထည့်သွင်းခဲ့ပြီးနောက် မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်ရေးအဆင့်ကနေ ဒုတိယဘုရင်ခံအုပ်ချုပ်ရေးအဆင့်သို့ တိုးမြှင့်အုပ်ချုပ်ခဲ့တယ်။

ဒုတိယဘုရင်ခံအုပ်ချုပ်ရေးစနစ်မှာ ဘုရင်ခံဟာ မြန်မာနိုင်ငံအတွက် ဥပဒေပြုကောင်စီ ဖွဲ့စည်းခွင့်ရရှိတယ်။ အဲဒီအချိန်က မြန်မာနိုင်ငံဟာ အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုဖြစ်တဲ့အတွက် အိန္ဒိယမှာ အုပ်ချုပ်ရေးဆိုင်ရာ အပြောင်းအလဲဖြစ်တိုင်း မြန်မာနိုင်ငံအပေါ် သက်ရောက်မှုရှိတယ်ဆိုတာ သိထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ၁၉၁၉ ခုနှစ်မှာ အိန္ဒိယနိုင်ငံအတွက် ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဖို့ ဥပဒေပြဋ္ဌာန်းပေးခဲ့တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့တယ်။ ဒါကြောင့် မြန်မာနိုင်ငံကိုလည်း အုပ်ချုပ်ရေးစနစ်တိုးမြှင့်ပေးဖို့ မြန်မာပြည်သူတွေက အပြင်းအထန်တောင်းဆိုကြတဲ့အတွက် အင်္ဂလိပ်အစိုးရက ဒိုင်အာခီအုပ်ချုပ်ရေးပေးခဲ့တယ်။ ဒိုင်အာခီအုပ်ချုပ်ရေးဟာ ၁၉၂၃ ခုနှစ်မှ ၁၉၃၇ ခုနှစ်အထိကြာမြင့်ခဲ့တယ်။ ဒီသင်ခန်းစာမှာ ဒိုင်အာခီအုပ်ချုပ်ရေးပေါ်ပေါက်လာပုံနဲ့ ဒိုင်အာခီအုပ်ချုပ်ရေးစနစ်ကို သေချာသိထားသင့်တယ်။

အင်္ဂလိပ်တို့ဟာ ဒိုင်အာခီအုပ်ချုပ်ရေးချမှတ်စဉ်ကတည်းက ၁၀ နှစ်ကာလပြီးရင် မြန်မာပြည်ရဲ့ အုပ်ချုပ်ရေးစနစ်ကို ပြုပြင်ပြောင်းလဲပေးမယ်လို့ ကတိပေးခဲ့တယ်။ ဒါကြောင့် အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရေးနဲ့ပတ်သက်ပြီး စုံစမ်းဖို့ ၁၉၂၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်နေ့မှာ ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်တဲ့ ကော်မရှင်ကို ဖွဲ့စည်းခဲ့တယ်။ အဲဒီကော်မရှင်ရဲ့အစီရင်ခံစာနဲ့ အကြံပေးချက်များအရ ၁၉၃၁ ခုနှစ်မှာ လန်ဒန်မှာ သီးခြားစုံညီအစည်းအဝေးကျင်းပခဲ့တယ်။ အစည်းအဝေးမှာ ခွဲရေးကိုလိုလားသူများနဲ့ တွဲရေးကိုလိုလားသူများဆိုပြီး အုပ်စုများကွဲပြားလာတဲ့အတွက် ခွဲရေးတွဲရေးပြဿနာကို ဆုံးဖြတ်ဖို့ အထူးရွေးကောက်ပွဲ ကျင်းပပေးခဲ့တယ်။ ရွေးကောက်ပွဲမှာ တွဲရေးကို ထောက်ခံတဲ့ဘက်က အနိုင်ရရှိခဲ့တယ်။ ဒါပေမဲ့ ဒီပြဿနာကို မြန်မာတို့အပြီးအပြတ်ဆုံးဖြတ်နိုင်ခြင်း မရှိနိုင်ဟုဆိုပြီး အင်္ဂလိပ်အစိုးရဟာ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ၉၁ ဌာနအုပ်ချုပ်ရေးကို အကောင်အထည်ဖော်ခဲ့တယ်။

၉၁ ဌာနအုပ်ချုပ်ရေးဟာ ၁၉၃၇ ခုနှစ်ကနေ ၁၉၄၁ ခုနှစ်အထိ ကြာမြင့်ခဲ့တယ်။ ၉၁ ဌာနအုပ်ချုပ်ရေးကို လေ့လာတဲ့အခါ ၁၉၃၅ မြန်မာနိုင်ငံတော်စီရင်အုပ်ချုပ်မှုအက်ဥပဒေ ပေါ်ပေါက်လာပုံ၊ ၉၁ ဌာနအုပ်ချုပ်ရေးမှာ ဘုရင်ခံစီရင်အုပ်ချုပ်ခွင့်ရတဲ့ဌာနများ၊ ၉၁ ဌာနအုပ်ချုပ်ရေးရဲ့ ဖွဲ့စည်းပုံအကြောင်းတွေကို သီးခြားလေ့လာထားသင့်တယ်။

ကိုလိုနီခေတ်တွင် မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများသည် အင်္ဂလိပ်အုပ်ချုပ်မှုအောက်တွင် အပြောင်းအလဲများစွာဖြစ်ခဲ့တယ်။ ဆန်စပါးစိုက်ပျိုးရေးလုပ်ငန်းသည် ဒေသဖူလုံသည့် စိုက်ပျိုးရေးမှ ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့် ကူးသန်းရောင်းဝယ်ရေးအခြေပြု စိုက်ပျိုးရေးသို့ ပြောင်းလဲလာခဲ့တယ်။ အင်္ဂလိပ်အစိုးရသည် ဆန်စပါးထုတ်လုပ်မှုအား ပိုမိုအထောက်အပံ့ပြုခဲ့တယ်။ သစ်လုပ်ငန်းမှာလည်း ဗြိတိသျှကုမ္ပဏီများက သစ်များကို ခုတ်ယူခဲ့သည့်အတွက် သစ်တောဥပဒေထုတ်ပြန်ပြီး သစ်တောဌာနကို တည်ထောင်ပေးခဲ့တယ်။ ရေနံလုပ်ငန်းမှာတော့ BOC ကုမ္ပဏီက ဦးဆောင်ခဲ့တယ်ဆိုတာ သေသေချာချာလေ့လာထားသင့်တယ်။ သတ္တုနှင့်သယံဇာတလုပ်ငန်းမှာ နမ္မတူဘော်တွင်းမိုင်း၊ မိုးကုတ်ပတ္တမြားတွင်း၊ ရွှေဘိုကျောက်မီးသွေးတွင်းတို့ဟာ အင်္ဂလိပ်ကုမ္ပဏီများ အုပ်ချုပ်မှုအောက်သို့ ကျရောက်ခဲ့တယ်။ ဗြိတိသျှကုမ္ပဏီများက ကူးသန်းရောင်းဝယ်ရေးမှာ ဈေးကွက်ကို ထိန်းချုပ်ခဲ့တဲ့အတွက် ပြည်တွင်းလက်မှုလုပ်ငန်းများ ထိခိုက်ခဲ့ရတယ်။ မီးရထား၊ မီးသင်္ဘော၊ ကားလမ်းများကို တိုးချဲ့လာနိုင်တဲ့အတွက် ကူးသန်းရောင်းဝယ်ရေး ပိုမိုလွယ်ကူလာစေခဲ့သော်လည်း စီးပွားရေးအမြတ်အစွန်းများဟာ အင်္ဂလိပ်တို့အတွက်သာ ရရှိခဲ့တယ်ဆိုတာ သိထားရမယ်။

ကိုလိုနီခေတ်မှာ စီးပွားရေးလုပ်ငန်းကြီးများကို ကိုလိုနီအစိုးရနဲ့ နိုင်ငံခြားသားအရင်းရှင်တို့က ပိုင်ဆိုင်ကြတယ်။ မြန်မာ့ဆန်စပါးရောင်းဝယ်ရေးမှာ ဘူလင်ဂျာပူးလ်အမည်နဲ့ ကုမ္ပဏီလေးခုကလည်းကောင်း၊ မြန်မာ့သစ်ထုတ်လုပ်ရေးလုပ်ငန်းကို ဘုံဘေဘားမားကူးသန်းရောင်းဝယ်ရေးကုမ္ပဏီက လည်းကောင်း၊ မြန်မာ့ရေနံလုပ်ငန်းကို ဘီအိုစီကုမ္ပဏီက လည်းကောင်း၊ ပြည်တွင်းရေကြောင်းသွားလာရေးနဲ့ သယ်ယူပို့ဆောင်ရေးလုပ်ငန်းကို ဧရာဝတီဖလိုတီလာကုမ္ပဏီက လည်းကောင်း လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားခဲ့တယ်ဆိုတာလည်း သိထားရပါမယ်။

ကိုလိုနီခေတ်မှာ အရင်းရှင်စီးပွားရေးစနစ်နဲ့အတူ နိုင်ငံခြားသားအရင်းရှင်များ၊ အလုပ်သမားများ မြန်မာနိုင်ငံကို ရောက်ရှိလာတဲ့အတွက် မြန်မာ့လူမှုအဖွဲ့အစည်းဟာ ပဒေသရာဇ်စနစ်ကို အခြေခံတဲ့ လူနေမှုစနစ်ကနေ အရင်းရှင်စီးပွားရေးစနစ်ကို အခြေခံတဲ့လူနေမှုစနစ်သို့ တဖြည်းဖြည်း ပြောင်းလဲလာခဲ့တယ်။ ကိုလိုနီခေတ်မှာ အင်္ဂလိပ်အစိုးရဟာ လယ်ယာလုပ်ငန်းများ တိုးချဲ့လာခြင်းနဲ့အတူ ပြောင်းလဲသွားတဲ့ တောင်သူလယ်သမားများရဲ့ ဘဝအခြေအနေများကိုလည်း သိထားရမယ်။ ကိုလိုနီခေတ်မှာ လယ်ယာလုပ်ငန်းသာမက စက်မှုလုပ်ငန်းများတိုးချဲ့လာတဲ့အတွက် ပြည်ပမှ အလုပ်သမားများကို ခေါ်ယူခဲ့တယ်။ အလုပ်သမားများအနက် စက်မှုလုပ်ငန်းများမှာ လုပ်ကိုင်တဲ့အလုပ်သမားများရဲ့ဘဝအခြေက ပိုပြီးဆိုးရွားတယ်။ အထူးသဖြင့် ရေနံမြေအလုပ်သမားများဟာ အရင်းရှင်များရဲ့ လက်ဝါးကြီးအုပ်အမြတ်ထုတ်သည့်ဒဏ်ကို ဆိုးရွားစွာခံကြရတယ်။ ၁၉၃၀ ပြည့်နှစ်မှာ ကြုံတွေ့ရသော ကမ္ဘာ့စီးပွားပျက်ကပ်ကြောင့် အလုပ်သမားများရဲ့ဘဝဟာ ပိုမိုဆိုးရွားလာခဲ့တယ်ဆိုတာကိုလည်း လေ့လာထားရမယ်။ အင်္ဂလိပ်အစိုးရဟာ ကိုလိုနီအုပ်ချုပ်ရေးကို အထောက်အပံ့ဖြစ်စေတဲ့ ပညာရေးစနစ်ကို အကောင်အထည်ဖော်ခဲ့ပြီး စက်မှုလက်မှုသင်တန်းကျောင်းများအပါအဝင် အသက်မွေးဝမ်းကျောင်း ပညာရပ်ဆိုင်ရာကျောင်းများကိုလည်း ဖွင့်လှစ်ပေးခဲ့တယ်။ ၁၉၂၀ ပြည့်နှစ်မှာ မြန်မာနိုင်ငံရဲ့ ပထမဆုံးတက္ကသိုလ်အဖြစ် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာတယ်ဆိုတာလည်း သေသေချာချာ လေ့လာထားဖို့လိုတယ်။

ကိုလိုနီခေတ်မှာ ကျန်းမာရေးဌာနဖွဲ့စည်းပုံကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးလုပ်ငန်းများနဲ့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့တယ်။ ဒါပေမဲ့ ကျေးလက်နေပြည်သူများဟာ မြန်မာဆေးဝါးများနဲ့ တိုင်းရင်းဆေးဆရာများကိုသာ မှီခိုအားထားနေကြရပြီး မြို့နေလူထုကတော့ အနောက်တိုင်းဆေးပညာနဲ့ ထိတွေ့မှုများလာတယ်။ ဆေးရုံများကို အားကိုးလာကြတယ်။ ဒါကြောင့် ရန်ကုန်၊ မန္တလေးနဲ့ အခြားခရိုင်မြို့ကြီးများမှာ ဆေးရုံများဖွင့်လှစ်နိုင်ခဲ့တယ်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပြဋ္ဌာန်းစာအုပ်မှာ ဂျပန်ခေတ်အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှု သင်ခန်းစာများကို ထည့်သွင်းထားလို့ ဒီသင်ခန်းစာတွေကိုလည်း လေ့လာထားရမယ်။ ဂျပန်ခေတ်အုပ်ချုပ်ရေးကိုလေ့လာတဲ့အခါမှာ ဂျပန်ခေတ်ဟာ ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်တို့ မြန်မာနိုင်ငံအားအုပ်ချုပ်ခဲ့တဲ့ ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်ကြားကာလကို ခေါ်ဆိုတာဖြစ်ကြောင်း သိထားဖို့လိုတယ်။ ဂျပန်တို့ မြန်မာနိုင်ငံကို သိမ်းပိုက်ပြီး မကြာမီမှာပဲ ဒေါက်တာဘမော်ဦးဆောင်တဲ့ ယာယီအစိုးရကိုဖွဲ့စည်းခဲ့တယ်။ ၁၉၄၃ ခုနှစ် ဇွန်လမှာ လွတ်လပ်ရေးစီစဉ်မှုအဖွဲ့ကို ဖွဲ့စည်းပြီး ဩဂုတ် ၁ ရက်နေ့မှာ မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးဖို့ ကြေညာခဲ့တယ်။ ဒါပေမဲ့ ဂျပန်တို့ပေးတဲ့ လွတ်လပ်ရေးဟာ အတုအယောင်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှာ ဂျပန်စစ်တပ်ရဲ့ ထိန်းချုပ်မှုအောက်မှာသာရှိကြောင်း တွေ့ရတယ်။ ဂျပန်ခေတ်မှာ တန်ခိုးအာဏာအရှိဆုံးသူတို့မှာ ကင်ပေတိုင်ဂျပန်စစ် ပုလိပ်များသာဖြစ်တယ်။

ဂျပန်ခေတ်ဟာ ဒုတိယကမ္ဘာစစ်အတွင်းကာလဖြစ်လို့ မြန်မာ့စီးပွားရေးဟာ တိုးတက်မှုမရှိဘဲ စိုက်ပျိုးရေးလုပ်ငန်း၊ သစ်လုပ်ငန်း၊ ရေနံလုပ်ငန်းများ ထုတ်လုပ်မှုကျဆင်းသွားတာတွေ့ရတယ်။ ဂျပန်တို့က စီးပွားရေးကို ထိန်းချုပ်နိုင်ဖို့ အကန့်အသတ်မရှိ ငွေစက္ကူများထုတ်ဝေခဲ့တဲ့အတွက် ပြည်သူများ၏ လူနေမှုဘဝကျဆင်းခဲ့ရတယ်။ ဂျပန်ခေတ်စီးပွားရေးဟာ မြန်မာပြည်သူများအတွက် အကျိုးမဖြစ်ဘဲ ဂျပန်တို့အတွက်သာ အသုံးချသောစီးပွားရေးစနစ်ဖြစ်ခဲ့တယ်လို့ ဆိုနိုင်တယ်။

ဂျပန်ခေတ်မှာ ယိုးဒယား-မြန်မာ မီးရထားလမ်းကို ဖောက်လုပ်ခဲ့တဲ့အတွက် မြန်မာပြည်သူများ သေဆုံးခဲ့ရတယ်။ သေဆုံးသူများပြားခဲ့သဖြင့် သေမင်းတမန်ရထားလမ်းဆိုပြီး သမိုင်းတွင်ခဲ့တယ်။ ဂျပန်ခေတ်ပညာသင်ကြားရေးစနစ်ကို လေ့လာတဲ့အခါ မဟာအရှေ့အာရှသာတူညီမျှ ကောင်းစားရေးအတွက်ဖြစ်ပြီး ဂျပန်စစ်ဘက်ဆိုင်ရာအာဏာပိုင်တို့ကလည်း စာသင်ကျောင်းများမှာ ဂျပန်ဘာသာကို မသင်မနေရဘာသာအဖြစ် ပြဋ္ဌာန်းစေခဲ့တယ်။ ဂျပန်ခေတ်မှာ အစားအသောက်၊ အဝတ်အထည်၊ အိမ်ရာအဆောက်အအုံနှင့် ဆေးဝါးချို့တဲ့မှုကြောင့် ကပ်ရောဂါဖြင့် သေဆုံးသူအရေအတွက်လည်း များပြားခဲ့ပါတယ်။

လွတ်လပ်ပြီးခေတ် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးပြောင်းလဲမှု (၁၉၄၈-၁၉၆၂)ကို လေ့လာရာမှာ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ် ကာလအပိုင်းအခြားဟာ ဖဆပလအစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလဟာ အိမ်စောင့်အစိုးရအုပ်ချုပ်တဲ့ကာလ၊ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု (ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ကာလဖြစ်တယ်ဆိုတာ သိထားရမယ်။

၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ကာလအတွင်း ဖဆပလအစိုးရဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ အုပ်ချုပ်တယ်။ ဖဆပလခေတ်မှာ ပြည်သူ့လွှတ်တော်နဲ့ လူမျိုးစုလွှတ်တော်ဆိုပြီး လွှတ်တော်နှစ်ရပ်ရှိတယ်။ လွှတ်တော်နှစ်ရပ်ပေါင်းကို ပြည်ထောင်စုပါလီမန်လို့ခေါ်တယ်။ ပြည်ထောင်စုပါလီမန်မှာ ဥပဒေပြုအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာများရှိတယ်။ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ ပြည်ထောင်စုပုံစံပေါ်လွင်စေဖို့ ပြည်နယ်များကို ဖွဲ့စည်းထားရှိတယ်။ ဝန်ကြီးဌာနအလိုက် ဝန်ကြီးဌာနရုံးများဖွဲ့စည်းထားရှိပြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်၊ ဝန်ကြီး၊ အတွင်းဝန်၊ တိုင်းမင်းကြီး၊ ခရိုင်ဝန်ခေါ်အရေးပိုင်၊ နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်နှင့် လက်ထောက်မြို့ပိုင်တို့ဟာ စီမံခန့်ခွဲရေးဆိုင်ရာတာဝန်များကို အဆင့်ဆင့်ဆောင်ရွက်ကြရတယ်။

ဖဆပလအစိုးရဟာ ၁၉၅၂ ခုနှစ်မှာ ပြည်တော်သာစီမံကိန်းကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ပြီး ၁၉၅၃ ဒီမိုကရေစီဒေသန္တရ

စာမျက်နှာ ၂၉ သို့

**စာမျက်နှာ ၂၈ မှအဆက်**

အုပ်ချုပ်ရေးအက်ဥပဒေကို ပြဋ္ဌာန်းခဲ့တယ်။ ဒီမိုကရေစီဒေသန္တရ အုပ်ချုပ်ရေးစီမံကိန်းဟာ ကျေးရွာကိုအခြေပြုတဲ့ အုပ်ချုပ်ရေးစနစ် ဖြစ်တယ်ဆိုတာကိုလည်း သိထားရမယ်။ မြန်မာ့သမိုင်းမှာ ၁၉၅၈-၁၉၆၀ ကာလဟာ အိမ်စောင့်အစိုးရ တာဝန်ယူတဲ့ကာလဖြစ်တယ်။ ဒီအပိုင်းမှာ အိမ်စောင့်အစိုးရပေါ်ပေါက်လာပုံ၊ အိမ်စောင့်အစိုးရအဖွဲ့ရဲ့ လုပ်ငန်းစဉ် လေးရပ်၊ အိမ်စောင့်အစိုးရရဲ့ အုပ်ချုပ်ရေးစနစ်(ဒါမှမဟုတ်) ဆောင်ရွက်ချက်များကို လေ့လာသင့်တယ်။ မြန်မာ့သမိုင်းမှာ ၁၉၆၀ ပြည့်နှစ်ကနေ ၁၉၆၂ ခုနှစ်အထိကာလဟာ ပြည်ထောင်စု(ပထစ) အစိုးရတာဝန်ယူခဲ့တဲ့ ကာလဖြစ်တယ်။ ပထစအစိုးရရဲ့အုပ်ချုပ်ရေး ပုံစံကတော့ ယခင်ဖဆပလအစိုးရရဲ့ အုပ်ချုပ်ရေးပုံစံကိုပဲ အခြေခံထား တယ်ဆိုတာ သိထားရမယ်။ ပြည်ထောင်စု(ပထစ)အစိုးရလက်ထက် အတွင်း နိုင်ငံရေးမတည်ငြိမ်မှုများ ဖြစ်ပေါ်လာတဲ့အတွက် တော်လှန် ရေးကောင်စီ ပေါ်ပေါက်လာစေတယ်။ မြန်မာ့သမိုင်းသင်ရိုးမှာ ဖဆပလအစိုးရ၊ အိမ်စောင့်အစိုးရ၊ ပထစအစိုးရများလက်ထက် စီးပွား ရေး၊ လူမှုရေးပြောင်းလဲလာတဲ့ အခြေအနေတွေကိုလည်း သီးခြား ကဏ္ဍအလိုက် လေ့လာသင့်တယ်။

မြန်မာ့သမိုင်းမှာ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိကာလကို တော်လှန်ရေးကောင်စီခေတ်လို့ ခေါ်တယ်။ ဒီသင်ခန်းစာမှာ တော်လှန် ရေးကောင်စီ ပေါ်ပေါက်လာပုံ၊ တော်လှန်ရေးကောင်စီခေတ်မှာ ပြောင်းလဲကျင့်သုံးခဲ့တဲ့ အုပ်ချုပ်ရေးစနစ်၊ တရားစီရင်ရေးစနစ်တွေ အကြောင်းကို လေ့လာထားဖို့လိုတယ်။ တော်လှန်ရေးကောင်စီဟာ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၆၂ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့မှာ ပြဋ္ဌာန်းပြီး မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် အမြုတေပါတီကို စတင်တည်ထောင်ခဲ့တယ်ဆိုတာလည်း သိထားရ မယ်။ တော်လှန်ရေးကောင်စီက ဝါဒသဘောထား ကြေညာချက် ထုတ်ပြန်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံမှာ အရင်းရှင်စီးပွားရေးစနစ် ကို ဖျက်သိမ်းပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်ကို တည်ဆောက်မှာဖြစ် ကြောင်း ကြေညာခဲ့တယ်။ ပြည်သူပိုင်ကဏ္ဍကို ကျယ်ပြန့်လာအောင် ဆောင်ရွက်ခဲ့တယ်။ ကုန်သွယ်ရေးလုပ်ငန်း၊ သမဝါယမလုပ်ငန်းနဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆိုရှယ်လစ်စီးပွားရေး မူဝါဒနဲ့အညီ ပြုပြင်ပြောင်းလဲရေးများ ဆောင်ရွက်ခဲ့တယ်။ တော်လှန် ရေးကောင်စီဟာ ဆိုရှယ်လစ်စနစ်နှင့်ကိုက်ညီပြီး အသက်မွေးဝမ်း ကျောင်းမှုကို အထောက်အကူပြုတဲ့ ပညာရေးမူဝါဒအသစ်များချမှတ်ခဲ့ တယ်။ ပညာရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့တယ်။ စာတတ် မြောက်ရေးလုပ်ငန်းကို လူထုလှုပ်ရှားမှုအသွင်နဲ့ ဆောင်ရွက်ခဲ့တဲ့ အတွက် ၁၉၇၁ ခုနှစ်မှာ မိုဟာမက်ရီဇာပါလဗီဆုကိုလည်း ရရှိခဲ့တယ်။

တော်လှန်ရေးကောင်စီဟာ ရောဂါကာကွယ်တိုက်ဖျက်ရေးလုပ်ငန်း များကို စီမံကိန်းချမှတ် ဆောင်ရွက်ခဲ့တယ်။ ဆေးပညာနှီးနှောဖလှယ် ပွဲများ ကျင်းပပေးတယ်။ တိုင်းရင်းဆေးပညာ ပြန့်ပွားလာရေးအတွက် ဆောင်ရွက်ပေးတယ်။ ကျေးလက်ကျန်းမာရေးဌာနတွေကို တိုးချဲ့ ဖွင့်လှစ်ပေးခဲ့တယ်။ အားကစားကို တစ်မျိုးသားလုံး လူထုလှုပ်ရှားမှု အသွင်နဲ့ဆောင်ရွက်ဖို့ မူဝါဒချမှတ် အကောင်အထည်ဖော်ပေးခဲ့တယ် ဆိုတဲ့ တော်လှန်ရေးကောင်စီခေတ်ရဲ့ လူမှုရေးပြုပြင်ပြောင်းလဲမှုတွေ ကို သိထားဖို့လိုတယ်။

၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ကာလဟာ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ်ဖြစ်တယ်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဟာ ၁၉၇၄ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့တယ်။ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံတော်အမည်မှာ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံတော် ဖြစ်တယ်။ ဒီသင်ခန်းစာမှာ ၁၉၇၄ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ ပြောင်းလဲလာသော အုပ်ချုပ်ရေးစနစ်၊ ကျင့်သုံးခဲ့ သော ဆိုရှယ်လစ်စီးပွားရေးပုံစံနဲ့ မြန်မာ့ဆိုရှယ်လစ်လူ့အဖွဲ့အစည်း၏ ပြောင်းလဲမှုများကို သေသေချာချာမှတ်ထားရမယ်။

ဒါ့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရ နဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရ များလက်ထက် အုပ်ချုပ်ရေးစနစ်ပြောင်းလဲလာပုံ၊ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ပြောင်းလဲ လာပုံ၊ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားပညာ ရည်မြင့်မားရေး နှစ် ၃၀ စီမံကိန်းကို ချမှတ်ခဲ့ပုံ၊ ကျောင်းနေအရွယ် ကလေးငယ်တိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာ ကျောင်းများကို ကျေးရွာများနှင့် နယ်စပ်ဒေသများတွင် တိုးမြှင့်ဖွင့်လှစ် ခဲ့ပုံ စတာတွေကိုလည်း သိထားရမယ်။

ဆက်လက်ပြီး ကမ္ဘာ့သမိုင်းနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့သမိုင်းသင်ခန်းစာမှာ အခန်း ၄ ခန်း ပါဝင် တယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် ပြောင်းလဲလာသော ကမ္ဘာ့အနေ အထား၊ ကမ္ဘာ့စီးပွားရေး၊ ပြောင်းလဲလာသော နည်းပညာများနဲ့ စီးပွားရေးပုံသဏ္ဌာန်များကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့ပြဿနာများ၊ တရုတ်နိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ရင်ဆိုင် ရတဲ့ စိန်ခေါ်မှုများကို လေ့လာရမှာဖြစ်တယ်။ ပထမဦးစွာ ဒုတိယ ကမ္ဘာစစ်ပြီးကာလ ပြောင်းလဲလာသော ကမ္ဘာ့အနေအထားသင်ခန်းစာ ကို တင်ပြသွားပါ့မယ်။ ကမ္ဘာ့အနေအထားသင်ခန်းစာမှာ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့နဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများဆိုပြီး ပါရှိတယ်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အကြောင်းကို လေ့လာတဲ့အခါမှာ ကမ္ဘာ့ကုလ သမဂ္ဂအဖွဲ့ကြီးဖွဲ့စည်းပုံနဲ့ လုပ်ငန်းတာဝန်များ၊ လုပ်ငန်းဆိုင်ရာ အမျိုးအစားအလိုက် အေဂျင်စီများ၊ ကုလသမဂ္ဂရဲ့အဓိကလုပ်ငန်းကြီး ၅ ရပ်နဲ့ ယင်းတို့ရဲ့ဆောင်ရွက်ချက်များကို ကဏ္ဍအလိုက် လေ့လာသင့် တယ်။ ဒေသဆိုင်ရာအဖွဲ့အစည်းများအကြောင်းကို လေ့လာတဲ့အခါမှာ နေတိုး၊ အီးယူ၊ အာဆီယံ၊ အေပက်၊ ဘင်းမ်စတက်နဲ့ ဂျီအမ်အက်စ် စတဲ့ ဒေသဆိုင်ရာအဖွဲ့အစည်းများပေါ်ပေါက်လာပုံနဲ့ အဲဒီအဖွဲ့အစည်း များရဲ့ ဆောင်ရွက်ချက်တွေကိုသိဖို့ သေသေချာချာ ပိုင်းခြားလေ့လာ ထားသင့်တယ်။

ကမ္ဘာ့နိုင်ငံရေးနှင့် ကမ္ဘာ့စီးပွားရေးဟာ အပြန်အလှန်ဆက်စပ် အကျိုးပြုနေတယ်။ ဒုတိယကမ္ဘာစစ်ပြီးနောက် နိုင်ငံတကာအဖွဲ့ အစည်းများနဲ့အတူ ကမ္ဘာ့စီးပွားရေးအဖွဲ့အစည်းများလည်း ပေါ်ပေါက် လာတယ်။ ဒုတိယကမ္ဘာစစ်အပြီးပေါ်ပေါက်လာတဲ့ ကမ္ဘာ့စီးပွားရေး အဖွဲ့အစည်းများထဲက ကမ္ဘာ့ဘဏ်၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံ ငွေအဖွဲ့၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၊ ကုလသမဂ္ဂကုန်သွယ်ရေးနှင့် ဖွံ့ဖြိုး မှုညီလာခံ(အန်းတက်)၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ ဘရစ်စ်နဲ့ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တွေဟာ အရေးပါတဲ့အတွက် ကဏ္ဍ အလိုက် ပိုင်းခြားလေ့လာသင့်တယ်။

ဒုတိယကမ္ဘာစစ်ပြီးနောက် တိုးတက်လာသောနည်းပညာများ၊ နည်းပညာကို အခြေပြု၍ ပြောင်းလဲလာသော ရင်းနှီးမြှုပ်နှံမှုပုံစံများ၊ ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ပြောင်းလဲလာပုံ၊ နိုင်ငံတကာကုန်သွယ်ရေးရဲ့အရေးပါပုံ စတဲ့အကြောင်းတွေကိုလည်း သိထားရမယ်။ တိုးတက်လာသောနည်းပညာဟာ လူသားတို့အပေါ် ဘယ်လိုအကျိုးသက်ရောက်မှုတွေရှိတယ်ဆိုတာကို သိနားလည်ရမယ်။ ကမ္ဘာ့ရာသီဥတုဟာ ၁၉ ရာစုနှောင်းပိုင်း စက်မှုတော်လှန်ရေးပေါ်ပေါက် လာပြီးနောက် သိသာစွာပြောင်းလဲမှုများ ဖြစ်ပေါ်လာတယ်။

ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုသည် သဘာဝအလျောက် သော်လည်းကောင်း၊ လူသားတို့ ပြုမူဆောင်ရွက်ချက်ကြောင့်သော် လည်းကောင်း ဖြစ်ပေါ်တယ်။ ကမ္ဘာ့ရာသီဥတုဖောက်ပြန် ပြောင်းလဲမှု ဟာ သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးမှုများနှင့်ရင်ဆိုင်လာရပြီး ကမ္ဘာ့လူသားများ၏ ကျန်းမာရေးအပေါ် စိန်ခေါ်မှုများဖြစ်စေတယ်။ ဒါကြောင့် ရာသီဥတုဖောက်ပြန်မှု ထိန်းချုပ်ရေးဆောင်ရွက်ချက်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆောင်ရွက်ချက်များ၊ ရာသီဥတု ဆိုင်ရာ ပြဿနာများကြောင့် လူသားတို့၏ ကျန်းမာရေးဆိုင်ရာစိန်ခေါ် မှုများကို သိရှိထားဖို့လိုတယ်။

ကမ္ဘာ့သမိုင်းကိုလေ့လာရာမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသော ကမ္ဘာ့နိုင်ငံများအနက် တရုတ်နိုင်ငံနဲ့စင်ကာပူနိုင်ငံတို့ရဲ့ ဖွံ့ဖြိုးတိုးတက် မှုအတွက် ရင်ဆိုင်ရတဲ့စိန်ခေါ်မှုတွေဟာ အရေးပါတဲ့အတွက် တစ်နိုင်ငံ ချင်း လေ့လာသင့်တယ်။

တရုတ်နိုင်ငံအကြောင်းကိုလေ့လာတဲ့အခါ တရုတ်နိုင်ငံထူထောင် ခြင်း၊ ခေတ်အဆက်ဆက် နိုင်ငံခေါင်းဆောင်များက ချမှတ်ဆောင်ရွက် ခဲ့သော မူဝါဒများနဲ့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များ၊ တိန့်ရှောင်ဖိန်၏ ပြုပြင်ပြောင်းလဲမှုများ၊ ပြည်တွင်း ပြည်ပစိန်ခေါ်မှု များကို လေ့လာသိရှိဖို့လိုအပ်တယ်။ ပြည်တွင်းပြည်ပစိန်ခေါ်မှုများကို လေ့လာတဲ့အခါ တရုတ်နိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက် ခြင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး၊ လူဦးရေဆိုင်ရာစိန်ခေါ်မှုများ အပြင် တရုတ်နိုင်ငံက အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ရပ်ဝန်း နှင့်လမ်းအစီအစဉ်-ဘီအာအိုင်ကိုလည်းသိဖို့ လိုအပ်တယ်။ အရေးပါတဲ့ အတွက် ကဏ္ဍအလိုက် ပိုင်းခြားလေ့လာသင့်တယ်။

စင်ကာပူနိုင်ငံအကြောင်းကို လေ့လာတဲ့အခါ စင်ကာပူနိုင်ငံ ထူထောင်ခြင်း၊ စင်ကာပူနိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုး တိုးတက်မှုများကိုဖော်ဆောင်ရာတွင် အဓိကဦးဆောင်ခဲ့သော ပီအေပီ ပါတီနဲ့ နိုင်ငံခေါင်းဆောင်များရဲ့ အခန်းကဏ္ဍ၊ နည်းပညာဖွံ့ဖြိုး တိုးတက်လာခြင်းဟာ စင်ကာပူနိုင်ငံရဲ့ စီးပွားရေးနဲ့လူမှုရေးတို့အပေါ် စိန်ခေါ်မှုများဖြစ်ပေါ်စေကြောင်းကိုလည်း သိထားဖို့လိုအပ်တယ်။

၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သမိုင်းဘာသာဖြေဆိုမည့် ကျောင်းသား ကျောင်းသူများကို မှာလိုတာကတော့ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးသမိုင်းဖတ် စာအုပ်ကို စနစ်တကျ ပြည့်ပြည့်စုံစုံလေ့လာထားရန် အရေးကြီးပါ တယ်။သမိုင်းဘာသာကိုလေ့လာရာတွင်သင်ခန်းစာတစ်ခုတည်းကိုသာ ရွေးချယ်မလေ့လာဘဲ သင်ခန်းစာအားလုံးကို လေ့လာသိရှိထားဖို့ လိုပါတယ်။ သမိုင်းကို နားလည်သဘောပေါက်ဖို့အတွက် သင်ခန်းစာ တိုင်းရဲ့ အဓိကအချက်များ၊ သမိုင်းစဉ်အချိတ်အဆက်များကို သေချာ ဖော်ထုတ်၍ လေ့လာသိရှိထားခြင်းက အထူးအရေးကြီးပါတယ်။ စာမေးပွဲဖြေဆိုချိန်မှာလည်း မေးခွန်းအကြောင်းအရာနှင့် သက်ဆိုင် သော အချက်အလက်များကိုသာ တိကျသေချာစွာဖြေဆိုရန်လိုအပ် ပါတယ်။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအားလုံး ကောင်းမွန်အောင်မြင်စွာ ဖြေဆိုနိုင်ကြပါ စေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

# ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၇၀၄၃၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**ပုသိမ် ဇန်နဝါရီ ၁၃**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် စပါး ၇၀၄၃၉ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပုသိမ်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုး ရာသီ၌ စပါး ၉၀၃၀၁ ဧကထိ စိုက်ပျိုးနိုင် ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သည့် စပါး စိုက်ခင်းများကို ၂၀၂၅ ခုနှစ် အောက်တို ဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် စပါး ၇၀၄၃၉ ဧကထိ ရိတ် သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်း ခဲ့သည့် စပါးတစ်ဧကလျှင် ၁၀၀ ဒသမ ၉၇ တင်းထိ ထွက်ရှိခဲ့ကြောင်း သိရသည်။

"ပုသိမ်မြို့နယ် မိုးသီးနှံစိုက်ပျိုးရာသီ မှာ စပါးစိုက်ပျိုးရာမှာလဲ စိုက်ပျိုးရေးဦးစီး ဌာနက စပါးတွေကို အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းမွန်စေဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ဖို့၊ ဓာတ်မြေဩဇာ အသုံးပြုနည်းစနစ်များ မှန်ကန်စေဖို့ စတဲ့နည်းပညာပေးလုပ်ငန်း တွေကို ကြိုတင်စီမံဆောင်ရွက်ပေးခဲ့ပါ တယ်။ မိုးသီးနှံစိုက်ပျိုးရာသီမှာ စပါး ၉၀၃၀၁ ဧကထိ စိုက်ပျိုးခဲ့တာဖြစ်ပါ တယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီး ဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေး ဦးစီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံ ခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီး ဌာန စသည့်ဌာနများက ပူးပေါင်းဆောင် ရွက်စိုက်ပျိုးခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်း မွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှု စီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ် သောကြောင့်စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး



ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ပုသိမ် ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍
ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင် သိရသည်။

**ကျော်ကျော်လင်း**

# ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ဧက ၁၂၂၁၀ စိုက်ပျိုးပြီးစီး၊ လျာထားဧကထက်ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ချောင်းဦး ဇန်နဝါရီ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံ ဧက ၁၂၂၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ချောင်းဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ဂျုံ ဧက ၁၂၂၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၁၂၂၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ချောင်းဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဂျုံ ဧက ၁၂၂၀၀ လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ဧက ၁၂၂၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဂျုံစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး အသိပညာပေးတာတွေ၊ ဂျုံအထွက်နှုန်းတိုးအောင်ရေသွင်းပြီး မြေဩဇာကျွေးဖို့၊ နှုန်းသားတွေ ပေါင်းရှင်းဖို့၊ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဂျုံများ အထွက်နှုန်းတိုးတက်ကောင်းမွန်စေရေး၊ အရည်အသွေးကောင်းဂျုံများ စနစ်တကျစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့်အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဂျုံစိုက်ပျိုးမှုအနေဖြင့် ဂျုံတစ်ဧကစိုက်ပျိုးပါက ငွေကျပ်သုံးသိန်းခန့် ကုန်ကျစရိတ်ရှိပြီး ဂျုံတစ်ဧကလျှင် ၂၁ တင်း ထွက်ရှိကြောင်း သိရသည်။

ဂျုံကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဂျုံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။

(၂၀၆)

# ငဖဲမြို့နယ် အိုးမြေခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ငဖဲ ဇန်နဝါရီ ၁၃**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မင်းလွင်ကျေးရွာအုပ်စု အိုးမြေခုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းဆောင်ရွက်ရခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာနေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ငဖဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ငုဝါရွှေနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၃၂ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အိုးမြေခုံကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၉ ဦးကို ငွေကျပ် ၂၃၄ ဒသမ ၅ သိန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦးကို ငွေကျပ် ၉၇ ဒသမ ၅ သိန်း စုစုပေါင်း အသင်းသားအသင်းသူ ၇၂ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၃၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဇင်မာ**

# မဲရုံတွင်ဆန္ဒမဲပေးခြင်းအတွက် သိရှိမှတ်သား ဆောင်ရွက်ရမည့်အချက်များ (အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံသို့ဝင်ရောက်သည့်အခါ မဲစာရင်းစစ်ဆေးသူထံ မိမိ၏အမည်နှင့် မဲစာရင်းအမှတ်စဉ်ကို ပြောပြပါ၊ အထောက်အထားအဖြစ် နိုင်ငံသားစိစစ်ရေးကတ်ကိုပြပါ၊
- မဲစာရင်းစစ်ဆေးသူက မိမိ၏အမည်ကို တွေ့ရှိပြီး မှန်ကန်လျှင် မဲစာရင်း၌လက်မှတ်ရေးထိုးပါ၊ သို့မဟုတ် လက်ဝဲလက်မဖြင့် လက်ဗွေနှိပ်ပါ၊
- လျှို့ဝှက်ဆန္ဒပြုခန်းအတွင်းသို့ဝင်၍ ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော် ကိုယ်စားလှယ်လောင်း၏ အမည်နှင့်သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြု ခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြုပါ၊
- ဆန္ဒပြုပြီးနောက် ဆန္ဒပြုစက်နှင့် ချိတ်ဆက်ထားသော မဲပေးချက်ဖော်ပြသည့်စက်မှ ပြသသည့်ဆန္ဒမဲဖြတ်ပိုင်းတွင် မိမိမဲပေးသည့် လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသားကို ကြည့်ရှုနိုင်သည်၊
- မိမိဆန္ဒပြုလိုသည့် လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးကိုသာ ဆန္ဒမဲပေးပါ၊
- မဲဆန္ဒနယ်တစ်နယ်တွင် လွှတ်တော်တစ်ရပ်စီအတွက် ဆန္ဒမဲ တစ်မဲစီသာပေးပါ၊
- မဲရုံမှ မထွက်ခွာမီ မဲပေးပြီးကြောင်း မင်တို့ပေးသည့် မဲရုံအဖွဲ့ဝင်ထံ သွားရောက်၍ သတ်မှတ်ထားသည့် လက်ချောင်းတစ်ချောင်းချောင်းတွင် မင်တို့ပါ၊
- မဲပေးပြီးပါက မဲရုံပရိဝုဏ်အတွင်းမှ ဆောလျင်စွာ ထွက်ခွာပါ။

“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”
“လွတ်လပ်မျှတ၊ မဲပေးကြ”

“အဂတိပယ်ခွာ ပြည်သာယာ”
Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm




## ပျောက်ဆုံးကြောင်း


ပြင်ဦးလွင်မြို့၊ ရေငယ်လမ်းဆုံအဝိုင်းအနီးနေ နန်းသန်းတင် (ဘ) ဦးမောင်ဘ(၁၃/ကမန(နိုင်)၀၅၆၂၇၆)၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-797105516**

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့၊ ရပ်ကွက်(၃)နေ မောင်စိန်ချီဟောက် (ဘ) ဦးစိန်ယုပေါက်(၁၃/ကခန(နိုင်)၀၈၉၀၀၇) နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-448594471**

## ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။



၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီးတောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။



# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် ''1111'' အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme-PFP) ကိုအသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများထံမှ Short Code နံပါတ် ''1111'' ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့်ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အဖွဲ့များက Short Code နံပါတ် ''1111'' ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီး ကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းက ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်



❖ အပူချိန်လျှော့ချရေးနှင့် ရာသီဥတုကောင်းမွန်စေရေးအတွက် ဆောင်ရွက်ရန်မှာ သစ်ပင်စိုက်ပျိုးခြင်းပင်ဖြစ်ပြီး ကျေးရွာ၊ ရပ်ကွက်တစ်ခုချင်းစီအလိုက် မိမိတို့ကျေးရွာ၏ အနီးဝန်းကျင်တွင် သစ်တောသစ်ပင် အနည်းဆုံးနှစ်ကေခန့် စိုက်ပျိုးခြင်းများကို ဆောင်ရွက်၍ Green Zone များ ဖော်ဆောင်ကြရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ခုနှစ် ဇူလိုင် ၁၀ ရက်တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် MSME လုပ်ငန်းရှင်များကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲပထမရက် စတင်ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၁၃**

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ(Oral Hearing)ကို ဇန်နဝါရီ ၁၂ ရက်မှ ၂၉ ရက်ထိ နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့ရှိ အပြည်ပြည်ဆိုင်ရာတရားရုံး၌ ပြုလုပ်လျက်ရှိသည်။

ကြားနာပွဲပထမရက်အဖြစ် ဇန်နဝါရီ ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် စတင်ကျင်းပရာ တရားရုံးဥက္ကဋ္ဌ၊

ဂမ်ဘီယာနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ အမှုနှင့်ပတ်သက်၍ ကြားနာပွဲ ပထမရက် ကျင်းပစဉ်။

ဒုတိယဥက္ကဋ္ဌ၊ တရားသူကြီး ၁၀ ဦးနှင့် နှစ်ဖက်အမှုသည်များက ခန့်ထားသည့် တရားသူကြီးနှစ်ဦး တက်ရောက်ကြသည်။

ကြားနာပွဲတွင် တရားရုံးဥက္ကဋ္ဌက အဖွင့်မိန့်ခွန်းပြောကြားပြီး ဂမ်ဘီယာနိုင်ငံ၏ ကိုယ်စားလှယ်(Agent)ဖြစ်သူ ရှေ့နေချုပ်နှင့် တရားရေးဝန်ကြီးက ရှင်းလင်းဆွေးနွေးပြောကြားကာ ဂမ်ဘီယာနိုင်ငံ၏ ပထမအကျော့လျှောက်လဲမှုအဖြစ် ဂမ်ဘီယာနိုင်ငံ၏ ရှေ့နေများက လျှောက်လဲခဲ့ကြကြောင်းနှင့် ဂမ်ဘီယာနိုင်ငံ၏ပထမအကျော့လျှောက်လဲခြင်းကို ဇန်နဝါရီ ၁၃ ရက် ဒေသစံတော်ချိန် ညနေ ၃ နာရီမှ ညနေ ၆ နာရီထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မန္တလေး-လားရှိုးလမ်းပိုင်းရှိ ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ် ခရီးသည်စီးနင်းမှုများပြား

**နေပြည်တော် ဇန်နဝါရီ ၁၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်တွင်းမှခရီးသွားလာမည့် ပြည်သူများ၊ နိုင်ငံခြားသား ခရီးသွားလာသူများကို သမိုင်းဝင် ဂုတ်ထိပ်တံတားကြီးအား လေ့လာကြည့်ရှုနိုင်ရန်နှင့် လမ်းခရီးရှိ ရေမြေတောတောင် သဘာဝရှုခင်းများ လေ့လာကြည့်ရှုနိုင်ရန် ဂုတ်ထိပ်(၁) ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်(၂) ဂုတ်ထိပ်-ပြင်ဦးလွင်ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ်ကို ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေ ရက်များတွင် ပြေးဆွဲပေးလျက်ရှိရာ ယနေ့ထိ ရထားခရီးစဉ် ၁၈ ခေါက်ပြေးဆွဲပေးခဲ့ပြီး ခရီးသည်ဦးရေ ၅၄၀၊ Package ဖြင့် စင်းလုံးငှားရမ်းမှုတွင် ခရီးသည် ၂၄ ဦး လိုက်ပါစီးနင်းနိုင်သည့် RBE အထက်တန်းတွဲခရီးစဉ် ခြောက်ကြိမ်နှင့် ခရီးသည်ဦးရေ ၄၀ လိုက်ပါစီးနင်းနိုင်သည့် RBE ရိုးရိုးတန်းတွဲခရီးစဉ်နှစ်ကြိမ်ဖြစ်၍ ခရီးသည် ၂၂၄ ဦးနှင့် ဇန်နဝါရီ ၁၂ ရက်က ပြင်ဦးလွင်မြို့ရှိ Snow Queen ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမဦးရေ ၂၁၀ အတွက် ရိုးရိုးတန်းသုံးတွဲနှင့် အထက်တန်းတစ်တွဲဖြင့် ဖွဲ့ဆင်၍ စင်းလုံးငှားရထားဖြင့် ပို့ဆောင်ပြေးဆွဲပေးခဲ့ပြီး စတင်ပြေးဆွဲခဲ့သည့် အချိန်မှ ယနေ့ထိ

စာမျက်နှာ ၂၁ ကော်လံ ၁ ☆



၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ သမိုင်းဘာသာရပ်သိကောင်းစရာ စာမျက်နှာ - ၂၈

၂၀၂၆ ခုနှစ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးတက္ကသိုလ်ဝင်စာမေးပွဲအတွက် နမူနာမေးခွန်းပုံစံ စာမျက်နှာ - ၁၀

နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ငါးဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက် စာမျက်နှာ - ၂၃

